# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


သင်မှီခိုရာ၊ ကျွန်းသာယာကို
မြန်စွာပြုစု ဖန်တီးလော့။
လျင်စွာ လုံးပန်း ပညာစွမ်းကို
မပန်း မမော ပြပါလော့။
ညစ်ကြေး မှုတ်ပစ် ကိလေညစ်တို့
ကင်းလစ်သောခါ သံသရာ၌
မွေးကာ အိုရ ဤဘဝကို
ရဖို့ တစ်ဖန် မရှိပြီ။

မလဝင်
အညစ်အကြေး-၂၃၈
(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၂၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၃၀)


# ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် နိုင်ငံအဝန်း ဘုရားစေတီများ၌ ကုသိုလ်ပြုသူများဖြင့် စည်ကား



**နေပြည်တော်  မေ  ၂၁**

ဖွား၊ ပွင့်၊ ဟော၊ စံ၊ ဗျာဒိတ်ခံ ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်သည်။ ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့တွင် နိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဥပုသ်သီတင်း သီလဆောက်တည်ကြပြီး ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း တွေ့ရသည်။

ကဆုန်လပြည့်နေ့၏ ထူးခြားချက်မှာ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်းဆိုသည်နှင့်အညီ သုံးလောကထွတ်ထားသဗ္ဗညုမြတ်စွာဘုရား ဗျာဒိတ်ခံယူသောနေ့၊ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့၊ ပရိနိဗ္ဗာန်စံသောနေ့ ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံသောကြောင့် ဤနေ့ကို ကဆုန်လပြည့်ဗုဒ္ဓနေ့ဟု ခေါ်ဆိုကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❍

**ကဆုန်လပြည့်နေ့တွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်၌ ယောဂီဝင်များ ညောင်ရေသွန်းလောင်းနေစဉ်**
ဓာတ်ပုံ-ဇော်မင်းလတ်

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ ဆိုချီနှင့် မော်စကိုမြို့၌ လှည့်လည်ကြည့်ရှုလေ့လာ

စာမျက်နှာ-၈

# အာဆီယံ-ရုရှား စီးပွားရေးကောင်စီမှတစ်ဆင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ ထိတွေ့မှုမြှင့်တင်ရန် သဘောတူ

**မော်စကို  မေ  ၂၁**

နှစ်(၂၀)ပြည့် အာဆီယံ-ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးတွင် ဆိုချီကြေညာချက်တစ်စောင်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ် Comprehensive Plan Of Action (2016-2020) ကို ထုတ်ပြန်ခဲ့သည်။

ဆိုချီကြေညာချက်တွင် မိတ်ဖက်ဆက်ဆံရေး တိုးတက်အောင်ဆက်လက်ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ လက်ရှိပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သည့် အရှေ့အာရှထိပ်သီးညီလာခံ၊ အာဆီယံဒေသတွင်းဖိုရမ်၊ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးစသည့် အာဆီယံဦးဆောင်သော လုပ်ငန်းစဉ်များအပေါ် ထိတွေ့ဆောင်ရွက်မှုတိုးမြှင့်သွားရန်တို့ ပါဝင်သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ◆




# ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်များ၏ ဦးတည်ချက်များ

တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော နိုင်ငံတော်အစိုးရသည် ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ဤပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်များ၏ အနှစ်သာရ အဓိပ္ပာယ်သဘောကို သိရှိရန်လိုအပ်ပါသည်။ ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်များ၏ ပင်မဦးတည်ချက်သည် ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့အစိုးရသည် ပြည်သူလူထုအတွက် စွမ်းစွမ်းတမံဆောင်ရွက်နေသည်ကို ပြည်သူလူထုအနေဖြင့် လေးလေးနက်နက် သဘောပေါက်ခံယူသက်ဝင်ယုံကြည်လာစေရန်ဖြစ်ပါသည်။ အကြောင်းအရင်းကား ရှင်းပါသည်။ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုစွမ်းပကားကို မဆုပ်ကိုင်နိုင်ပါက နိုင်ငံတော်အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အားမာန်အပြည့် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုကို ဆုပ်ကိုင်နိုင်ရန် အခြေခံလိုအပ်ချက်သည် ပြည်သူလူထု၏ သက်ဝင်ယုံကြည်မှုဖြစ်ပါသည်။

ကိစ္စရပ်တိုင်း ကိစ္စရပ်တိုင်း၌ ပင်မဦးတည်ချက်နှင့်အတူ ကွဲကူးရေပါတွဲပါလာသော ဆင့်ပွားဦးတည်ချက်များရှိပါသည်။ ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်များ၌လည်း ဤသဘောတရားကို တွေ့ရပါသည်။ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးအနေဖြင့် ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ မြင်သာသော ဆင့်ပွားဦးတည်ချက်သည် နိုင်ငံ့ဝန်ထမ်းများ၏ စိတ်အားတက်ကြွမှုကို အရှိန်အဟုန်မြှင့်တင်ရန် နှိုးဆော်လိုက်ခြင်းဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် တာဝန်ကျေပွန်ရုံဆောင်ရွက်မည်ဟူသော စိတ်ဓာတ်မှသည် တိုင်းပြည်နှင့်လူမျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်မည်ဟူသော စိတ်ဓာတ်သို့ ပြောင်းလဲကျင့်သုံးရန်လိုအပ်ပါသည်။ ဤသို့ စိတ်ဓာတ်ခံယူချက် ပြောင်းလဲရာ၌ နိုင်ငံ့ဝန်ထမ်းများကြား စိတ်အားတက်ကြွမှုဖန်တီးရေးသည် မရှိမဖြစ်အခြေခံလိုအပ်ချက်ဖြစ်သည်။

တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မိမိရရ ခိုင်ခိုင်မာမာ ဆုပ်ကိုင်ရာ၌ ပြည်ထောင်စုယန္တရားတစ်ရပ်လုံး၏ စွမ်းဆောင်ရည် မြင့်မားရေးသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုချင်းအလိုက် အားနည်းနေသော လုပ်ထုံးလုပ်နည်းများ၊ ကွင်းဆက်ပြတ်နေသော ဌာနဆိုင်ရာချိတ်ဆက်မှုများ၊ ဖြည့်စွက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များ စသော စသော လိုအပ်ချက်များကို ပိုမိုမြင်တွေ့သိရှိလာမည်ဖြစ်ပါသည်။ ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုချင်းအလိုက် ပကတိလိုအပ်ချက်များကို ပြည့်ပြည့်စုံစုံသိရှိရေးသည် စွမ်းဆောင်ရည် မြင့်မားရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်၌ ကျေးလက်အခြေပြုဆေးခန်းများ ဖွင့်လှစ်ခြင်းပါဝင်သကဲ့သို့ ဆရာဝန်ကျင့်ဝတ်နှင့်အတူ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပါဝင်ပါသည်။ ဤပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်လုပ်ငန်းများသည် ရေရှည်၌လည်း ဆက်လက်အကောင်အထည်ဖော်ရမည့် လုပ်ငန်းများဖြစ်၍ ပထမ ရက် ၁၀၀ အတွေ့အကြုံအပေါ်မူတည်ပြီး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်ခံယူချက် ပြောင်းလဲလာရေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံး၏ စိတ်ဓာတ်ခံယူချက် ပြောင်းလဲလာရေးသည်လည်း လိုအပ်ပါသည်။ ဆင်ခြင်သုံးသပ်ကြည့်ပါက ပြည်သူလူထု၏ စိတ်ဓာတ်ခံယူချက်ပြောင်းလဲရေးသည် နိုင်ငံ့ဝန်ထမ်းတို့၏ စိတ်ဓာတ်ခံယူချက်ပြောင်းလဲရေးနှင့် ဆက်စပ်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းများက အဂတိတရားမဖက် တိုင်းပြည်အတွက် တိတိကျကျ တာဝန်ထမ်းဆောင်ပါက ကျင့်ဝတ်စည်းကမ်းဖောက်ဖျက်လိုသော ပြည်သူအချို့၏ဆန္ဒဆိုးကို ဟန့်တားရိုက်ချိုးနိုင်မည်ဖြစ်ပါသည်။ တိုက်တွန်းလိုသည်မှာ တိုင်းပြည်အတွက် ကောင်းကျိုးအဖြာဖြာနှင့်ပြည့်စုံသော ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်များကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ကြရန်ဖြစ်ပါသည်။




## ရွှေ့ပြောင်းနေထိုင်သူများအား ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုး ဆောင်ရွက်ပေးလျက်ရှိ

ဂန့်ဂေါ မေ ၂၁

ဂန့်ဂေါမြို့နယ်တွင် ရက်ပေါင်း ၁၀၀ အတွင်း ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုးကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက စီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့၊ ရပ်ကွက်၊ ကျေးရွာအလိုက် စာရင်းကောက်ယူရေးအဖွဲ့တို့ကို ဖွဲ့စည်းကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ဂန့်ဂေါမြို့နယ်တွင် အဆိုပါအဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ ရှင်းလင်းဆွေးနွေးပွဲကို မေလတတိယပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်အထိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ခြောက်အုပ်စုမှ ရွှေ့ပြောင်းနေထိုင်သူ ၁၀၁ ဦးအတွက် စိစစ်မေးမြန်းထားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

### ထင်သာမြင်သာ ပြုပြင်စရာ

## လမ်းပေါ်ကျနေသည့် ဆက်သွယ်ရေးကြိုးကြောင့် အများပြည်သူသွားလာရေးအခက်ကြုံ



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ် ကားလမ်းနံဘေး အမှတ် (၁၅) မူလတန်းကျောင်းရှေ့ကားလမ်းပေါ်သို့ ဆက်သွယ်ရေးတိုင် ကျိုးကျ၍ ဆက်သွယ်ရေးကြိုးများ လမ်းပေါ်ကန့်လန့်ဖြတ်ကျနေသည်မှာ လချီကြာမြင့်နေပြီဖြစ်သည့်အတွက် နေ့စဉ် ဖြတ်သန်းသွားလာနေသော ပြည်သူများနှင့် ယာဉ်များ အခက်အခဲကြုံတွေ့နေရလျက်ရှိကြောင်း သိရသည်။

"လမ်းပေါ်ကြိုးတွေပြုတ်ကျနေတာ ဧပြီ ၁၉ ရက်ကတည်းကပါ။ နေ့ပိုင်းမြင်နေရတော့ ရှောင်သွားလို့ရပေမယ့် ညပိုင်း ကြိုးနဲ့ချိတ်မိပြီး ဆိုင်ကယ်မှောက်တာသုံးကြိမ်ရှိပြီ။ ဒဏ်ရာတွေရကြတယ်။ ညပိုင်းဖြတ်ဖြတ်သွားတဲ့ကားတွေလည်း ငြိမိလို့ အထိတ်တလန့်ဖြစ်ကြတယ်။ ဓာတ်ကြိုးမဟုတ်မှန်းသိလို့ ဖယ်ရှားဖြတ်တောက်ချင်ပေမယ့် ဘယ်သူမှ မလုပ်ရဲကြဘူး။ ရပ်ကွက်ကလည်း မလုပ်ပေးနိုင်တော့ တစ်လကျော်သွားပြီ။ ဒီအတိုင်း လမ်းပေါ်တင်နေတယ်။ ကျောင်းဖွင့်တော့မယ်ဆိုတော့ ကလေးတွေအတွက် ပိုပြီးအခက်အခဲရှိနိုင်တယ်" ဟု ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ရန်ကုန် - ပုသိမ် ကားလမ်းနံဘေး အမှတ်(၇)ရပ်ကွက်၏ အမှတ်(၁၅)မူလတန်းကျောင်းရှေ့လမ်းပေါ်တွင်ကျနေသော ဆက်သွယ်ရေးကြိုးအား လာရောက်ဖယ်ရှားပြုပြင်ပေးရန် ရပ်ကွက်ပြည်သူတို့က လိုလားလျက်ရှိသည်။

(၁၆၄)

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၁-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၆၈၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၉၀ / ၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၃၀ / ၅၅၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၁.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၄၉.၄၇ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၅၂ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၇.၇၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၌ ဆဋ္ဌသင်္ဂါယနာ နှစ် (၆၀)ပြည့် မဟာမင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၁**

ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့် ဆဋ္ဌသင်္ဂါယနာ နှစ်(၆၀)ပြည့် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)တွင် ကျင်းပသည်။

အခမ်းအနားတွင် အဘိဓဇ မဟာရဋ္ဌဂုရု တိပိဋကဩဝါဒါစရိယ လှိုင်သာယာ သာသနာ့ဂုဏ်ရည်ကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ပညိဿရာဘိဝံသထံမှ သီလခံယူဆောက်တည်ကြပြီး အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံဂေါပက ဩဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိလောကာ ဘိဝံသထံမှ ကဆုန်လပြည့် ဗုဒ္ဓနေ့နှင့် သင်္ဂါယနာ သမိုင်းကြောင်းကို နာကြားကြသည်။

ဆက်လက်၍ ဆဋ္ဌသင်္ဂါယနာ မင်္ဂလာသဘင်ကြီး၌ ပထမကျော် ဦးဆိုင်ကျော် ရေးသားရွတ်ဖတ်ပူဇော်ခဲ့သည့် သင်္ဂါယနာပူဇနိယ မင်္ဂလာထောမနာဂါထာတော်များကို ပထမကျော် ဦးစံသင်းလှိုင်က ပြန်လည်ဖတ်ကြားပူဇော်သည်။



ထို့နောက် မူလ ဆဋ္ဌသင်္ဂါယနာ တင်ပုံကိုနာယူကြည်ညိုကြပြီး ပရိယတ္တိ ဝန်ဆောင် ဆရာတော်များက သင်္ဂါယနာ ပူဇော်ခြင်း သာသနာ့ပူဇာ မဟာ သင်္ဂီတိပူဇာ (အမေး၊ အဖြေ)ကို ပြုလုပ်ရာ သဘာပတိ အဘိဓဇ မဟာရဋ္ဌဂုရု သာသနာ့ဂုဏ်ရည် ဆရာတော်၊ သင်္ဂီတိ ပုစ္ဆက (အမေး)ကို အရှင်ဇာနေယျ မေးမြန်းလျှောက်ထားရာ သင်္ဂီတိ ဝိဿဇ္ဇက (အဖြေ)ကို အရှင်ဇနိတာလင်္ကာရာဘိဝံသက ဖြေကြားသည်။

ယင်းနောက်ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဝမ်းမြောက်ကြောင်းစကား လျှောက်ထားပြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် အဘိဓဇ မဟာရဋ္ဌဂုရု သဘာပတိ သရက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကေသရက နိဂုံးချုပ် ဩဝါဒကထာ မိန့်ကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ အခမ်းအနားကို ဘုရားကြီး၏ ဂေါပကအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ပင့်သံဃာအပါး ၁၂၀၊ သီလရှင်အပါး ၅၀ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆဋ္ဌသင်္ဂါယနာ၏ ထူးခြားချက်မှာ ပထမမှ ပဥ္စမတိုင်အောင် သင်္ဂါယနာများသည် ကိုယ့်ဒေသ ကိုယ့်နိုင်ငံအတွင်းဆိုင်ရာ ပရိသတ်နှင့် ကျင်းပခွင့်ရရှိခဲ့ပြီး ဆဋ္ဌသင်္ဂါယနာအား မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ သီရိလင်္ကာ စသည့် ထေရဝါဒနိုင်ငံ ငါးနိုင်ငံ အပါအဝင် အိန္ဒိယ၊ နီပေါ၊ ဗီယက်နမ်၊ တရုတ်စသော ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာနိုင်ငံများမှ ရဟန်းသံဃာတော်များ ကြွရောက်ပူးပေါင်းပါဝင်ခြင်း၊ ဗုဒ္ဓဘာသာနိုင်ငံမဟုတ်သည့် အင်္ဂလန်၊ ပါကစ္စတန်၊ ဂျာမနီ၊ ဂျပန်၊ မလေးရှား၊ အမေရိကန်၊ အင်ဒိုနီးရှားစသည့် ကမ္ဘာအရပ်ရပ်မှ နိုင်ငံခေါင်းဆောင်များ၊ အသင်းအဖွဲ့များကိုယ်တိုင် တက်ရောက်အားပေး သဝဏ်လွှာဖတ်ကြားခြင်း၊ ပေးပို့ခြင်းများ ပြုခဲ့ကြကြောင်းသိရသည်။

**(သတင်းစဉ်)**

# သီပေါဒေသမှ တိုက်ပွဲရှောင်သွေးချင်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှဆန်နှင့်စားဖွယ်များကူညီ

**သီပေါ မေ ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ္မ၊ ဟူးမြီ၊ ဆိုင်းလိုင်ကျေးရွာအုပ်စုများ၌ တိုက်ပွဲများဖြစ်ပွားနေမှုကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ တိမ်းရှောင်ထွက်ပြေးနေကြရာ ကွန်ခိုက်(နမ့်အွန်) ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ၂၇၄ ဦး၊ အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်းတိုက်၌ ၇၀ နှင့် ခန္တီရာမစာသင်တိုက် ဘုန်းတော်ကြီးကျောင်း၌ ရဟန်းတော်နှစ်ပါးနှင့် ရှင်သာမဏေ ၉၂ ပါးတို့ တိုက်ပွဲရှောင် လာရောက်ခိုလှုံလျက်ရှိကြောင်း သိရသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိုင်းရင်းသားသွေးချင်းများအပေါ် စာနာထောက်ထားကရုဏာထားကာ ဆန်၊ ဆီ၊ ဆားနှင့် ရေသန့်ဘူးများ၊ စားသောက်ဖွယ်ရာများကို ကူညီထောက်ပံ့ခဲ့သဖြင့် မေ ၂၁ ရက် မွန်းလွဲ ၂ နာရီ က သီပေါမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်လှိုင်၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ဒေါက်တာနှင့် တာဝန်ရှိသူများသည် အဆိုပါ ကျေးရွာအုပ်စုနှင့် ဘုန်းတော်ကြီးကျောင်းတိုက်များသို့ သွားရောက်၍ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပြီး အားပေးစကားပြောကြားခဲ့သည်။

တိုက်ပွဲရှောင်ပြည်သူများ၏ ကျန်းမာရေးအတွက် သီပေါဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ယာယီ ဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ဧဝရက်တောင်ထိပ်တွင် မြန်မာနိုင်ငံအလံ လွှင့်ထူနိုင်ခဲ့သော မြန်မာတောင်တက်သမားနှစ်ဦး Base Camp သို့ အောင်မြင်စွာရောက်ရှိ

**ရန်ကုန် မေ ၂၁**

မြန်မာတောင်တက်သမားနှစ်ဦး၏ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုကြောင့် ကမ္ဘာ့အမြင့်ဆုံးဧဝရက်တောင်ထိပ်တွင် မြန်မာနိုင်ငံအလံနှင့် ထူးဖောင်ဒေးရှင်းအလံတို့ကိုလွှင့်ထူကာ မြန်မာနိုင်ငံအမည်ကို ရေးထိုးနိုင်ခဲ့သော မြန်မာတောင်တက်သမားနှစ်ဦးသည် ယနေ့နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းတို့တွင် Base Camp သို့အောင်မြင်စွာရောက်ရှိခဲ့ရာ တောင်တက်ခရီးအတွက် ရာနှုန်းပြည့်အောင်မြင်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှသိရသည်။

မြန်မာလူငယ်တောင်တက်သမား ကိုပြည့်ဖြိုးအောင်သည် ယနေ့နံနက်ဒေသစံတော်ချိန် ၁၁ နာရီ မိနစ် ၂၀ တွင် တောင်ခြေစခန်း(Base Camp)သို့ရောက်ရှိသည်။ ထပ်မံ၍ ရှေ့နောက်လိုက်လာသော တောင်တက်သမား ကိုဝင်းကိုကိုသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် လုံခြုံဘေးကင်းစွာဖြင့် Base Camp သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ ရောက်ရှိလာသော မြန်မာတောင်တက်သမားနှစ်ဦးစလုံးသည် ကျန်းမာရေးကောင်းမွန်စွာရှိကြောင်း ဧဝရက်တောင်ခြေစခန်းမှသိရသည်။ ထို့ပြင် တောင်ထိပ်ရောက် မြန်မာနိုင်ငံအလံ၊ ထူးဖောင်ဒေးရှင်းအလံနှင့် မြန်မာနိုင်ငံအမည်လက်မှတ်ရေးထိုးခဲ့သော မှတ်တမ်းဓာတ်ပုံများအား လူမှုကွန်ရက်စာမျက်နှာများတွင် ဂုဏ်ယူစွာဖော်ပြခဲ့ကြောင်း သိရသည်။

Camp 2 မှ Base Camp သို့ ဆက်လက် ဆင်းသက်ခဲ့ရာတွင် တောင်ပေါ်ရာသီဥတု၏ ဆီးနှင်းများပိတ်မှောင်နေခြင်း၊ တစ်ဦးနှင့်တစ်ဦး ရှေ့နောက် မမြင်ရခြင်းတို့ ဖြစ်ပေါ်ကြုံတွေ့ခဲ့ရကြောင်း၊ နိုင်ငံခြားသား တောင်တက်သမားများ အတက်ဘက်တွင် များပြားနေခြင်းဖြစ်၍ အချိန်ပေးစောင့်ဆိုင်းကာ ဆင်းခဲ့ရကြောင်း၊ ထို့ပြင် မမျှော်မှန်းနိုင်သော တောင်ပေါ်ရာသီဥတုသဘာဝဘေးကို အမြဲသတိချပ်၍ ဆင်းခဲ့ရကြောင်း သိရသည်။

ယနေ့ တောင်တက်စခန်း၏ သတင်းပေးပို့မှုအရ Camp 3 နှင့် Camp 4 ကြားတွင် တောင်တက်သမားများ များပြားကာ ပိတ်မိနေကြကြောင်း သိရသည်။ နီပေါအစိုးရ၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ တောင်တက်သမား ၃၀၀၀ ကျော်ခန့်ဧဝရက်တောင်သို့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီးဖြစ်ကြောင်းနှင့် လက်ရှိကာလတွင် နိုင်ငံတကာ တောင်တက်သမား ၁၅၀ ခန့် တက်ရောက်နေကြကြောင်း ဧဝရက်တောင်စခန်း (မြန်မာ) မှသိရသည်။

ယခုအခါတွင် တောင်တက်အားကစားဖြင့် မြန်မာနိုင်ငံအလံကို ဧဝရက်တောင်ထိပ်သို့ လွှင့်ထူကာ ကြိုးပမ်းနိုင်ခဲ့ကြသော မြန်မာတောင်တက်သမား ကိုပြည့်ဖြိုးအောင်၊ ကိုဝင်းကိုကိုနှင့် ကျန်းမာရေးအခြေအနေကြောင့် Base Camp တွင် ကျန်ကာ သတင်းအချက်အလက်များ မြန်မာနိုင်ငံသို့ ပေးပို့နိုင်ခဲ့သော ကိုညီညီတို့သုံးဦးအား ဧဝရက်တောင် Base Camp သို့သွားရောက်ကြိုဆိုရန် မြန်မာနိုင်ငံခြေလျင်နှင့်တောင်တက် အဖွဲ့ချုပ် နာယက၊ ထူးဖောင်ဒေးရှင်း နာယက ဦးတေဇ ဦးဆောင်သောအဖွဲ့သည် မေ ၂၀ ရက် ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စတင်ထွက်ခွာခဲ့ရာ မေ ၂၁ ရက်တွင် ဗန်ကောက်မြို့မှတစ်ဆင့် နီပေါနိုင်ငံ မြို့တော် ခတ်တမန်ဒူသို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုမှတစ်ဆင့် ဧဝရက်တောင် Base Camp သို့သွားရောက်ရန် လူကလာ သို့ မေ ၂၂ ရက်တွင် ခရီးဆက်ထွက်သွားမည်ဖြစ်ကြောင်း ထူးဖောင်ဒေးရှင်း အဖွဲ့မှသိရသည်။

ဧဝရက်တောင်ထိပ်တွင် မြန်မာနိုင်ငံအလံကို လွှင့်ထူကာ မြန်မာနိုင်ငံအမည်အား ရေးထိုးနိုင်ခဲ့ကြသော မြန်မာတောင်တက်သမားများ၏ တောင်တက်ခရီးစဉ် တစ် လျှောက် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နာယက ဦးတေဇ ဦးဆောင်သော ထူးဖောင်ဒေးရှင်းနှင့် ထူး ကုမ္ပဏီများအုပ်စုတို့မှ အဓိကပံ့ပိုးကူညီခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါတွင်လည်း အောင်မြင်ခဲ့သော တောင်တက်သမားများအား Base Camp အထိ သွားရောက်ကြိုနေပြီဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



ဧဝရက်တောင်ထိပ်၌ မြန်မာနိုင်ငံအလံလွှင့်ထူနေသော မြန်မာတောင်တက်သမား ကိုပြည့်ဖြိုးအောင်အား တွေ့ရစဉ်

# ဆဋ္ဌသင်္ဂါယနာ နှစ်(၆၀)ပြည့် ဗုဒ္ဓါဘိသေကအနေကဇာတင်၊ မဟာဗောဓိညောင်ပင်များကို ညောင်ရေသွန်းလောင်း

**နေပြည်တော် မေ ၂၁**

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် သာသနာတော်နှစ် ၂၅၇၀ ပြည့်နှစ် ယနေ့တွင် ကျရောက်သော ကဆုန်လပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရားရှင် ဗျာဒိတ်တော်ခံယူသော နေ့၊ ဖွားမြင်တော်မူသောနေ့၊ ဘုရားဖြစ်တော်မူသောနေ့နှင့် ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့ ဖြစ်သည့်အပြင် ယနေ့ကဆုန်လပြည့်နေ့သည် ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲကြီး၏ နှစ်(၆၀)ပြည့်သည့်နေ့လည်း ဖြစ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇနီး ဒေါ်ကြူကြူလှနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများသည် ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ဇေယျာသီရိကုန်တိုက်ရှေ့ရှိ လောကချမ်းသာဆုတောင်းပြည့်အသင်းဘုရားကြီးတွင် မဟာဗောဓိညောင်ပင်များကို ညောင်ရေသွန်းလောင်းပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ခဲ့ကြသည်။

ထို့ပြင် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲကြီး၏ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ မိသားစုဝင်များ၏ ဘုရားအနေကဇာတင် အလှူတော်မင်္ဂလာအခမ်းအနားကို နံနက်ပိုင်းတွင် နဝဒေးခန်းမ၌ ပြုလုပ်ရာ ကန်ဦးပရိယတ္တိစာသင်တိုက်ဆရာတော် သာသနဓဇဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ဗုဒ္ဓရုပ်ပွားတော် ၄၁၄ ဆူအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ် ဝင်းသိန်း အမှူးပြုသောအရာရှိ၊ စစ်သည်၊ မိသားစုဝင်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များနာယူကြကာ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(မြဝတီ)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇနီး ဒေါ်ကြူကြူလှနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးတို့ ညောင်ရေသွန်းလောင်းစဉ်
(ဓာတ်ပုံ-မြဝတီ)

❍ *ရှေ့ဖုံးမှ*

ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် နေပြည်တော်ရှိ ဘုရားပုထိုးစေတီများဖြစ်သည့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၌ နံနက်ပိုင်းတွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းသည့် ဘုရားဖူးကုသိုလ်ကောင်းမှု ပြုသူများနှင့် စည်ကားလျက်ရှိသည်။ ထို့ပြင် ပျဉ်းမနားမြို့ရှိ စိုးလှုပ်စစ်ဖောင်ဒေးရှင်းမှ အေးငြိမ်းချမ်းသာ ဂိလာနဘိုးဘွားရိပ်သာမှ ဘိုးဘွားများအား စေတီတော်ရင်ပြင်အရောက် ဝှီးချဲများနှင့် ဘုရားဖူးပို့ဆောင်ပေးခဲ့သည်ကို တွေ့ရသည်။ ညနေ ၅ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်အား အဋ္ဌမအကြိမ် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူ ဓာတုဇယဓာတ်ပေါင်းစုစေတီ၌လည်း ယနေ့ညနေပိုင်းတွင် အနီးရှိ ဝန်ထမ်းရပ်ကွက်များမှ ဝန်ထမ်းများက ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း၊ ညောင်ရေသွန်းလောင်းခြင်းများဖြင့် ကုသိုလ်ပြုကြသည်ကို တွေ့ရှိရသည်။

ထို့အတူ အောင်မောဠိတောင်ညွန့်၌ တည်ထားကိုးကွယ်သော မဟာသကျရံသီရုပ်တော်မူဘုရားနှင့် နေပြည်တော် ဗုဒ္ဓဂယာသံဝေဇနီယလေးဌာနတို့တွင်လည်း စုပေါင်းညောင်ရေသွန်းလောင်းခြင်း၊ ဘုရားဖူးကုသိုလ်ပြုသူများနှင့် စည်ကားလျက်ရှိသည်။ အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆုတောင်းပြည့် လောကမာရဇိန်၊ ကိုးနဝင်းဆုတောင်းပြည့်စေတီ၊ ရန်အောင်မြင်ရွှေလက်လှစေတီ၊ စူဠာမဏိစေတီ၊ ဖောင်တော်ချက်မစေတီ၊ ရွှေရင်မျှော်စေတီ စသည့် တန်ခိုးကြီးဘုရားများနှင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ဘုရားစေတီများတွင် တရားဘာဝနာအားထုတ်ကြသူများ၊ ကုသိုလ်ပြုကြသူများ၊ ညောင်ရေသွန်းလောင်းသူများနှင့် စည်ကားလျက်ရှိသည်။



ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ကဆုန်ညောင်ရေသွန်းလောင်းကြစဉ်
(ဓာတ်ပုံ-သတင်းစဉ်)

ထို့အတူ ရွှေတိဂုံစေတီတော်မြတ်ကြီး၏(၃၃)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို ယနေ့နံနက် ၅ နာရီမှစတင်ကာ စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ခြင်း၊ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များက ညောင်ရေအိုးများ ကိုယ်စီကိုင်ဆောင်ပြီး စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ခြင်း၊ စေတီတော်ရင်ပြင်အင်္ဂါထောင့်ရှိ မဟာဗောဓိညောင်ပင်၌ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေကအနေကဇာတင်ပြီး ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့အပြင် မဟာဝိဇယစေတီတော်၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၊ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)တို့၌ ဝတ်အသင်းအဖွဲ့များ ဝတ်ရွတ်ပူဇော်ခြင်း၊ ဆရာတော်သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူခြင်းများ ပြုလုပ်ပြီး မဟာဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းကြသည်။

ထို့အပြင် ဆူးလေစေတီတော်၊ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်ကျိုက္ကဆံစေတီတော်၊ မိုးကောင်းစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ မယ်လမုဘုရား၊ ဥက္ကလာပစေတီတော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့ကျိုက္ကလဲ့စေတီတော်၊ သန်လျင်မြို့နယ်ရှိ ကျိုက်ခေါက်စေတီတော်၊ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရားနှင့် မြို့နယ်အသီးသီးရှိ ဘုရားပုထိုးစေတီတို့၌ ဗုဒ္ဓအခါတော်နေ့၌ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားများကျင်းပကြပြီး မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ရာတွင် ဘုရားဖူးလာပြည်သူများ အဆင်ပြေစေရန်အတွက် စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက ညောင်ရေအိုး၊ အမွှေးနံ့သာရည်များကို စီစဉ်ပေးထားကြောင်း တွေ့ရသည်။

ထို့ပြင် ဘုရားစေတီများနှင့် မြို့နယ်၊ ရပ်ကွက်များရှိ ဓမ္မာရုံများ၊ လမ်းများ၌ စေတနာရှင် အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် မော်တော်ယာဉ်လိုင်းအချို့နှင့် အငှားယာဉ်အချို့ကလည်း ရဟန်းသံဃာများ၊ သီလရှင်များ၊ ဘုရားဖူးလာပြည်သူများအား အဆင်ပြေချောမွေ့သွားလာနိုင်စေရန်အတွက် အခမဲ့ပြေးဆွဲပေးလျက်ရှိကြောင်း တွေ့ရသည်။

ကဆုန်လပြည့်နေ့ နံနက်အာရုဏ်တက်မှစ၍ မန္တလေးပြည်သူများသည် မဟာမုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကာ ပန်းဆီမီး၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး တောင်ဘက်စောင်းတန်းရှိ ဗောဓိပင်အား ရေစင်သွန်းလောင်းကာ ညောင်ရေသွန်းပွဲတော်ကြီးကို ပျော်ရွှင်စွာကျင်းပကြသည်။

ထို့အတူ ချမ်းအေးသာစံမြို့နယ်ရှိ မဟာသကျသီဟရုပ်ပွားတော်မြတ်ကြီး၊ အောင်တော်မူမြတ်စွာဘုရား၊ ဆုတောင်းပြည့်မြတ်စွာဘုရား၊ အောင်မြေသာစံမြို့နယ်ရှိ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ မန္တလေးတောင်တော်နှင့် တောင်ခြေရှိ ကုသိုလ်တော်ဘုရား၊ စန္ဒမုနိနှင့် ကျောက်တော်ကြီးဘုရား၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ရွှေကြက်ယက်၊ ရွှေကြက်ကျမြတ်စွာဘုရားတို့တွင် ကဆုန်ညောင်ရေသွန်းပွဲတော် စည်ကားစွာကျင်းပခဲ့ပြီး နိဗ္ဗာန်ဈေးပွဲတော်၊ စတုဒိသာကျွေးမွေးခြင်းတို့ကိုလည်း ပျော်ရွှင်စွာပြုလုပ်ကြသည်။

ယခုနှစ်တွင် ညနေ ၅ နာရီမှစ၍ မန္တလေးကျုံးပတ်လည်ထောင့်များတွင် သံဃာတော်များက အန္တရာယ်ကင်းကမ္မဝါများ ရွတ်ဖတ်ကြရာ မန္တလေးမြို့လုံးအနှံ့ ကုသိုလ်ကောင်းမှုပြုသူများနှင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)၊**
**မင်းထက်အောင်(မန်းကိုယ်ပွား)**



မန္တလေးမြို့ မဟာမုနိဘုရားကြီး တောင်ဘက်စောင်းတန်းရှိ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းကြစဉ်
(ဓာတ်ပုံ-မင်းထက်အောင်)

# ရန်ကုန်မြို့တိုးချဲ့ခြင်းလုပ်ငန်းရပ်များ

**ဒေါက်တာကျော်လတ်**

စာရေးသူမှာလွန်ခဲ့သော ၂၀၁၁ ခုနှစ်ခန့်မှစ၍ "ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ"တွင် မြို့ပြစီမံကိန်းလုပ်ငန်းရပ်များနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ခဲ့ပါသည်။ ရန်ကုန်မြို့နှင့်ပတ်သက်၍ အဓိကလိုအပ်ချက်များမှာ အောက်ပါများဖြစ်ကြောင်း တွေ့ရှိရပါသည်-


၁။ မြို့လူဦးရေသိပ်သည်းမှုသည် တောင်ဘက်နှင့် အလယ်ဘက်ခြမ်းတွင် လွန်စွာမြင့်မား၍ အရှေ့ဘက်မြို့နယ်များဖြစ်သော တောင်ဒဂုံ၊ မြောက်ဒဂုံ၊ အရှေ့နှင့်ဒဂုံဆိပ်ကမ်းမြို့နယ်တို့တွင် လူဦးရေသိပ်သည်းမှုများစွာလျော့နည်းသည်။ တောင်ဘက်နှင့် အလယ်ဘက်ချမ်းတို့တွင် စတုရန်းတစ်မိုင်လူဦးရေ (၅၀၀၀၀ - ၁၀၀၀၀၀) ခန့်ရှိ၍ အရှေ့ဘက်ရှိမြို့သစ်များတွင် ပျမ်းမျှ ၇၀၀၀ ခန့်သာရှိသည်။

၂။ လူဦးရေသိပ်သည်းမှု ကွာဟချက်ကြောင့် အခြေခံအဆောက်အအုံများဖြစ်သော ရေပေးဝေရေး၊ လျှပ်စစ်စနစ်ဖြန့်ဖြူးရေးစနစ်များတွင် မျှတမှုမရှိသည့်အပြင် ကုန်ကျစရိတ်များ ပိုမိုများပြားလာပေသည်။ (အသေးစိတ်ပညာပိုင်းဆိုင်ရာများမှာ ဤဆောင်းပါး၏ အတိုင်းအတာအရချန်လှပ်ရပါမည်)

၃။ ရန်ကုန်မြို့၏ ဈေးများ၊ ဆိုင်များစသော စီးပွားရေးအဆောက်အအုံအများစု ၄၆% တို့သည် ရန်ကုန်မြို့ဧရိယာ၏ ၁၀% သာ ရှိသော ဆူးလေဘုရားပတ်ဝန်းကျင်ရှိ မြို့ထဲပိုင်းနှင့် စမ်းချောင်း၊ ဗဟန်း၊ ကြည့်မြင်တိုင်စသော မြို့အတွင်းပိုင်းဇုန်များတွင် စုပြုံနေရာယူထားကြသည်။ ထိုသည်ကို အခြေခံ၍ ၄၃% သော အလုပ်လုပ်ကိုင်သူတို့သည် ထိုမြို့ထဲပိုင်းနှင့် မြို့အတွင်းပိုင်းသို့ နေ့စဉ်သွားလာကြသဖြင့် ထိုသို့ဦးတည်သောလမ်းများနှင့် ထိုလမ်းကြောသွားဘတ်စ်ကားလိုင်းများသည် နေ့စဉ်အလုပ်သွားအလုပ်ဆင်းချိန်များတွင် အထူးပိုမိုကျပ်တည်းကြသည်။ မိမိတို့တွင် မြို့ပတ်ရထားရှိသော်လည်း သယ်ယူပို့ဆောင်မှုစွမ်းအားမှာ စုစုပေါင်းနေ့စဉ်ခရီးသည်များ၏ ၅% သာရှိပါသည်။

၄။ ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ရန်ကုန်မြို့တွင် အသက်ငါးနှစ်မှ ကိုးနှစ်ရှိ ကလေးများ ၃.၅၄၂ သိန်းခန့်ရှိပြီး ထိုမှ ၉၅% သို့မဟုတ် ၃.၃၆၇ သိန်းသည် ကျောင်းတက်ကြသည်။ အသက် ၁၀ နှစ်မှ ၁၃ နှစ်ရှိသော အလယ်တန်းအဆင့်တက်သင့်သောကလေး ၃.၂၈၂ သိန်းခန့်ရှိပြီး ထိုမှ ၇၁% သို့မဟုတ် ၂.၃၂၆ သိန်းသည် ကျောင်းတက်ကြသည်။ အသက် ၁၄ နှစ်မှ ၁၅ နှစ်ရှိသော အထက်တန်းအဆင့်တက်သင့်သောကလေး ၁.၈၇၅ သိန်းခန့်ရှိပြီး ထိုမှ ၅၁% သို့မဟုတ် ၀.၉၅၃ သိန်းသည် ကျောင်းတက်ကြသည်။ အသက် ၁၀နှစ်မှ ၁၅နှစ်ရှိပြီး အလယ်တန်းနှင့်အထက်တန်းကျောင်းတက်သူကလေးပေါင်း ၃.၂၇၉ သိန်းအတွက် အတန်းပေါင်း ၆၁၁၃ ရှိ၍ ပျမ်းမျှတစ်တန်းလျှင် ၅၃ ဦးနှုန်းဖြင့် သင်ကြားနေရသည်။ (အမှန်စင်စစ်အချို့လူကြိုက်များသော ကျောင်းများတွင် တစ်တန်းလျှင် ၇၀-၈၀ လည်းရှိသည်။) မြန်မာပြည်၏ရှိသင့်သောနှုန်းမှာ တစ်တန်းလျှင် ကျောင်းသား ၄၀ ဖြစ်၍ ယခုအခြေအနေအရ အတန်းပေါင်း ၂၀၈၄ သို့မဟုတ် အတန်း ၂၀ ရှိသောကျောင်းပေါင်း ၁၀၄ ကျောင်း လိုအပ်လျက်ရှိသည်။

၅။ ထိုသည်တို့မှာ လက်ငင်းအခြေအနေ၏ လိုအပ်ချက်သာဖြစ်ပြီး ကျောင်းမတက်သောကလေးများနှင့် နောင်တိုးပွားလာမည့်ကလေးများအတွက် လိုအပ်ချက်များမပါဝင်သေးပေ။ နောင်သောအခါအတွက် လိုအပ်ချက်မှာ ယခုကျောင်းတက်နှုန်းကို အခြေခံပါလျှင်၊ ယခုကျောင်းတက်နေသော အသက်ငါးနှစ်မှ ၁၅ နှစ် ကလေးပေါင်း ၆.၆၅ သိန်းခန့်ရှိ၍ နှစ်စဉ် ၂.၅% ခန့်ဖြင့် တိုးပွားလျက်ရှိသဖြင့် နှစ်စဉ်ကျောင်းသားပေါင်း ၁၆၆၀၀ ခန့်၊ စာသင်တန်းပေါင်း ၄၁၅ တန်းခန့်၊အတန်း ၂၀ ရှိသော ကျောင်းပေါင်း၂၀ ခန့် နှစ်စဉ်တိုးချဲ့ဆောက်လုပ်ရန်လိုအပ်လျက်ရှိသည်။




Proposed Future Concept Plan for Yangon

၆။ ရန်ကုန်မြို့တွင် မြေဈေးအိမ်ဈေးများကြီးမြင့်လျက်ရှိသည်။ ယင်းပြဿနာကို ရင်ဆိုင်ရန်မှာ လွတ်လျက်ရှိသောမြေများကို ဖြည့်စွက်ဖွံ့ဖြိုးမှုများပြုလုပ်ရန်နှင့် မြေသစ်များဖော်ထုတ်ရန် သည်နည်းတစ်နည်းအပြင် မြန်မာပြည်တွင် (Housing Financing Mechanism) ခေါ်သော အိမ်ရာအတွက်ငွေချေးသော စနစ်တစ်ရပ်လိုအပ်လျက်ရှိသည်။

၇။ ရန်ကုန်မြို့အလုပ်လုပ်ကိုင်သော လူဦးရေမှ ၉% သည် ထုတ်လုပ်မှုကဏ္ဍတွင်လုပ်ကိုင်ကြ၍၊ ၁၁% မှာ အစိုးရဝန်ထမ်းများဖြစ်သည်။ အခြား ၈၀% မှာ အရောင်းအဝယ်နှင့် ပို့ပိုးမှုကဏ္ဍတွင် လုပ်ကိုင်ကြရသည်။ စက်မှုကဏ္ဍဖွံ့ဖြိုးရန်မှာ စက်မှုမြေကွက်ဈေးများကြီးခြင်း၊ စွမ်းအင်ရရှိရန်ခက်ခဲခြင်းစသော ပြဿနာများနှင့် ရင်ဆိုင်နေရသည်။ စက်မှုကဏ္ဍတွင်လုပ်သားအင်အားတိုးပွားရန် လစ်လပ်လျက်ရှိသော စက်မှုမြေကွက်များကို ထိရောက်စွာအသုံးချခြင်း၊ စက်မှုမြေကွက်သစ်များဖော်ထုတ်ခြင်း၊ စက်မှုမြေကွက်သစ်များနှင့် စွမ်းအင်များကို အမှန်တကယ်ထုတ်လုပ်သူများကို သက်သာသောဈေးဖြင့် ငှားရမ်းခြင်း၊ ရောင်းချခြင်းစသည်တို့ကို ဆောင်ရွက်သင့်သည်။

အထက်ပါအဓိကကျသည့်အချက်များနှင့် ဤဆောင်းပါး၏အတိုင်းအတာကြောင့် ဖော်ပြခြင်းမပြုနိုင်သော အခြားအခြေခံအချက်များကြောင့် ရန်ကုန်မြို့တွင် လွတ်လျက်ရှိသောမြေများကို ထိရောက်စွာအသုံးချရန်နှင့် မြေယာသစ်များဖော်ထုတ်ရန်လုပ်ငန်းများကို သုံးသပ်ရပေတော့မည်။

ဤသို့ဖွံ့ဖြိုးမှုအတွက်နေရာသစ်များကိုသတ်မှတ်ရန် ပူးတွဲပါပုံအတိုင်း ခြောက်နေရာမှ ခုနစ်နေရာတို့ကိုတွေ့ရှိပါသည်။

ထိုနေရာများကို သိပ္ပံနည်းကျ ဦးစားပေးအစီအစဉ်တို့ကို သတ်မှတ်ပါမည်။ ထိုသို့သတ်မှတ်ခြင်းတွင် ရန်ကုန်မြို့အတွက် နောင်ပေါ်ပေါက်လာသင့်သော ပုံစံအပေါ်အခြေခံရပါမည်။

ယခု ရန်ကုန်မြို့တွင် ကြုံတွေ့နေရသော အဓိကပြဿနာတစ်ရပ်မှာ "ယာဉ်ကြောပိတ်ဆို့ခြင်းကြောင့် ၈၄% ခန့်သော နေ့စဉ်ဘတ်စ်ကားဖြင့်သွားလာကြရသော"လူထုသက်သာစေရန် အတွင်းမြို့ပတ် နှစ်ထပ်လမ်း လိုအပ်လျက်ရှိသည်ကို ရန်ကုန်နည်းပညာတက္ကသိုလ်မှ ပညာရှင်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာမှ ပညာရှင်များ သဘောတူလက်ခံကြပါသည်။ ထိုပုံစံအသေးစိတ်ကို ယခုပြောင်းလဲလာမည့်အခြေနေအရ ပြန်လည်ရေးဆွဲလျက်ရှိပါသည်။

ရန်ကုန်မြို့လူဦးရေသည် ၂၀၁၄ ခုနှစ်တွင် ၅.၂ သန်းမှ နောင်အနှစ် ၃၀ တွင် လူဦးရေ ၁၀ သန်းခန့်ရှိပါမည်။ နောင်အခါတွင် အပြင်မြို့ပတ်လမ်းလိုအပ်လာမည်ကိုတင်ပြခဲ့ရာ ယခင်အစိုးရလက်ထက်ကပင် လက်ခံသဘောတူခဲ့ပြီးဖြစ်သည်။ထိုနှင့်တွဲဖက်၍ နောင်အချိန်အတွက် တိုးချဲ့မြို့ပတ်ရထားလမ်းပါထည့်သွင်းစီမံထားသင့်သည်။

**ထိုသည်တို့ကိုအခြေခံ၍ဦးစားပေးအစီအစဉ်တို့ကိုသတ်မှတ်ကြပါလျှင်-**

**ပထမဦးစားပေး**အနေဖြင့် အရှေ့မြောက်ဘက်ရှိ "လေးဒေါင့်ကန်"ပတ်ဝန်းကျင်ရှိ မြေဧက ၁၇၀၀၀ ကျော် ဖြစ်သင့်ပါသည်။ အကြောင်းများမှာ (၁)မြေများကို (၁၉၉၇)ခုနှစ်မှပင် တရားဝင်ပုဒ်မ လန(၃၉) ဖြင့် အခြားမြေအဖြစ်အသုံးပြုရန်ပြောင်းလွဲပြီးဖြစ်ပါ၍ ထိုစဉ်က လုပ်ပိုင်ခွင့်ရှိခဲ့သူ လယ်လုပ်သူများကို မြေအလျော်အစား ပြုလုပ်ရန်သာရှိပါသည်။ အမှန်စင်စစ် ဤနေရာကို ဖွံ့ဖြိုးခြင်းသည် မြို့တိုးချဲ့ခြင်းမဟုတ်ပါဘဲ "သိပ်သည်းမှုတိုးမြင့်ခြင်း (Area utilization or Densification) ဟုသာခေါ်ရပါမည်။ (၂) နောင်ပေါ်ပေါက်လာမည့် ဟံသာဝတီလေဆိပ်သို့သွားသော အမြန်လမ်းမကြီးပေါ်တွင်ရှိပါသည်။ (၃)လက်ခံသဘောတူထားသော အပြင်မြို့ပတ်လမ်းကြီးပေါ်တွင် တည်ရှိပါသည်။ (၄)ရန်ကုန်-မန္တလေးရထားလမ်းနှင့် လေးဒေါင့်ကန်ဘူတာပေါ်တွင် တည်ရှိပါသည်။ (၅) အင်ဂျင်နီယာပိုင်းဆိုင်ရာ အခြားအချက်များ လေ့လာပြီးစီး၍အဆင်ပြေပါသည်။

**ဒုတိယဦးစားပေး**အနေဖြင့် ၂၀၁၅ ခုနှစ်နောက်ပိုင်း ရန်ကုန်-ဒလ တံတားဆောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သဘောတူညီပြီးဖြစ်သည်ဟုသိရ၍ ထို"ဒလ"မြို့တောင်ပိုင်းအတွက် ဧက ၁၅၀၀၀ ခန့်အတွက် အမြန်ဆုံးစီမံကိန်းရေးဆွဲသင့်ပါသည်။ (၁) ရန်ကုန်မြို့တွင် များစွာကျပ်တည်းလျက်ရှိသော ဆူးလေစေတီတော်ပတ်ဝန်းကျင်ရှိ အဓိကစီးပွားရေးဇုန် အစားထိုးရန် နေရာသစ်များ ပေါ်ပေါက်လာပါမည်။ (၂) လက်ခံသဘောတူထားသော အပြင်မြို့ပတ်လမ်းကြီးပေါ်တွင် တည်ရှိပါသည်။ (၃) ထိုနေရာသည် စီးပွားရေးနှင့်ပတ်သက်သော အဆောက်အအုံများအတွက်သာစီမံ၍ "သီးခြားစီးပွားရေးဇုန်" (Exclusive Central Business District) ဖြစ်သင့်ပါသည်။

ရန်ကုန်မြို့အနေဖြင့် တင်ပြပါ နေရာသစ် (၂) နေရာအတွက်ပင် နောင်လာမည့် နှစ်ပေါင်းများစွာ လုပ်ကြကိုင်ကြရပါမည်။ အကြမ်းအားဖြင့် ဧက ၃၂၀၀၀ ခန့်၊ စတုရန်းမိုင် ၅၀ ကျော်ခန့်၊ ရန်ကုန်မြို့ လက်ရှိဧရိယာ၏ ၁၅% ခန့်တွင် လူဦးရေ ၁.၅ သန်းခန့် ဝင်ဆံ့ပါမည်။ သို့သော် အခြားတစ်နေရာဖြစ်သော ရန်ကုန်မြို့၏ အနောက်တောင်ဘက် ကြည့်မြင်တိုင်တစ်ဖက်ကမ်းကို ဆွေးနွေးလာကြပါသည်။ ထိုနေရာသည် နောင်တိုးချဲ့ရန်နေရာအဖြစ် များစွာတန်ဖိုးရှိပါသည်။ မြို့ပြစီမံကိန်းပညာတွင် နောင်ရေရှည်ကာလဖွံ့ဖြိုးမှုကို ကြည့်ရှုကြရပါသည်။ ရန်ကုန်မြို့နှင့် ထိုနေရာတို့ဆက်သွယ်ရန်မှာ မြေအောက်ဆက်သွယ်မှုလမ်းနှင့်သာ အဆင်ပြေနိုင်ပေမည်ဟု ထိုပညာရပ် (Transportation Planning) တွင် အထူးကျွမ်းကျင်သူများ သဘောတူကြသည်။ ယခုအကြမ်းတွေ့ရှိရသောပုံစံများအရ မြစ်တွင်းသွားသင်္ဘောများရှိကြ၍ ရန်ကုန်မြို့ဘက်ခြမ်းလမ်းများနှင့်ဆက်ရန် အဆင်ပြေမည်မဟုတ်ပေ။ (ရရှိထားသောပုံအရ တံတားအဝင် (Turning radius) မှာ လုံးဝမဖြစ်နိုင်သော ပုံစံဖြစ်ပါသည်။) ထို မြေအောက်ဆက်သွယ်မှုမှာ ထိုပညာရပ်တွင် အထူးကျွမ်းကျင်သူများ၏ ခန့်မှန်းတွက်ချက်မှုအရ ၁.၅ ဘီလီယံဒေါ်လာခန့်ဖြစ်ပါသည်။ ထိုသည်တို့ကို အခြေခံ၍ မိမိတို့တိုင်းပြည်၏ ယခုအခြေအနေအရ ထိုနေရာကို မစတင်သေး၊ နောင်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာမှစတင်သင့်သည်ဆိုသည်မှာ ရှင်းပါသည်။

ဤဆောင်းပါး၏ အတိုင်းအတာအရ ရန်ကုန်မြို့တိုးချဲ့ခြင်းတွင် သိပ္ပံနည်းကျ ဦးစားပေးအစီအစဉ်တို့သတ်မှတ်ခြင်း ကို တင်ပြခဲ့ပါသည်။ နောက်နေ့များတွင် ဆက်လက်၍ မြို့တိုးချဲ့ခြင်း၏ လုပ်ငန်းရပ်အဆင့်ဆင့်များကို ဆက်လက်တင်ပြပါမည်။ အခြေခံမှာ မြို့တိုးချဲ့ခြင်း၏ ရည်ရွယ်ချက်သည် မိမိတို့မြို့၏ လိုအပ်ချက်ကြောင့်၊ ထိုလိုအပ်ချက်များကို ဖြည့်ဆည်းရန်ဖြစ်ပါသည်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ယခုနှင့် နောင်လိုအပ်မည့်ကျောင်းများ၊ ဈေးများ၊ အခြားအခြေခံ အဆောက်အအုံများစသည်တို့ကို တိတိကျကျတွက်ချက်ကြရပါသည်။ လွန်စွာအရေးကြီးသည်မှာ မိမိတို့မြို့ရှိ နေရာများကို စိုက်ထုတ်ရပါမည်။ ထိုစိုက်ထုတ်ရသဖြင့် မိမိတို့မြို့သည် မည်သို့မည်ပုံပြန်လည် ရရှိပါမည်နည်း၊ ပေါ်ပေါက်လာသော မြေများကို မိမိတို့တိုင်းပြည်၊ မိမိတို့မြို့က မည်သည့်ဈေးဖြင့် မည်သို့ပြန်လည်ရရှိပါမည်နည်းဆိုသော မေးခွန်းပင်ဖြစ်ပေမည်။

ထို့ကြောင့် မြို့တိုးချဲ့ခြင်းလုပ်ငန်းရပ်မစတင်မီ Feasibility study နှင့် တွဲဖက်၍၊ Concept of Infrastructural Resources, Concept of Waste Disposal Systems, Concept of Zoning, Concept of Environmental Impact, Cost and Benefit Analysis စသော လိုအပ်သောအဆင့်ဆင့်လုပ်ငန်းရပ်များကို နောက်ဆောင်းပါးများတွင်တင်ပြပါမည်။

## အလုံပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်မှု ခြောက်နာရီကြာဓာတ်အားပြတ်တောက်မည်

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အလုံပင်မဓာတ်အားခွဲရုံ၏ 100 MVA Main Transformer နှစ်လုံး Over Load အခြေအနေ မဖြစ်ပေါ်စေရေးနှင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ပို့လွှတ်ပေးနေသော လျှပ်စစ်ဓာတ်အားနှင့် အလုံ Toyo Thai Power ဓာတ်အားပေးစက်မှ ထုတ်လုပ်ပေးသော ဓာတ်အားနှစ်ခု ပိုမိုချိတ်ဆက်ရယူနိုင်ရေးအတွက် 230 /66 KV, 155 MVA Transformer အသစ်တစ်လုံးဖြင့် ထပ်မံချိတ်ဆက်၍ အလုံပင်မဓာတ်အားခွဲရုံ၏ 66KV Bus Bar ခွဲထုတ်ခြင်းလုပ်ငန်းအား မေ ၂၂ ရက် နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ခြောက်နာရီကြာ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အချို့နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ မြို့တွင်းနေရာများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါကြောင်းနှင့် မဖြစ်မနေဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပါသဖြင့် ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွှတ်တောင်းပန်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ် အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးပန်ကြားထားသည်။

**(မြန်မာ့အလင်း)**



မေ ၂၀ ရက်က မန္တလေးမှ စစ်တွေသို့ ယာဉ်မောင်း မြင့်လှိုင်မောင်းနှင်သည့် ယာဉ်အမှတ် 2D/---- ရိုးမ မန္တလာခရီးသည်တင်မှန်လုံယာဉ်သည် ငဖဲမြို့နယ် နတ်ရေကန်ရှောင်ကွင်းလမ်း ပေါ်လုကွေ့အတက်တွင် အနက်ပေ ၁၅၀ ခန့်ရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်စဉ် (အဆိုပါဖြစ်စဉ်တွင် ယာဉ်ပေါ်ပါ ခရီးသည် ၃၇ ဦးအနက် ၃၁ ဦး ဒဏ်ရာရပြီး၊ အမျိုးသားတစ်ဦးသေဆုံးကြောင်း သိရသည်။)
သန်းနိုင်ဦး(ငဖဲ)

# အခြေခံကိုယ်စားလှယ် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ

**ပန်းတောင်းသန်းကြွယ်**

**ယခုတလော လူတို့စိတ်ပါဝင်စားစွာ ပြောနေသောအကြောင်းအရာမှာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများအကြောင်းဖြစ်သည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် အခြေခံအကျဆုံးသော အရေးပါသည့် ပြည်သူ့ကိုယ်စားလှယ်များပင်ဖြစ်သည်။**

ခေတ်အဆက်ဆက်တွင် အမည်အမျိုးမျိုးဖြင့် အုပ်ချုပ်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်ခဲ့ကြရင်း လွတ်လပ်ရေးမရမီနှင့် ရပြီးစကာလများတွင် ရပ်/ကျေး သူကြီးအဖြစ်လည်းကောင်း၊ တော်လှန်ရေးကောင်စီအစိုးရလက်ထက်တွင် ငါးဦးကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မဆလပါတီ၏ကောင်စီအဆင့်ဆင့်ကာလတွင် ရပ်/ကျေး အခြေခံကောင်စီဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နဝတအစိုးရလက်ထက်တွင် ရဝတဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒီမိုကရေစီအစိုးရလက်ထက်တွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးအဖြစ်လည်းကောင်း အမည်အမျိုးမျိုးဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်တစ်ခု၏ ကောင်းကျိုးဆိုးပြစ်များကို အခြေခံအကျဆုံးပါဝင်ဆောင်ရွက်ရသူများမှာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများပင်ဖြစ်သည်။ ရပ်ရွာတစ်ခု၏ လုံခြုံမှု၊ ဖွံ့ဖြိုးစည်ပင်မှု၊ တရားဥပဒေစိုးမိုးမှု၊ သာယာဝပြောမှု စသည်များကို အဓိကတာဝန်ယူထမ်းရွက်ရသူများလည်းဖြစ်သည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ထိုရပ်ကွက်/ကျေးရွာအုပ်စု၏ အသေးစားအစိုးရအဖွဲ့လေးများ၏ ခေါင်းဆောင်ပင်ဖြစ်သည်။

ရပ်/ကျေးကောင်းမှ မြို့နယ်ကောင်း၏။ မြို့နယ်များကောင်းမှ ခရိုင်ကောင်းလေသည်။ ခရိုင်များကောင်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ကောင်းလေသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကောင်းမှ နိုင်ငံတော်ကြီးကောင်းမည်ဖြစ်၏။ မည်သည့်အဆင့်ကိုမျှ ကျော်လွှား၍ မသွားနိုင်ပေ။ ကြီးစဉ်ငယ်လိုက်အဆင့်တိုင်းဒေသတိုင်းသည် အရေးပါ၍ အရာရောက်ကြလေသည်။ ဆိုရသော် ယနေ့လူပြောများနေသော ရပ်/ကျေး အုပ်ချုပ် ရေးမှူးများအကြောင်းသည် အလေးထားဆွေးနွေးထိုက်သော အကြောင်းအရာပင်ဖြစ်သည်။

တည်ဆဲ ရပ်/ကျေးဥပဒေအရ အုပ်ချုပ်ရေးမှူးများ ရွေးချယ်ကြရာတွင် ဦးစွာ ဆယ်အိမ်စုမှူးများကို ရွေးချယ်ကြရ၏။ ထိုဆယ်အိမ်စုမှူးများထဲမှ သင့်လျော်သူကို အုပ်ချုပ်ရေးမှူးအဖြစ် ဆယ်အိမ်စုမှူးများက လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ကြရ၏။ လက်ရှိအာဏာရပါတီဝင်များက စိစစ်ရွေးချယ်ထားသော ကြီးကြပ်ရေးကော်မတီက ကြီးကြပ်ရွေးချယ်ပေးရ၏။ ဒီမိုကရေစီနည်းလမ်းမကျသော ဗဟိုဦးစီးဆန်သည့် ရွေးချယ်မှုပင်ဖြစ်စေ ရပ်/ကျေးပြည်သူတို့က ဘဝင်မကျလှပေ။ ပြည်သူတို့ ကြိုက်နှစ်သက်သော လျော်ကန်သည့် အုပ်ချုပ်ရေးမှူးကောင်းတစ်ယောက်ကို ရရှိရန်ခဲယဉ်းလှ၏။

နဝတအစိုးရလက်ထက်က ရဝတဥက္ကဋ္ဌလုပ်ခဲ့သူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူး လုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်၍ စီးပွားဖြစ်လိုသူများ၊ အမှန်အကန်ရပ်ရွာတိုးတက်စေချင်သူများ စသည်ဖြင့် လူတန်းစားမျိုးစုံ၊ အုပ်စုမျိုးစုံပါဝင်ယှဉ်ပြိုင်ကြ၏။ အုပ်စုတောင့်တင်း၍ မဲဆွယ်မဲဝယ်ကောင်းသော အုပ်စုမှ မဲအများဆုံးရရှိကာ အောင်ပွဲခံလေသည်။ ရပ်/ကျေး အုပ်ချုပ်ရေးမှူး ဖြစ်သွားလေပြီ။

မဲဆွယ်၊ မဲဝယ်လုပ်ငန်းကို အပင်ပန်းခံ၍ ဆယ်အိမ်စုမှူးများ၏ နေအိမ်များသို့ အိမ်ပေါက်စေ့သွားရောက်စည်းရုံးကြ၏။ အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်နိုင်သူများ၊ ပါဝင်လိုသူများကို ကတိစကားဖြင့်စည်းရုံး၍ ပါဝင်ရန် ဆန္ဒမရှိသူများအား ငွေကြေးဖြင့်စည်းရုံးကြလေသည်။ ဆယ်အိမ်စုမှူးတစ်ဦး၏ ဆန္ဒမဲပေါက်ဈေးမှာ ကျပ်တစ်သောင်းဖြစ်သည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးလောင်းများသည် သိန်းချီ၍ ရင်းနှီးရလေသည်။ ပြည်သူတို့ဆန္ဒအမှန်နှင့် မကိုက်ညီသော ရပ်/ကျေးအုပ်ချုပ်ရေးဥပဒေ၏အားနည်းချက်များကြောင့် ယင်းသို့ ဖြစ်ကြရလေသည်။

လက်ရှိအစိုးရသစ် မတက်မီကပင် ယခင်ရှိပြီး ဥပဒေဖြင့် တက်သုတ်ရိုက် ရွေးချယ်ရခြင်းမျိုးဖြစ်၍ ပထမအကြိမ် ဒီမိုကရေစီအစိုးရလက်ထက်မှာကဲ့သို့ ရလဒ်များ ပေါ်ထွက်ခဲ့၏။ ၃/၄ ကြိမ် ပြန်လည်ရွေးချယ်ပေးရသော ရပ်ကွက်များ၊ တိုင်စာတောစာ တက်သောရပ်ကွက်များ ပေါ်ထွက်ခဲ့ရ၏။ ယင်းဥပဒေ၏ အားနည်းချက်များကို ပြုပြင်ရန်ကြိုးပမ်းသည့်အနေဖြင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော်တွင် မေလ ၆ ရက်နေ့က ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးက တင်သွင်းခဲ့သည်။

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် တတိယအကြိမ် ဥပဒေကြမ်းကိုလည်း နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့သည်။

အရပ်ဘက်အဖွဲ့အစည်း ၄၀ ကျော်ကမူ ရပ်ကျေးအုပ်ချုပ်ရေးမှူးကို အသက် ၁၈ နှစ်ပြည့်သူတိုင်းက တိုက်ရိုက်မဲပေး ရွေးချယ်ခွင့်ပြုရန် အဓိကထား တောင်းဆိုခဲ့သည်။ ၁၈နှစ်ပြည့်သူတိုင်းသည် ရပ်/ကျေးအုပ်ချုပ်ရေးမှူးအဖြစ် အရွေးချယ်ခံပိုင်ခွင့်နှင့် တိုက်ရိုက်မဲပေးခွင့်ရရှိရန် ရည်မှန်းချက်ထားရှိခြင်းဖြစ်သည်။ နိုင်ငံသားတစ်ယောက်က နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိစေလိုခြင်းပင်ဖြစ်သည်။ ယေဘုယျခြုံငုံသုံးသပ်ရာတွင် ဒီမိုကရေစီနည်းလမ်းမကျခြင်း၊ တရားမျှတမှုမရှိခြင်းတို့ကြောင့် လက်ရှိရပ်/ကျေးအုပ်ချုပ်ရေးဥပဒေအား အချက်ပေါင်း ၃၀ ကျော်ကို ပြင်ဆင်ပယ်ဖျက်ပေးရန် အရပ်ဘက်အဖွဲ့အစည်းများက တင်ပြတောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတွင်လည်း ၎င်းတို့တင်ပြခဲ့သည့်အချက် ၃၀ ကျော်မှ ကိုးချက်ခန့်သာပါဝင်ပြင်ဆင်ထားကြောင်း ထောက်ပြကြသည်။

အနိမ့်ဆုံးပညာအရည်အချင်းသတ်မှတ်ရာတွင် “အနိမ့်ဆုံးအခြေခံပညာအလယ်တန်းအဆင့် ပညာအရည်အချင်းရှိသူဖြစ်ခြင်း” ဟူ၍ ပြင်ဆင်သတ်မှတ်ထားရာ ယေဘုယျဆန်လွန်းနေသည်။ ပဥ္စမတန်းမှ အဋ္ဌမတန်းအထိကို အခြေခံပညာအလယ်တန်းဟု သတ်မှတ်ထားရာ ပဥ္စမတန်းနေဖူးသူပါ ပါဝင်ယှဉ်ပြိုင်နိုင်သလိုဖြစ်နေသည်။ ရပ်/ကျေးအုပ်ချုပ်ရေးမှူးအဖြစ် လုပ်ကိုင်နိုင်ရန် လုံလောက်သောပညာအရည်အချင်းရှိရန် အမှန်လိုအပ်ပေသည်။ အဋ္ဌမတန်းအထိ နေဖူးသူ၊ အဋ္ဌမတန်းအောင်မြင်သူကိုသာ အနိမ့်ဆုံးပညာအရည်အချင်းအဖြစ် သတ်မှတ်သင့်ပါသည်။ ရပ်ရွာတိုင်းတွင် အဋ္ဌမတန်းအောင်သူ နေဖူးသူတွေ များစွာရှိနေပါသည်။ ရိုးသားကြိုးစားသော ပညာတတ်ဘွဲ့ရများ ပါဝင်လာလေ ပိုကောင်းလေဖြစ်သည်။

အသက် ၁၈ နှစ်ပြည့်သူများက တိုက်ရိုက်မဲပေးခွင့်၊ ရွေးချယ်ခွင့်ရရှိစေရန် လုပ်ဆောင်ရမည်ဖြစ်ရာ ပယ်မဲမဖြစ်စေရေးကိုလည်း ဂရုစိုက်ပြုပြင်ရမည်ဖြစ်သည်။ ဆန္ဒမဲလက်မှတ်ကို ပုံစံတူတစ်ပြေးညီ ရိုက်နှိပ်ထားပြီး ကိုယ်စားလှယ်လောင်းအမည်အလိုက် ခွဲခြားထားသော ပုံးအတွင်းသို့ ထည့်စေရန်ဖြစ်သည်။ မဲလက်မှတ်တွင် မည်သည့်အမှတ်အသားမျှ ရေးခြစ်ရန်မလိုဘဲ မိမိနှစ်သက်ရာ ကိုယ်စားလှယ်၏မဲပုံးသို့ လွယ်ကူစွာထည့်နိုင်သောစနစ်ဖြစ်သည်။ မဲပုံးများတွင် ကိုယ်စားလှယ်လောင်းအမည်နှင့် ဓာတ်ပုံကို စနစ်တကျ ထင်ရှားစွာ ရေးသားချိတ်ဆွဲထားရှိပေးရမည်။ ပယ်မဲဟူ၍မရှိတော့ဘဲ မဲပုံးအတွင်းရရှိသည့် အရေအတွက်ကို ပွင့်လင်းမြင်သာစွာရေတွက်၍ ချပြရွေးချယ်နိုင်မည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်း အရေအတွက်ရှိသလောက် မဲပုံးထောင်၍ရွေးချယ်ရန်ဖြစ်သည်။ ပုံမှားရိုက်၍ အမည်လွဲအော်ခြင်း၊ မဲခိုးခြင်းများလည်းရှိတော့မည်မဟုတ်ရာပိုမိုပွင့်လင်းမြင်သာလာမည် ဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များ ပိုမိုကုန်ကျလာနိုင်သဖြင့် နိုင်ငံတော်ရန်ပုံငွေမလုံလောက်ပါက ကိုယ်စားလှယ်လောင်းများထံမှ ငွေကျပ် ၅၀၀၀၀ ထက်မပိုသော ရပ်/ကျေး အကျိုးဆောင်စရိတ်ကို ကောက်ခံသင့်သည်။ သို့မှသာ ရပ်/ ကျေးအုပ်ချုပ်ရေးမှူး၏ ဂုဏ်သိက္ခာကို မြှင့်တင်ထိန်းသိမ်းရာလည်းရောက်နိုင်သဖြင့် ထည့်သွင်းစဉ်းစားသင့်သော အချက်ပင်ဖြစ်သည်။

ထို့အတူပင် ရပ်/ကျေး အုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် မဲဆွယ်ခြင်း၊ မဲဝယ်ခြင်းများ ကင်းရှင်းအောင် ဆောင်ရွက်သင့်သည်။ တစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ အိမ်တိုင်ရာရောက်လိုက်လံ၍မဲဆွယ်ခြင်း၊ မဲဝယ်ခြင်းတို့ကို ဥပဒေဖြင့် ကန့်သတ်သင့်သည်။ ကိုယ်စားလှယ်လောင်းများအားလုံးပါဝင်သော ဟောပြောပွဲများကို ရပ်ကွက်ခမ္မာရုံ၊ အုပ်ချုပ်ရေးမှူးရုံး၊ ဘုန်းတော်ကြီးကျောင်းစသည့် အဆင်ပြေသည့်နေရာတွင် နှစ်ကြိမ်ခန့်အထိ ကျင်းပပေးသင့်သည်။ ပြည်သူနှင့် ကိုယ်စားလှယ်လောင်းတို့ ထိတွေ့မှု အပြန်အလှန်ရရှိကြပြီး မှန်ကန်သော ကိုယ်စားလှယ်ကိုရွေးချယ်နိုင်မည်ဖြစ်သည်။

လူမှန်၊ နေရာမှန် ရောက်ရှိလာသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများဖြင့် ရပ်ရွာအကျိုးစီးပွားကို စနစ်တကျဖော်ဆောင်နိုင်မည်ဖြစ်ရာ မြို့ရွာ၊ ခရိုင်၊ ပြည်နယ်နှင့်၊ တိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စသည်တို့မှာဖွံ့ဖြိုးစည်ပင်ခြင်း၊ သာယာဝပြောခြင်း၊ တရားဥပဒေစိုးမိုးခြင်း၊ ငြိမ်းချမ်းသာယာခြင်းတို့ ဖြစ်ထွန်းပေါ်ပေါက်လာပေမည်။ ထိုအခါ ကျွန်ုပ်တို့၏ ဒီမိုကရေစီမြန်မာနိုင်ငံတော်ကြီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်ပေလိမ့်မည်။ ။

> **ရပ်/ကျေးကောင်းမှ မြို့နယ်ကောင်း၏။ မြို့နယ်များကောင်းမှ ခရိုင်ကောင်းလေသည်။ ခရိုင်များကောင်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ကောင်းလေသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကောင်းမှ နိုင်ငံတော်ကြီးကောင်းမည်ဖြစ်၏။**

# Sensor သုံးမီးပွိုင့်အချက်ပြစနစ်များ မှန်ကန်စွာလည်ပတ်နိုင်စေရန်ပြည်သူများအနေဖြင့် သတ်မှတ်ချက်များလိုက်နာရန်လို

**မန္တလေး မေ ၂၁**

မန္တလေးမြို့ အဓိကလမ်းမကြီးဖြစ်သည့် ၇၈ လမ်းတစ်လျှောက်၌ စမ်းသပ်ဆောင်ရွက်နေသည့် ဗဟိုထိန်းချုပ်ခန်းနှင့်ဆက်သွယ်ထားသော Real Time Traffic Light မီးပွိုင့်များ၏ Sensor စနစ်များလည်ပတ်၍ အချက်ပြစနစ်များ အံဝင်ခွင်ကျလည်ပတ်နိုင်ရန် ပြည်သူများအနေဖြင့် သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း သိရသည်။

မီးနီရပ်နားချိန်တွင် နားကြပ်တပ်၍ သီချင်းနားထောင်ခြင်း၊ ဖုန်းပြောဆိုခြင်း၊ စက်ရပ်ထားခြင်းတို့ လုပ်ဆောင်ခြင်း မပြုရန်နှင့် ယာဉ်တစ်စီးကို Sensor မျဉ်းမှ သုံးစက္ကန့်နှုန်းနှင့် ဖြတ်သန်းခွင့်ပြု ထားသည့်စနစ်ဖြစ်ပြီး ပြည်သူများသိရှိနိုင်စေရန် အသိပေးဆိုင်းဘုတ်များ တပ်ဆင်ထားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် မီးပွိုင့်ခြောက်ခု၌ တပ်ဆင်စမ်းသပ်နေသည့်ကာလဖြစ်ပြီး မီးပွိုင့်ပေါင်း ၁၁ ခုတွင် တပ်ဆင်ပြီးပါက အရေးယူမှုအပိုင်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ကြပ်တစ်ဦးက ပြောကြားသည်။

“အဓိကရည်ရွယ်ချက်ကတော့ လမ်းအယူမမှားဖို့လိုတယ်။ ရပ်မျဉ်းရဲ့နောက် နှစ်ပေအကွာ လမ်းအောက်မှာ Sensor မြှုပ်ထားတယ်။ ရပ်မျဉ်းကျော်ရပ်တာဖြစ်ဖြစ်၊ ရပ်မျဉ်းနဲ့ ဝေးတဲ့နေရာမှာဖြစ်ဖြစ် ရပ်ရင် Sensor ကအလုပ်လုပ်ရတာခက်သွားမယ်။ ရပ်မျဉ်းနောက်က ရပ်ရမှာပါ”ဟု ၎င်းကပြောသည်။

ယင်းကဲ့သို့ အဆင့်မြင့်မီးပွိုင့်များ တပ်ဆင်ထားကာ ရပ်မျဉ်းနောက်မှ ယာဉ်ရပ်ရန် စည်းကမ်းလိုက်နာခြင်းဖြင့် ယာဉ်ကြောကျပ်တည်းခြင်း၊ ရှုပ်ထွေးခြင်း မရှိစေရန်ဖြစ်ပြီး ရပ်မျဉ်းကျော်ရပ်ခြင်းနှင့် ဝေးကွာစွာရပ်ခြင်းဖြင့် Sensor များက တစ်ဖက်ယာဉ်ကြောကိုသာ အချက်ပြပေးနေမည်ဖြစ်ကြောင်း သိရသည်။

“စမ်းသပ်နေတဲ့ Sensor မီးပွိုင့်တွေမှာ ရပ်မျဉ်းနောက်က ရပ်ဖို့ ပညာပေးဖို့လိုတယ်။ အဲဒီစနစ်က ရပ်မျဉ်းကျော်ရပ်တဲ့ယာဉ်တွေကို မှတ်တမ်းတင်ထားမှာပါ။ မှတ်တမ်းတွေက (ကညန)မှာ ယာဉ်သက်တမ်းတိုးတဲ့အခါ ပေါ်လာမယ်။ ကညနကလည်း သက်တမ်းတိုးရင် အမှုကင်းရှင်းကြောင်းပါမှ သက်တမ်းတိုးပေးမှာဆိုတော့ စည်းကမ်းလိုက်နာကြဖို့လိုပါတယ်”ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

အဆိုပါ စနစ်ဖြင့် စမ်းသပ်ဆောင်ရွက်နေစဉ်တွင် အများပြည်သူသိရှိအောင် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ မီးပွိုင့်များတွင် Sensor အလုပ်လုပ်ပုံတို့ကို အသိပေး ဗီနိုင်းများ တပ်ဆင်ခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**



**Real Time Traffic Light စနစ်သုံးမီးပွိုင့်များဗဟိုထိန်းချုပ်ခန်း**

■ *ကျော်ဖုံးမှ*

ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေ စစ်တကောင်းကို စတင်ဝင်ရောက်လျက်ရှိသည့် ဆိုင်ကလုန်းမုန်တိုင်း ရွှန်နူ(Roanu)ကြောင့် ရခိုင်၊ ချင်း၊ စစ်ကိုင်းနှင့် မကွေးတွင် အနီရောင်အဆင့် သတ်မှတ်ထားသော်လည်း မောင်တောမြို့နယ်တွင် ယနေ့ ညပိုင်းအထိ မုန်တိုင်း၏ ရှေ့ပြေးလက္ခဏာများဖြစ်သည့် လေတိုက်ခတ်မှု အနည်းငယ်သာရှိပြီး ထိခိုက်ပျက်စီးမှုများမရှိကြောင်း မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်မှူး ဦးရဲထွဋ်က "ဒီနေ့ မနက် ၉ နာရီလောက်ကတော့ လေတိုက်တာ နည်းနည်းရှိတယ်။ ထိခိုက်မှုမရှိပါဘူး။ မောင်တောမြို့တွင်းမှာတော့ လေတိုက်လို့ သစ်ကိုင်းခြောက်ကျိုးတာတွေ၊ သစ်ပင်ကိုင်းဖျား ကိုင်းနားလေးတွေ ကျိုးကျတာရှိပေမယ့် စည်ပင်သာယာက ဝန်ထမ်းတွေနဲ့ ကျွန်တော်တို့ ရှင်းလင်းပြီးပါပြီ"ဟု ပြောသည်။


မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ဆိုင်ကလုန်းမုန်တိုင်း ရွှန်နူနှင့်ပတ်သက်၍ "ဆိုင်ကလုန်းမုန်တိုင်း ရွှန်နူဟာ ကမ်းခြေကိုမဖြတ်ကျော်မီ မုန်တိုင်းငယ်အဖြစ် အားလျော့ကျလာပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို စတင်ဖြတ်ကျော်နေပါပြီ။ လွန်ခဲ့တဲ့ ခြောက်နာရီကတော့ ကမ်းခြေတစ်လျှောက် မုန်တိုင်းအဖြစ် နေခဲ့ပါတယ်။ မုန်တိုင်းက ကမ်းခြေကိုဖြတ်ကျော်ပြီးတာနဲ့ နောက်ဆက်တွဲ ဖြစ်လာနိုင်သေးတာတွေ ရှိပါတယ်။ မုန်တိုင်းအကြွင်းအကျန်တွေဟာ ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဆက်လက်ဖြတ်ကျော်နိုင်ပါသေးတယ်။ ညသန်းခေါင်ယံအထိ ဖြစ်နိုင်ပါတယ်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်လုံး မုတ်သုံလေတွေ ဝင်လာနေပါပြီ။။ မုတ်သုံလေရဲ့ အရှိန်ကြောင့် မိုးတွေ၊ လေတွေ ဆက်ရှိနေပါလိမ့်ဦးမယ်"ဟု ၎င်း၏ လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်စာမျက်နှာမှနေ၍ သတိပေးထားသည်။

မောင်တောမြို့နယ်တွင် မုန်တိုင်းအန္တရာယ် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ကျောက်ဖြူရေဒါစခန်းနှင့် ဆက်သွယ်၍ သတင်းအချက်အလက်များကိုရယူကာ မိုးလေဝသနှင့် ဇလဗေဒကြေညာချက်များကို နှစ်နာရီတစ်ကြိမ် ထုတ်ပြန်ပေးလျက်ရှိသည်ဟု မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သိရသည်။

ဦးရဲထွဋ်က "မောင်တောဆေးရုံမှာရှိတဲ့ လူနာ ၂၀ နဲ့ ဘူးသီးတောင်ဆေးရုံမှာရှိတဲ့ လူနာ ၁၃ ယောက်တို့ကို ကျွန်တော်တို့ မနေ့ကတည်းက မောင်တော အ-ထ-က(၁) နှစ်ထပ်ကျောင်းဆောင်ကို ရွှေ့ထားပြီးပါပြီ။ မုန်တိုင်းအရေးပေါ် ကြိုတင်ပြင်ဆင်မှုအနေနဲ့ အရေးပေါ်ရွှေ့ပြောင်းနိုင်ဖို့ကို ဘူးသီးတောင်၊ မောင်တောမြို့နယ်အလိုက် တစ်မြို့နယ်ကို ယာဉ်ကြီး ၁၀ စီးစီ စီစဉ်ထားပါတယ်။ အရေးပေါ်နေရာချထားဖို့ အတွက်ကတော့ မောင်တောမှာရှိတဲ့ အလိုတော်ပြည့်ကျောင်းနဲ့ ဗဟိုဘုန်းကြီးကျောင်းတို့ကို ပြင်ထားတဲ့အပြင် အထက်တန်းကျောင်းတွေကိုလည်း နေထိုင်နိုင်ဖို့ ဆောင်ရွက်ထားပြီး လျှပ်စစ်မီးရရှိရေးအတွက်လည်း မီးလင်းစက်တွေ၊ စက်သုံးဆီတွေ အရန်သင့်ထားရှိပြီးဖြစ်ပါတယ်"ဟု ပြောသည်။

အရေးပေါ်ထောက်ပံ့ရေးအတွက် ဆန်၊ ဆီနှင့် တာပေါ်လင်စများအား စီစဉ်ထားရှိပေးပြီး ကုလသမဂ္ဂဒုက္ခသည် များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)အနေဖြင့်လည်း မောင်တောနှင့် ဘူးသီးတောင်မြို့များပေါ်တွင် ယာယီတဲအလုံး ၅၀ စီ အဆင်သင့်ထားရှိပေးထားကြောင်း သိရသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း ရွှန်နူသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို စတင်ဖြတ်ကျော် ဝင်ရောက်လျက်ရှိနေပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မြောက်ပိုင်း ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသဖြင့် လက်ရှိ အခြေအနေကို အနီရောင်အဆင့်ဟု သတ်မှတ်ထားကြောင်း မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။



ဆိုင်ကလုန်းမုန်တိုင်း "ရွှန်နူ "(Roanu)ဝင်ရောက်နိုင်သည့် ကုန်းတွင်းပိုင်းနေရာပြပုံ (မိုး/ဇလ)

မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသည် ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သောကြောင့် ကုန်းမြင့်ဒေသအနီး၌ နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုများ ဖြစ်ပေါ်နိုင်ပြီး မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီး၌ နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြပါရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ ပြည်တွင်း ရေကြောင်းသွားလာရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း အထူးသတိပြုရှောင်ရှားကြပါရန် အကြံပြုထားသည်။

ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ရွှန်နူ(Roanu)၏ အရှိန်ကြောင့် စစ်တွေမြို့နှင့် ရခိုင်ပြည်နယ် မြို့နယ်အနှံ့တွင် လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း၊ အချို့မြို့နယ်များမှ ပြည်သူများ မုန်တိုင်းအန္တရာယ်ကာကွယ်ရန် ဘေးလွတ်ရာသို့ တိမ်းရှောင်ရကြောင်း သိရသည်။

စစ်တွေမြို့၌ မေ ၂၀ ရက်ညကစ၍ မိုးရွာမှုတဖြည်းဖြည်းများလာကာ မေ ၂၁ ရက် အရုဏ်တက်ချိန်နှင့် နံနက်ပိုင်းတွင် လေတိုက်နှုန်းပြင်းထန်ပြီး မိုးသည်းထန်လာသည်။ နံနက်ပိုင်းတွင် လေနှင့်မိုး အပြိုင်ပြင်းထန်လာမှုကြောင့် အချို့နေရာများ၌ သစ်ကိုင်းများကျိုးကျခြင်း၊ လမ်းများတွင် ရေများတင်လာခြင်းတို့ကိုလည်း တွေ့ရသည်။ နံနက်ပိုင်း ဒီရေတက်ချိန် လေနှင့်မိုးကပါ အားပေးလာ၍ မြစ်ကမ်းပါးနေသူများ အခက်အခဲတွေ့ရကြောင်း သိရသည်။

"ကျွန်တော်တို့ရပ်ကွက်မှာ ရေနည်းနည်း ဝင်လာပါတယ်။ မြစ်ပြင်မှာလည်း လှိုင်းတအားထန်လာတာ တွေ့ရပါတယ်။ အခုထိတော့ အခြေအနေမဆိုးသေးပါဘူး။ ရေတက်များလာရင်တော့ အမြင့်ပိုင်းကို ခိုလှုံရမှာပါ။ မိုးကလည်း တအားရွာနေတော့ ပြတင်းပေါက်တွေကိုတောင် ဖွင့်လို့မရပါဘူး"ဟု စစ်တွေမြို့ ရွှေပြားရပ်ကွက်မှ ဦးဇော်ဝင်းအောင်က ပြောသည်။

ကဆုန်လပြည့်ဗုဒ္ဓနေ့နှင့် တိုက်ဆိုင်နေ၍လည်းကောင်း၊ မိုးသည်းထန်လေပြင်းနေ၍လည်းကောင်း ဆိုင်များပိတ်ထားပြီး အိမ်ဆိုင်အချို့သာ ဖွင့်လှစ်ထားကြောင်း သိရသည်။

မုန်တိုင်းအဝန်းအဝိုင်းတွင် ကျရောက်နေသည်ဆိုသော မောင်တောမြို့၌ နံနက် ၃ နာရီခွဲခန့်မှစ၍ လေပြင်းထန်ပြီး မိုးသည်းထန်ကြောင်း၊ ရေကြောင်းသွားလာမှုများကို တာဝန်ရှိသူများက ရပ်ဆိုင်းထားကြောင်း၊ နံနက် ၉ နာရီခန့်တွင် မိုးပိုမိုသည်းထန်လာကြောင်း၊ ဆိုင်များဖွင့်လှစ်ခြင်းမရှိကြောင်း အစိုးရက မေ ၂၀ ရက်မှစ၍ မုန်တိုင်းသတိပေးချက်နှင့် ကြိုတင်ဆောင်ရွက်ရမည့် အစီအစဉ်များကို ပြောကြားပေးခဲ့ကြောင်း ကိုဇော်မိုးက ဖုန်းဖြင့်ဆက်သွယ်ပြောပြသည်။

ရခိုင်ပြည်နယ်အနှံ့မြို့နယ်တိုင်းလိုလို၌ လေပြင်းတိုက်ခတ်ပြီး မိုးသည်းထန်ကာ မြေနိမ့်ပိုင်းနှင့် ပင်လယ်ကမ်းခြေနှင့် နီးသော ဒေသများမှ ပြည်သူများဘေးလွတ်ရာသို့ မုန်တိုင်းအန္တရာယ် ရှောင်တိမ်းခဲ့ကြရသည်။

"ကျွန်တော်တို့ ပေါက်တောကို ချောင်းသာကြီးကျေးရွာနဲ့ နန်းတက်ကျွန်းကျေးရွာက လူပေါင်း ၁၅၀ခန့် ရေတက်မှာကို ကြောက်လို့ပြေးလာကြပါတယ်။ အထူးသဖြင့် ကလေးတွေနဲ့ အမျိုးသမီးတွေများပါတယ်။ သူတို့တွေကို မြို့နယ်သာသနာ့ဗိမာန်မှာ ယာယီနေရာချထားပြီးတော့ လူမှုရေးအဖွဲ့တွေက ကူညီပေးနေပါတယ်။ ဌာနဆိုင်ရာတွေကလည်း ရောက်လာကြပါတယ်။ နောက်ပြီးအင်ဂရေးချိုင်ကျွန်းမှာ ပင်လယ်နဲ့ နီးတဲ့ ပြင်ဖြူချိုင်ရွာနဲ့ အနီးအနားကလူတွေ တောင်ပေါ်ကိုတက်ပြီး ခိုလှုံနေရတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ အဆက်အသွယ်လုပ်နေကြပါတယ်"ဟု ပေါက်တောမြို့မှ လူမှုရေးလုပ်ငန်းလုပ်ကိုင်နေသော ကျောင်းဆရာ ဦးကျော်ဟိန်းက ပြောသည်။

ရခိုင်ပြည်နယ်မြို့နယ် အလိုက် မေ ၂၁ ရက် ညနေ ၃ နာရီအထိ ရရှိထားသော မိုးရေချိန်များမှာ စစ်တွေ ၁ ဒသမ ၆၁ လက်မ၊ ကျောက်တော် ၅ ဒသမ ၅၉ လက်မ၊ မောင်တော ၅ ဒသမ ၁၂ လက်မ၊ မြောက်ဦး ၃ ဒသမ ဝ၃ လက်မ၊ ကျောက်ဖြူ ၅ ဒသမ ၉၁ လက်မ၊ သံတွဲ ဝ ဒသမ ၈၃ လက်မ၊ ဂွ ၂ ဒသမ ၄၀ လက်မ ၊ အမ်း ၄ ဒသမ ၅၃ လက်မ၊ မာန်အောင် ၃ ဒသမ ၉၄ လက်မ၊ တောင်ကုတ် ၁ ဒသမ ၂၆ လက်မနှင့် ပလက်ဝ ၂ ဒသမ ၆၅ လက်မရှိကြောင်း စစ်တွေမိုးလေဝသဌာနမှ သိရသည်။

ကျောက်ဖြူမြို့မှ သတင်းထောက် ဦးစောမိုးကျော်က "ကျောက်ဖြူမှာ နံနက်ပိုင်း မိုးနဲ့လေအပြိုင် ပြင်းထန်ခဲ့ပါတယ်။ ပြီးတော့ ငြိမ်သွားပါတယ်။ မွန်းတည့် ၁၂ နာရီလောက်မှာတစ်ခါမိုးကြီးလာပါတယ်။ အခုချိန်တော့ အေးအေးဆေးဆေးပါ။ လေကလည်း မပြင်းထန်ပါဘူး။ မြစ်ပြင်မှာ လှိုင်းကလည်းပုံမှန်လောက်ပါပဲ"ဟု ညနေ ၄ နာရီက ဖုန်းဆက်မေးမြန်းချက်ကို ပြန်လည်ပြောကြားသွားသည်။

စစ်တွေမြို့နှင့် မြို့နယ်တိုင်းလိုလိုတွင် မေ ၂၀ ရက်မှစ၍ မုန်တိုင်းသတင်းပေးချက်များ ထုတ်ပြန်ပေးခဲ့ကြောင်း၊ ကြိုတင်စီမံချက်များကိုလည်း ပြုလုပ်ထားကြောင်း၊ ဌာနဆိုင်ရာများကိုလည်း အသင့်အနေအထား၌ ရှိနေရန်မှာကြားထားကြောင်း သိရသည်။ မေ ၂၁ ရက် ညနေပိုင်းအထိ စစ်တွေမြို့တွင် မိုးသည်းထန်လိုက်၊ တန့်လိုက်၊ တစ်ခါတစ်ခါ လေတိုက်လိုက်နှင့် ပုံမှန်အနေအထားသို့မရောက်နိုင်သေးကြောင်း သိရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲတွင် မြောက်လတ္တီကျု ၂၁ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၀ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်း ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေသို့ ဖြတ်ကျော်စဉ် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုင် ၅၀ မှ မိုင် ၆၀ ခန့်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ မိုင် ၄၀ မှ ၄၅ မိုင်ခန့် တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းထားသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေသို့ ဖြတ်ကျော်စဉ် မုန်တိုင်းဒီရေအမြင့်ဆုံးမှာ မောင်တောနှင့် စစ်တွေခရိုင် ကမ်းခြေဒေသများ၌ ၁၂ ပေမှ ၁၄ ပေခန့်အထိနှင့် ကျောက်ဖြူခရိုင်ကမ်းခြေဒေသ၌ ၁၀ ပေမှ ၁၂ ပေခန့်အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် မေ ၂၁ ရက်မှ ၂၃ ရက်အတွင်း တစ်ပြည်လုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွှန့်၊လေးဝတီထွန်းစောခိုင်**

## တစ်ပြည်လုံးတွင် မိုးပိုလာမည်

**နေပြည်တော် မေ ၂၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

တစ်ပြည်လုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး ၊ မကွေးတိုင်းဒေသကြီး ၊ ပဲခူးတိုင်းဒေသကြီး ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး ၊ တနင်္သာရီတိုင်းဒေသကြီး ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် မိုးပိုလာမည်။

(မိုး/ဇလ)

လေပြင်းများတိုက်ခတ်၍ မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ချင်းပြည်နယ် ဖလမ်းမြို့ဗလိုင်ရပ်ကွက် ဆောက်လုပ်ရေး ဝန်ထမ်းအိမ်ရာမြေထိန်းနံရံ ပြိုကျပျက်စီးနေသည်ကို မေ ၂၁ ရက်က တွေ့ရစဉ်

(ခရိုင် ပြန်/ဆက်)



# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ ဆိုချီနှင့် မော်စကိုမြို့၌ လှည့်လည်ကြည့်ရှုလေ့လာ

မော်စကို မေ ၂၁

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့မှ မော်စကိုမြို့သို့ ရောက်ရှိကြသည်။**

မော်စကိုမြို့၌ နိုင်ငံတော်သမ္မတသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပညာတော်သင် ကျောင်းသားကျောင်းသူများအား တွေ့ဆုံပြီး မော်စကိုမြို့၏ အထင်ကရနေရာများဖြစ်သည့် အနုပညာလမ်း (အာရဘတ်လမ်း) ကရင်မလင်နန်းတော်နှင့် ရင်ပြင်နီ နိုင်ငံတော်ယဉ်ကျေးမှု ပြဇာတ်ရုံများသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မေ ၂၀ ရက် ညနေပိုင်းက ဆိုချီမြို့ရှိ ဆိုချီ ငါးပြတိုက်သို့ သွားရောက်ပြီး ငါးမျိုးစိတ်များအား ပြခန်း၊ ပြကွက်အလိုက် စိတ်ဝင်စားဖွယ် ခေတ်မီနည်းစနစ်များ အသုံးပြု၍ ပြသထားမှုအခြေအနေများကို လည်းကောင်း၊ ဆိုချီအိုလံပစ်ဥယျာဉ် အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ထားရှိမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်စကိုမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ရုရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ယု၊ စစ်သံမှူး ဗိုလ်မှူးချုပ် ဝင်းမောင်နှင့် သံရုံး မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

နှစ်(၂၀)ပြည့် အာဆီယံ - ရုရှား ဆွေးနွေးဖက်ဆက်ဆံရေး အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးအပြီးတွင် ဆိုချီကြေညာချက်တစ်စောင်နှင့် Comprehensive Plan Of Action (2016-2020) ကို ထုတ်ပြန်နိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆိုချီ ငါးပြတိုက်တွင် ခေတ်မီနည်းစနစ်များ အသုံးပြု၍ ပြသထားသော ငါးမျိုးစိတ် ပြခန်းကို ကြည့်ရှုလေ့လာစဉ်**
(ဓာတ်ပုံ - ပြန်/ဆက်)





**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်အဖွဲ့ ဆိုချီအိုလံပစ်ဥယျာဉ်အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများ တည်ဆောက်ထားမှုကို ကြည့်ရှုလေ့လာစဉ်**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်း ဆောက်လုပ်မှုရပ်ဆိုင်းထားသည့် ၁၂ ထပ်အဆောက်အအုံ ဆက်လက်ဆောင်ရွက်မည့်ကိစ္စများ ဆွေးနွေး

**ရန်ကုန် မေ ၂၁**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်း ဆောက်လုပ်လျက်ရှိသော တိုးချဲ့သံကူကရစ် ၁၂ ထပ် အဆောက်အအုံဆောက်လုပ်ခြင်းနှင့် ပတ်သက်သည့် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Centre ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လက်ရှိဆောက်လုပ်မှု ရပ်ဆိုင်းထားသည့် ၁၂ ထပ် အဆောက်အအုံ၏ ဘတ်ဂျက်ခွဲဝေသုံးစွဲခဲ့မှုနှင့် ၂၀၁၆-၂၀၁၇ ခုနှစ် ဘတ်ဂျက်အရ အဆောက်အအုံဆက်လက်ဆောက်လုပ်ရန် လျာထားမှုဆိုင်ရာကိစ္စရပ်များအတွက် လက်ရှိဆောင်ရွက်ထားမှုများအား တင်ပြကြပြီး ရှေ့ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စများအား ဆွေးနွေးကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက ဆွေးနွေးပြောကြားရာတွင် ကျွမ်းကျင်သူများအဖွဲ့ဖွဲ့စည်းပြီး ဖော်ပြပါတင်ပြချက်များအား သေချာစွာ စိစစ်လေ့လာကာ ပြန်လည်တင်ပြပြီးမှသာ ဆက်လက်ဆောက်လုပ်ရမည့် ဆေးရုံအထပ်အရေအတွက်အား အတည်ပြုဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ လူနာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သက်သောင့်သက်သာဖြစ်စေရေး၊ သဘာဝဘေးအန္တရာယ် ဒဏ်ခံနိုင်ရည်ရှိပြီး အရေးပေါ်အခြေအနေများတွင် လုပ်ငန်းစဉ်မပျက်ကွက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ဆေးရုံအဆောက်အအုံဖြစ်ရန် လိုအပ်ကြောင်း၊ နှစ်ဖက်ကျွမ်းကျင်သူများပါဝင်သည့် ကော်မတီမှ တင်ပြလာသည့်အတိုင်း ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သည့်အခါ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူများ ပါဝင်သည့် လုပ်ငန်းကျွမ်းကျင်သူအဖွဲ့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွင်း ရုံးခန်းဖွင့်လှစ်၍ အဆောက်အအုံဆောက်လုပ်ပြီးစီးသည်အထိ တာဝန်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနနှစ်ခု ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းအား ယခင်ကမရှိခဲ့လျှင်လည်း ယခုမှစ၍ ကောင်းမွန်သောပြယုဂ်တစ်ခုအနေဖြင့် ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားစေလိုကြောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် လက်ရှိဆောက်လုပ်မှုရပ်ဆိုင်းထားသည့် အဆောက်အအုံ၏ ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ မြေပြင်အနေအထား၊ နှစ်ဖက်ကျွမ်းကျင်သူများ အကြံပြုထားသည့် ပြုပြင်ရန်လိုအပ်သည့် နေရာများ၊ ခွဲစိတ် ငါးထပ်ဆောင် အဆောက်အအုံနှင့် ချိတ်ဆက်နိုင်သည့်နေရာများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အိန္ဒိယအကဖျော်ဖြေပွဲ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်

**ရန်ကုန် မေ ၂၁**

အိန္ဒိယသံရုံး ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံအစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာနိုင်ငံတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော “အိန္ဒိယပွဲ” ၏ ကဏ္ဍတစ်ရပ်အနေဖြင့် တင်ဆက်မည့် Nrityarupa : A Mosaic of Indian Dance (မူဟန်အသွယ်သွယ်ဖြင့် ကပြဖျော်ဖြေတင်ဆက်မည့် အိန္ဒိယအကဖျော်ဖြေပွဲ)ကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ မေ ၂၃ ရက် ည ၇ နာရီမှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ သိရသည်။

အဆိုပါ အိန္ဒိယပွဲဖြစ်သော Nrityarupa အကမှာ အိန္ဒိယနိုင်ငံ တေးဂီတ၊ အကနှင့်ပြဇာတ် အမျိုးသားအကယ်ဒမီမှ Sangeet Natak Akademi ၏ အနုပညာစီစဉ်ညွှန်ကြားမှုဖြင့် ပုံဖော်ထားခြင်းဖြစ်ပြီး ပြည်နယ် ခြောက်ခု၏ အကပုံစံခြောက်မျိုးကို ဖျော်ဖြေတင်ဆက်ကြမည့် ထူးချွန်ဆုရ အကပညာရှင် ၁၃ ဦးက မိနစ် ၅၀ ကြာ မနားတမ်း ဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်သောကြောင့် ဖျော်ဖြေပွဲလာ ပရိသတ်များမှာ တစ်နေရာတည်း၌ ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်သည်။

ထိုကဲ့သို့ အိန္ဒိယအကဖျော်ဖြေပွဲများအား အခမဲ့လာရောက်ဖျော်ဖြေတင်ဆက်ရခြင်းမှာ မြန်မာနိုင်ငံရှိ အများပြည်သူများအနေဖြင့် အိန္ဒိယနိုင်ငံရှိ တစ်မူထူးခြားသည့် အကပြကွက်များကို တွေ့စေလို၍ လည်းကောင်း၊ နှစ်နိုင်ငံယဉ်ကျေးမှုများကိုလည်း ကပွဲလာပရိသတ်များ ပိုမိုသိစေလာပြီး နိုင်ငံအချင်းချင်း ဖလှယ်လို၍ လည်းကောင်း၊ အနုပညာပေါင်းစုံအား နိုင်ငံအချင်းချင်း မိတ်ဆက်လိုခြင်းနှင့် အိန္ဒိယနိုင်ငံရှိ အသံမထွက်သော ရုပ်သေးအကကိုလည်း ကပွဲလာပရိသတ်ပြည်သူများ ကြည့်ရှုခံစားနိုင်ကြစေရန်အတွက် လည်းကောင်း ကျင်းပရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ပြင် နိုင်ငံတကာယောဂနေ့ အား ဇွန် ၁၉ ရက်တွင် ရန်ကုန်မြို့၌ လည်းကောင်း၊ ဇွန် ၂၁ ရက်တွင် မန္တလေးမြို့၌ လည်းကောင်း အသီးသီးကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ သိရသည်။

**တင်လှမောင်**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၂၂-၅-၂၀၁၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆ း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၈ း၃၅ - **ပြည်သူ့အတွက် ပထမ ရက် ၁၀၀ (ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**

၉ း ၃၅ - ပြည်သူတို့ရဲ့စကားသံများ

၁၁ း ၁၅ - သက်ရှိများအတွက် လိုအပ်သော ဇီဝမျိုးစုံမျိုးကွဲများ

၁၂ း ၅၀ - ဆေးရောင်စုံရုပ်ရှင် “တစ်ဦးတည်းသောသား” လူမင်း၊ စည်သူတင်စိုး၊ ထွန်းအိန္ဒြာဗို၊ ဇင်ဇင်ဇော်မြင့် (ဒါရိုက်တာ-မောင်တင်ဦး)

**ညပိုင်း**

၁၅ း ၄၅ - **Ooredoo MNL - 1 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်** (ဇွဲကပင်ယူနိုက်တက် FC နှင့် ချင်းယူနိုက်တက် FC)

၁၈ း ၃၀ - ဆိုကြမယ် ပျော်ကြမယ်

၂၀ း၀၀ - ပြည်တွင်းသတင်း

၂၀ း၃၅ - **ပြည်သူ့အတွက် ပထမ ရက် ၁၀၀ (စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**



ကဆုန်လပြည့်နေ့က ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ညောင်ရေသွန်းပွဲတော်ကျင်းပရာ ဘာသာရေးအသင်းအဖွဲ့များ စေတီတော်အား လှည့်လည်ပူဇော်ကြစဉ်
ဓာတ်ပုံ - ရွှေအင်းသားခင်မောင်ဝင်း

# လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတွင် ၂၀၁၆ ခုနှစ်ကို အာဆီယံ-ရုရှား ယဉ်ကျေးမှုနှစ်အဖြစ် သတ်မှတ်

◆ ***ရှော့ဗုံးမှ***

နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွင် အရှေ့တောင်အာရှချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ ကုလသမဂ္ဂပဋိညာဉ် စာတမ်းတွင် ဖော်ပြထားသော နိုင်ငံတကာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအပေါ် လက်ခံလိုက်နာမှုအတွက် ကတိကဝတ်ပြုကြောင်း၊ အာဆီယံ ၂၀၁၅ ရည်မှန်းချက် အကောင်အထည်ဖော်မှုဆိုင်ရာအပါအဝင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ထောက်ခံသွားရန်၊ အာရှပစိဖိတ်ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်မှုများအတွက် ရုရှားနိုင်ငံ၏ အခန်းကဏ္ဍကို ကြိုဆိုကြောင်း၊ အရှေ့တောင်အာရှဒေသ နျူကလီးယားလက်နက်ကင်းဝေးစေရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသော အားထုတ်မှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သမားရိုးကျနှင့် သမာရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှု များကို ကျော်လွှားနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်အကြမ်းဖက်ဆောင်ရွက်မှုများ တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်၊ ဆိုက်ဘာရာဇဝတ်၊ နိုင်ငံတကာငွေကြေး ရာဇဝတ်မှု၊ ငွေကြေး ခဝါချခြင်း၊ လက်နက်မှောင်ခိုခြင်း၊ ပင်လယ်ဓားပြကိစ္စရပ်များ၊ တရားမဝင်ပြောင်းရွှေ့ခြင်းများ၊ လူကုန်ကူးမှုကိစ္စရပ်များအပါအဝင် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများအား တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်တို့ ပါဝင်သည်။

ထို့ပြင် အဆိုပါကြေညာချက်၌ ကုန်သွယ်မှုဆိုင်ရာအတွက် လေကြောင်းနှင့် ရေကြောင်းဆိုင်ရာ လွတ်လပ်စွာသွားလာခွင့်၊ ရေကြောင်းလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ တူညီဆန္ဒအပေါ် အခြေခံ၍ တောင်တရုတ်ပင်လယ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆောလျင်စွာ ပြီးစီးရေးနှင့် DOC အား အပြည့်အဝနှင့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးဆောင်ရွက်မည်ဖြစ်ကြောင်း၊ အရှေ့အာရှထိပ်သီးညီလာခံ၏ အခန်းကဏ္ဍ ပိုမိုတိုးတက်စေရေး၊ G 20, AWEM , APEC, UN စသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးတို့လည်း ပါဝင်သည်။

ထို့အတူ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းနှင့် AEC လမ်းပြမြေပုံ ၂၀၂၅ အပေါ် ထောက်ခံမှုပြုခြင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း SCO နှင့် EAEU ၊ အာဆီယံတို့အကြား အပြန်အလှန်အကျိုးရှိစေမည့် ဖြစ်နိုင်ခြေရှိသော ပူးပေါင်းဆောင်ရွက်မှုများရှာဖွေခြင်း၊ ဒေသတွင်း ငွေကြေးနှင့် စီးပွားရေးဆိုင်ရာ အခက်အခဲများကို တုံ့ပြန်နိုင်ရန်အတွက် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တစ်ရပ် တည်ထောင်ခြင်း၊ နိုင်ငံတကာငွေကြေးစနစ်ပြုပြင်ပြောင်းလဲမှုများ အားပေးခြင်း၊ နိုင်ငံတကာကုန်သွယ်မှုစည်းမျဉ်းဥပဒေများ သတ်မှတ်ဖြစ်ပေါ် ရေးအတွက် အားပေးခြင်း၊ ပုံမှန်ညှိနှိုင်းဆွေးနွေးမှုများမှတစ်ဆင့် ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း၊ အာဆီယံနိုင်ငံများနှင့် ရုရှားနိုင်ငံအကြား ကုန်သွယ်မှုပမာဏတိုးမြှင့်စေရေး ဆောင်ရွက်ခြင်း၊ အာဆီယံနှင့် EAEU အကြား လွတ်လပ်သောကုန်သွယ်ရေးဒေသဖော်ဆောင်နိုင်မည့် အလားအလာအတွက် ရုရှားနိုင်ငံမှ အဆိုပြုချက်တစ်ရပ် တင်ပြရန်ရှိခြင်း၊ ရေကြောင်း၊ ရထားပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေးနှင့် ရေကြောင်းဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်း၊ အပြန်အလှန်ကုန်သွယ်မှုနှင့် စီးပွားရေးအတွက် Electronic Commerce ပူးပေါင်းဆောင်ရွက်ရေး အလားအလာများ လေ့လာခြင်း၊ စွမ်းအင်ဆိုင်ရာဖူလုံခြင်း ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲလောင်စာ၊ နျူကလီးယားစွမ်းအင်၊ လျှပ်စစ်စွမ်းအင်၊ လောင်စာနှင့် သဘာဝဓာတ်ငွေ့များတွင် ပူးပေါင်းဆောင်ရွက်သွားရန်၊ သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်ပစ္စည်းများထုတ်လုပ်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန်၊ တရားမဝင် သတင်းဖော်ပြခြင်းမရှိသည့် ပုံမှန်မဟုတ်သော ငါးဖမ်းသည့် ကိစ္စရပ်များအပေါ် ဖြေရှင်းသွားရန်၊ ရေကြောင်းဆိုင်ရာ စီးပွားရေး( Maritime Economy) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများပေးသွားရန်၊ တက္ကသိုလ်များ၊ သုတေသနဆိုင်ရာစင်တာများအကြား အပြန်အလှန်ထိတွေ့မှုများ တိုးမြှင့်ခြင်းကို အားပေးသွားရန်၊ အာကာသပညာနှင့် ဆေးပညာတို့တွင် နည်းပညာနှင့် သိပ္ပံပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်၊ ပူးတွဲသုတေသနနှင့် နည်းပညာလွှဲပြောင်းခြင်းဆိုင်ရာတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်သည့် နည်းလမ်းများ ရှာဖွေသွားရန် Public-Private-Partnership (PPP) မှတစ်ဆင့် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအကြား ပူးပေါင်းဆက်သွယ်မှုကို အားပေးသွားရန်၊ အာဆီယံ-ရုရှား စီးပွားရေးကောင်စီမှတစ်ဆင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ ထိတွေ့မှုမြှင့်တင်သွားရန်၊ ကုန်သွယ်ရေးဆိုင်ရာ ဖြေလျှော့မှုများနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းများမှတစ်ဆင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရန်၊ အများပြည်သူအနေဖြင့် ငွေကြေးဆိုင်ရာ သိရှိနားလည်မှုများ အသိပညာမြှင့်တင်ပေးရန်၊ အာဆီယံနှင့် ရုရှားအကြား အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတွင် ငွေကြေးဆိုင်ရာ ထောက်ပံ့ခြင်းအတွက် ဖြစ်နိုင်သည့်နည်းလမ်းများ ရှာဖွေသွားရန်တို့ကို အစည်းအဝေးတက်ရောက်သူများက သဘောတူခဲ့ကြသည်။

ထို့ပြင် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် ၂၀၁၆ ခုနှစ်ကို အာဆီယံ-ရုရှား ယဉ်ကျေးမှုနှစ်အဖြစ် သတ်မှတ်အကောင်အထည်ဖော်သွားရန်၊ အပြန်အလှန် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများဖြင့် ပြည်သူအချင်းချင်း ပညာရေးဆိုင်ရာ မြှင့်တင်မှုများဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာပြပွဲများ၊ ပွဲတော်များ၊ အပြန်အလှန်ခရီးစဉ်မှတစ်ဆင့် ကွဲပြားခြားနားသော ယဉ်ကျေးမှုဆိုင်ရာအစဉ်အလာ၊ သမိုင်းကြောင်း၊ အမွေအနှစ်များအပေါ် သိရှိနားလည်ပြီး တန်ဖိုးထားသည့်အစဉ်အလာကို မြှင့်တင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် UN Convention on Climate Change အောက်တွင်ရှိသော ပဲရစ်သဘောတူညီချက်အား အတည်ပြုခြင်းကို ကြိုဆိုခြင်း၊ သက်ဆိုင်ရာနိုင်ငံနှင့် ဒေသတွင်း စီမံခန့်ခွဲမှုစင်တာများမှတစ်ဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ ရွှေ့ပြောင်းလုပ်သားများ၊ မသန်စွမ်းပုဂ္ဂိုလ်များ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို မြှင့်တင်ခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းဖြင့် လူသားဘဝ သာယာစိုပြည်ရေးမြှင့်တင်ပေးသွားခြင်း၊ မော်စကိုမြို့ နိုင်ငံတကာဆက်ဆံရေး တက္ကသိုလ်တွင် အာဆီယံစင်တာဖွင့်လှစ်၍ နှစ်ဖက်ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ခြင်း၊ ယဉ်ကျေးမှုနှင့် ပညာရေးဆိုင်ရာအပြန်အလှန်ခရီးစဉ်များ တိုးမြှင့်ခြင်းတို့ ပါဝင်သည်။

ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုနည်းပါးစေရေးနှင့် ပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် ဖွံ့ဖြိုးတိုးတက်မှုကာကွယ်မှုနည်းပါးစေရေးနှင့် ပေါင်းစည်းဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ (IAI -Initative for ASEAN Integration) အပါအဝင် အာဆီယံမှ အကောင်အထည်ဖော်လျက်ရှိသော အစီအစဉ်များအပေါ် ရုရှားနိုင်ငံ၏ ကူညီအားပေးမှုကို ကြိုဆိုခြင်း၊ အာဆီယံဆက်သွယ်မှုဆိုင်ရာ မဟာစီမံကိန်းနှင့်အညီ အာဆီယံပေါင်းစည်းဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်း၊ အကောင်အထည်ဖော်ရေးအပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ သတ်မှတ်တာဝန်ပေးသွားရန် အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို နှစ်စဉ်ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံ-ရုရှား CPA အတည်ပြုခြင်းကို ကြိုဆိုခြင်းနှင့် သင့်လျော်သည့်လုပ်ငန်းစဉ်မှတစ်ဆင့် အကောင်အထည်ဖော်ခြင်းများကို ဝန်ကြီးဌာနများမှ ကြီးကြပ်နိုင်ရန်အတွက် တာဝန်သတ်မှတ်ခြင်း၊ အာဆီယံ-ရုရှား မိတ်ဖက်ဆက်ဆံရေး ရန်ပုံငွေလုံလောက်စွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အစီအစဉ်များ သတ်မှတ်ဆောင်ရွက်သွားရန်တို့ ပါဝင်သည်။

အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းစဉ်(Comprehensive Plan Of Action-2016-2020)တွင် ငါးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် အကောင်အထည်ဖော်ရန် နည်းလမ်းများပါဝင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

**ရန်ကုန် မေ ၂၁**

ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ် (Service-Oriented Policing) ဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများ၊ NGO, INGO များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ဒီမိုကရေစီရဲလုပ်ငန်းကို အကောင်အထည်ဖော်ရန်အတွက် ထိန်းချုပ်ရေးကိုရှေးရှုသော ချဉ်းကပ်မှုမှ ဝန်ဆောင်မှုကို ရှေးရှုသော ချဉ်းကပ်မှုသို့ ပြောင်းလဲရန်လိုအပ်သည်။ လူ့အဖွဲ့အစည်းအတွင်းရှိ ပြဿနာများအား ဖော်ထုတ်သိရှိနိုင်ရန်နှင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန် ပြည်သူလူထုနှင့် ရဲတပ်ဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ ဝန်ဆောင်မှုကို ရှေးရှုသောစနစ်ကို အထောက်အကူပြုစေရန် ကောင်းမွန်သော အုပ်ချုပ်မှုနှင့် တာဝန်ယူမှုဆိုင်ရာ သန္နိဋ္ဌာန်နှင့်စပ်လျဉ်း၍ တရားဥပဒေစိုးမိုးမှုကို လေးစားလိုက်နာခြင်း၊ လူ့အခွင့်အရေးကို လေးစားခြင်း၊ တပ်ဖွဲ့တွင်းနှင့် တပ်ဖွဲ့ပြင်ပတို့တွင် တာဝန်ယူမှု၊ တာဝန်ခံနိုင်မှုရှိရန် လိုအပ်သည်။ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာမှတစ်ဆင့် ပြည်သူလူထုသို့ အသိပေးရန် လိုအပ်သည်။ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ကိုယ်ချင်းစာစိတ်ဖြင့် ဆောင်ရွက်နေမည်ဆိုပါက အလိုအလျောက် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်မည်ဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ဝင်းနိုင်က ရက် ၁၀၀ စီမံချက်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော လုံခြုံရေးရဲတပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့များမှ ရဲအရာရှိကြီးများနှင့် ရဲအရာရှိများ၊ အခြားအဆင့် တပ်ဖွဲ့ဝင်အင်အား ၂၅၀ နှင့်တွေ့ဆုံပြီး အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့ပြင် ရဲချုပ်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် ဖွင့်လှစ်လျက်ရှိသည့် ကိုယ်လုံပညာနှင့် ဖမ်းဆီးနည်း ပညာရပ်သင်တန်းမှ သင်တန်းသား သင်တန်းသူများ၏ လက်တွေ့သရုပ်ပြမှုအစီအစဉ်ကို ကြည့်ရှုပြီး ငွေကျပ် သုံးသိန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


# အိမ်ဖြူတော်အနီး၌ သေနတ်ကိုင်လူတစ်ဦးကို လုံခြုံရေးဝန်ထမ်းက ပစ်ခတ်ဖမ်းဆီး

**ဝါရှင်တန် မေ ၂၁**

အမေရိကန်သမ္မတဘားရက်အိုဘားမား ဂေါက်ရိုက်ထွက်ခွာစဉ် သောကြာနေ့က အိမ်ဖြူတော်အနီး၌ သေနတ်ကိုင်ထားသောလူတစ်ဦးကို အမေရိကန်လုံခြုံရေးဝန်ထမ်းတစ်ဦးက ပစ်ခတ်ခဲ့သည်။ အဆိုပါ ပစ်ခတ်ခံရသူမှာ ဆေးရုံသို့ ပို့ဆောင်ထားပြီး အခြေအနေ မသိရသေးကြောင်း သက်ဆိုင်ရာက ပြောသည်။

သမ္မတနှင့် ၎င်း၏မိသားစုကို ကာကွယ်ပေးရသော လုံခြုံရေးဝန်ထမ်းအား အိမ်ဖြူတော်ကို လုံခြုံစိတ်ချရစေရန် သတိပေးချက် ထုတ်ပြန်ထားကြောင်း အိမ်ဖြူတော်သို့ အဝင် အထွက်ပိတ်ထားစဉ်အတွင်း ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်သည် အိမ်ဖြူတော်အတွင်း ဘေးကင်းလုံခြုံလျက်ရှိကြောင်း အိမ်ဖြူတော်ပြောခွင့်ရသူက ပြောသည်။

အဆိုပါ အဖြစ်အပျက်မှာ အကြမ်းဖက်မှုနှင့် သက်ဆိုင်မှုမရှိကြောင်း နောက်ပိုင်းတွင် အာဏာပိုင်များက ပြောခဲ့သည်။



**ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အိမ်ဖြူတော်အနီးဝန်းကျင်၌ လုံခြုံရေးအရာရှိများကို တွေ့ရစဉ်**

ပစ်ခတ်မှုဖြစ်ပွားရာနေရာသည် သမ္မတရုံးခန်းနှင့် သမ္မတအိမ်တော် အပြင်ဘက်ရှိ တောင်ဘက်မြက်ခင်းပြင်အနီးရှိ ၁၇ လမ်းနှင့် အီးလမ်းကြား၌ဖြစ်သည်။ ညနေ ၃ နာရီထိုးပြီးချိန် ခဏအကြာ လုံခြုံရေးစစ်ဆေးရေးဂိတ်အနီး၌ သေနတ်ကိုင်ဆောင်ထားသော လူတစ်ဦးချဉ်းကပ်လာသဖြင့် လုံခြုံရေးဝန်ထမ်းက လက်နက်ချရန် အမိန့်ပေးခဲ့ကြောင်း သိရသည်။ မလိုက်နာသည့်အတွက် ၎င်းမှာ ပစ်ခတ်ဖမ်းဆီးခံခဲ့ရကြောင်း၊ ဆေးရုံသို့ ပို့ဆောင်ထားကြောင်း အရေးပေါ် ဆေးကုသရေးဌာနက ပြောသည်။

ဖြစ်ရပ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများကို အာဏာပိုင်များက ပြုလုပ်လျက်ရှိသည်။

**(ရိုက်တာ)**

# မဲဆွယ်စည်းရုံးရေးအတွက် ဒေါ်လာ ၇ ဒသမ ၅ သန်း ထရန့်ချေးငှားသုံးစွဲခဲ့

**ဝါရှင်တန် မေ ၂၁**

ဒေါ်နယ်ထရန့်သည် ရီပတ်ဘလစ်ကန်ကိုယ်စားပြုသမ္မတလောင်းဖြစ်လာရေး ဧပြီလအတွင်း မဲဆွယ်စည်းရုံးမှုကိုအမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်း အကုန်အကျခံသုံးစွဲခဲ့ပြီး အလှူရှင်များဆီမှဒေါ်လာ ၁ ဒသမ ၇ သန်း တိုးမြှင့်ကောက်ခံခဲ့ကြောင်း အမေရိကန်ရွေးကောက်ပွဲကော်မရှင်က သောကြာနေ့တွင် အချက်အလက်များ ထုတ်ပြန်ခဲ့သည်။

နယူးယောက်စီးပွားရေးလုပ်ငန်းရှင်သည် ၎င်း၏မဲဆွယ်စည်းရုံးရေးစတင်သည်မှ ဧပြီလကုန်ပိုင်းအထိ စုစုပေါင်းအမေရိကန်ဒေါ်လာ ၄၃ ဒသမ ၅ သန်းချေးငှားသုံးစွဲခဲ့ကြောင်း သိရသည်။ မကြာသေးမီကာလက ထရန့်သည် နိုဝင်ဘာရွေးကောက်ပွဲအတွက်ရည်ရွယ်၍ ၎င်း၏ရန်ပုံငွေကောက်ခံရေးဌာနတစ်ခု တည်ထောင်ခဲ့သည်။

မေလအစောပိုင်းက ပြိုက်ဘက်နှစ်ဦးစလုံးနုတ်ထွက်သွားပြီးနောက် ရီပတ်ဘလစ်ကန်ပါတီ၏ကိုယ်စားပြုယှဉ်ပြိုင်သူမှာ ထရန့်တစ်ဦးတည်းသာဖြစ်လာခဲ့သည်။ အထွေထွေရွေးကောက်ပွဲအတွက် ဒီမိုကရက်တစ်ကိုယ်စားပြုသူနှင့် ယှဉ်ပြိုင်လျှင် ၎င်းပိုင်ငွေကြေးများကိုသာ သုံးစွဲသွားမည်မဟုတ်ကြောင်း ပြောခဲ့သည်။

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်သည် ဧပြီလအတွင်း ပါတီတွင်ပူးတွဲရန်ပုံငွေကောက်ခံရမှုအပါအဝင် အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၄ သန်းရရှိခဲ့ကြောင်း သိရသည်။

အမေရိကန်အထက်လွှတ်တော်အမတ် ဘာနီဆန်းဒါးသည် ဒီမိုကရက်တစ်ကိုယ်စားပြုအတွက် ကလင်တန်နှင့် ယှဉ်ပြိုင်ရန် ဧပြီလအတွင်း အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၉ သန်းတိုးမြှင့်သုံးစွဲခဲ့သည်။

မေလတွင် ထရန့်သည် ရင်းနှီးမြှုပ်နှံသူ စတီဗင်မူချင်ကို ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာ ဥက္ကဋ္ဌအဖြစ်ခန့်အပ်ခဲ့ပြီး ရီပတ်ဘလစ်ကန်အမျိုးသားကော်မတီနှင့် ရန်ပုံငွေကောက်ခံမှုများ ပူးပေါင်းလုပ်ဆောင်စေခဲ့သည်။


**(ရိုက်တာ)**




# နယ်မြေပိုင်နက်ဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် ပူတင်အသင့်ရှိဟုဆို

**တိုကျို မေ ၂၁**

ငြိမ်းချမ်းရေးစာချုပ်နှင့် နယ်မြေအငြင်းပွားမှုဆိုင်ရာ ပြဿနာများကို ဂျပန်နှင့် ဆွေးနွေးရန်အသင့်အနေအထားရှိကြောင်း သောကြာနေ့တွင် ဆိုချီတောင်ပိုင်းကမ်းခြေ၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။




ပူတင်သည် မေ ၆ ရက်က ဆိုချီ၌ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသိမ်းပိုက်ထားသည့် ကျွန်းလေးကျွန်းကိစ္စကို ဆွေးနွေးခဲ့ကြသည်။

ရုရှားနိုင်ငံပိုင် ရုပ်သံမှ သတင်းထောက်တစ်ဦးက အဆိုပါကျွန်းများကို ကြေးမြင့်မြင့်ဖြင့် ရောင်းချရန်ကြိုးပမ်းနေခြင်း ရှိ မရှိ မေးမြန်းခဲ့ရာ သမ္မတပူတင်က ငြင်းဆိုခဲ့သည်။ မည်သည့်အရာမျှ ရောင်းချရန် စိတ်ကူးမရှိကြောင်းလည်း ပြောခဲ့သည်။

ကျွန်းများသည် ဂျပန်၏ မူလကတည်းက နယ်မြေပိုင်နက် အစိတ်အပိုင်းများဖြစ်သည်ဟူသောအချက်ကို ဂျပန်အစိုးရက စွဲကိုင်ထားပြီး အဆိုပါကျွန်းများသည် ဒုတိယကမ္ဘာစစ်အပြီး တရားမဝင် သိမ်းပိုက်ခံထားရခြင်းဖြစ်သည်။

ဂျပန်နှင့် ငြိမ်းချမ်းရေးစာချုပ်အကြောင်းအပါအဝင် အားကစားရေးရာ၊ စီးပွားရေးရာကိစ္စစသည်ဖြင့် ခေါင်းစဉ်ပေါင်းမြောက်မြားစွာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပူတင်ကပြောခဲ့သည်။

သို့သော်လည်း ပူတင်သည် ကိစ္စရပ်များကို တစ်ခုချင်းစီ သီးခြားဆွေးနွေးသွားမည် ဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

ဂျပန်မှ တောင်းဆိုထားသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ရှစ်ချက်သည် ငြိမ်းချမ်းရေးစာချုပ်ညှိနှိုင်းမှုနှင့်မသက်ဆိုင်ကြောင်း ရုရှားသမ္မတရုံးမှ အင်္ဂါနေ့က ပြောကြားခဲ့သည်။

အစီအစဉ်တွင် ရုရှား၏ အရှေ့ဘက်ပိုင်းဒေသဖွံ့ဖြိုးတိုးတက်ရေးများ ပါဝင်သည်။

**(အင်န်အိတ်ချ်ကေ)**




**သီရိလင်္ကာနိုင်ငံ ကီလန်နီယာခရိုင်ရှိ ယာယီနေရာချထားရေးစခန်းတွင် ရေလွှမ်းဒဏ် ခံစားခဲ့ရသည့် ပြည်သူများ ကူညီရေးပစ္စည်းများလိုအပ်လျက်ရှိနေသည်ကို တွေ့ရစဉ်။**

(သီရိလင်္ကာနိုင်ငံရေကြီးမြေပြိုမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၆၄ ဦးအထိ ရှိပြီဖြစ်ကြောင်း သောကြာနေ့က ထုတ်ပြန်ချက်အရ သိရသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ခရိုင်များစွာတွင် ရေကြီးလျက်ရှိကြောင်း သဘာဝဘေးဒုက္ခစီမံခန့်ခွဲရေးဌာနက ပြောသည်။)

**(ဆင်ဟွာ)**

# တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားမှုကိစ္စ ငြိမ်းချမ်းစွာဖြေရှင်းရန် ဆန္ဒရှိကြောင်း တရုတ်သံအမတ်ပြော

**လန်ဒန် မေ ၂၁**

တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားနေသော ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရန်ဆန္ဒရှိကြောင်းကို ဗြိတိန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်က မေ ၂၀ ရက်တွင် ပြောသည်။

လန်ဒန်၌ ပြုလုပ်သော နိုင်ငံတကာမဟာဗျူဟာလေ့လာရေးတက္ကသိုလ်၏ မိန့်ခွန်းတွင် ယင်းသံအမတ်က တရုတ်နိုင်ငံအနေဖြင့် ဒေသတွင်းနယ်မြေအငြင်းပွားကိစ္စရပ်များနှင့် ပတ်သက်၍ စိတ်ရှည်သည်းခံမှုကို အချိန်အတော်ကြာအလေ့အကျင့်ရထားပြီးဖြစ်ကြောင်း ပြောခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် အငြင်းပွားဖွယ်ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ကျိုးကြောင်းဆီလျော်စွာလုပ်ဆောင်နေခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ကိုယ်ပိုင်သည်းခံနိုင်မှုမရှိလျှင် တောင်တရုတ်ပင်လယ်အနေဖြင့် ယနေ့ကဲ့သို့ရှိနေမည် မဟုတ်ကြောင်းကို ပရိသတ်များအား ပြောခဲ့သည်။ တရုတ်နိုင်ငံ၏ အနေအထားနှင့် မူဝါဒအရ ရှေးယခင်ကပင် တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းများနှင့် သန္တာကျောက်တန်းများသည် တရုတ်နိုင်ငံနှင့် သက်ဆိုင်သည်ဟု ဆိုသည်။

တရုတ်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းများကို ပထမဆုံးတွေ့ရှိခဲ့ရာ အမည်များပေးခဲ့ပြီး တောင်တရုတ်ပင်လယ်အတွင်း တရားစီရင်ပိုင်ခွင့်ကိုလည်း ပထမဆုံးကျင့်သုံးခဲ့ပြီး ၎င်းကျွန်းများ ဖွံ့ဖြိုးတိုးတက်စေရန်လည်း ဦးဆုံးဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ပြောခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားနေသော တရုတ်နှင့် ဖိလစ်ပိုင်တို့သည် ယခုအခါ အငြင်းပွားမှုများကိုဖြေရှင်းရန် နှစ်ဖက်သဘောတူညီမှုများ ရရှိပြီးဖြစ်သည်။ တရုတ်၊ ဖိလစ်ပိုင်နှင့် အာဆီယံနိုင်ငံများကြားစီမံခန့်ခွဲမှုကြေညာချက်တွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နယ်မြေကိစ္စရပ်များနှင့် အငြင်းပွားပြဿနာများကို တရားစီရင်ရာတွင် ငြိမ်းချမ်းစွာဖြင့် ဖြေရှင်းဆောင်ရွက်ရန် အတိအကျသဘောတူထားပြီးဖြစ်ကြောင်း အလေးပေးပြောခဲ့သည်။

**(ဆင်ဟွာ)**

# ခံယူချက်၊ ယုံကြည်ချက်ချင်း မတူညီကြသည့် အာဖဂန်မှ အဖေနှင့်သား

ခြူးစန္ဒီနွေး



**၂၀၀၁ ခုနှစ်စက်တင်ဘာ ၁၁ ရက်မှာအမေရိကန်ရဲ့ ကုန်သွယ်ရေးအမြွာအဆောက်အအုံ တိုက်ခိုက်ခံရမှုနဲ့ပတ်သက်ပြီး အမေရိကန်တို့က တာလီဘန်တို့ဆီခိုလှုံနေတဲ့ အိုစမာဘင်လာဒင်ကို အမေရိကန်ထံလွှဲပြောင်းပေးဖို့၊ အယ်ခိုင်ဒါအဖွဲ့ကို အာဖဂန်တိုင်းပြည်အတွင်းမှ နှင်ထုတ်ပစ်ဖို့ တောင်းဆိုခဲ့ပါတယ်။ တာလီဘန်တို့က ဘင်လာဒင်အပါအဝင် အခြားသောအကြမ်းဖက်သမားလို့ သံသယရှိသူတွေကို အမေရိကန်ထံလွှဲပြောင်းပေးဖို့ငြင်းဆန်ခဲ့ပါတယ်။ အဲဒီကစပြီးအမေရိကန်ဟာ အာဖဂန်နိုင်ငံထဲကို ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီမတိုင်ခင်အာဖဂန်ပြည်တွင်းစစ်ဟာ ၁၉၉၆ ခုနှစ်ကနေ ၂၀၀၁ ခုနှစ်အထိ ဖြစ်ပွားနေခဲ့တာပါ။**

၂၀၀၁ ခုနှစ် ဒီဇင်ဘာလက ဟာမစ်ကာဇိုင်းကို အာဖဂန်ယာယီအစိုးရအဖွဲ့ခေါင်းဆောင်အဖြစ်ရွေးချယ်ခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာတော့ဟာမစ်ကာဇိုင်းကို အာဖဂန်နစ္စတန်နိုင်ငံရဲ့သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ပါတယ်။ ဒါပေမယ့် စစ်ပွဲတွေကတော့ ရပ်တန့်မသွားခဲ့ပါဘူး။ တာလီဘန်နဲ့ အာဖဂန်အစိုးရတပ်တွေကြား စစ်ပွဲတွေဆက်လက်ပေါ်ပေါက်ဆဲပါပဲ။ စစ်ပွဲနဲ့ဆက်စပ်တဲ့ ကြေကွဲဖွယ်ရာအဖြစ်အပျက်တွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။

သေနတ်စကိုင်ခဲ့တဲ့ ၁၅ နှစ်အရွယ်ကစပြီး အက်ဒ်ဘူလ်ဘတ်ဆာဟာ လူတွေအများကြီးကို သတ်ခဲ့တာပါ။သူ့အတွက်တော့ စစ်ဆင်ရေးတွေဆင်နွှဲရတယ်ဆိုတာ သာမန်ထမင်းစားရေသောက်ကိစ္စပါပဲ။ ဒါပေမယ့် သောကြာနေ့မှာဆင်နွှဲခဲ့ရတဲ့စစ်ဆင်ရေးကတော့ ယခင်စစ်ဆင်ရေးများနဲ့မတူ ခြားနားလို့နေခဲ့ပါတယ်။ ဘတ်ဆာကသူ့ရဲ့သားအရင်းကို ပြန်သတ်ရမယ့် စစ်ဆင်ရေးဖြစ်နေလို့ပါပဲ။ ဘတ်ဆာဟာအသက် ၄၀ ပတ်ဝန်းကျင်ရှိ အာဖဂန်အစိုးရတပ်ရဲ့ တပ်မှူးတစ်ဦးဖြစ်ပါတယ်။ ဘတ်ဆာရဲ့ ၂၂ နှစ်အရွယ်ရှိ သားဖြစ်သူ မူဟာမက်က အခြားသော တာလီဘန် စစ်သွေးကြွများနဲ့အတူ သောကြာနေ့ သန်းခေါင်ယံမှာပြုလုပ်မယ့် တိုက်ပွဲမှာပါဝင်မယ်လို့ မစ္စတာဘတ်ဆာက သတင်းရထားပါတယ်။

အာဖဂန်ရဲ့ ရှည်ကြာလှတဲ့ တိုက်ပွဲတွေ၊ စစ်ပွဲတွေကြားမှာ ကိုယ့်သားအရင်းကိုတောင် ပြန်သတ်ရမယ့် ဆုံးဖြတ်ချက်မျိုးချခဲ့ရတဲ့ မစ္စတာဘတ်ဆာရဲ့အဖြစ်ဟာ အာဖဂန်လိုနိုင်ငံမျိုးမှာ မထူးဆန်းလှပါဘူး။ တိုက်ပွဲတွေဟာပိုပိုပြီး ဖြစ်လာတယ်။ လူ့အသိုက်အဝန်းမှာ အတွင်းပိုင်းထိရောက်အောင် စိမ့်ဝင်လာတယ်။ ပြီးတော့ အနီးကပ်ဆုံး မိသားစုဝင်အချင်းချင်းကိုတောင် ရန်သူဘဝသို့ပြောင်းလဲပစ်လိုက်ပါတယ်။

ပေါင်ခတ်ထားတဲ့အတွေးအခေါ်အယူအဆတွေ၊ မဟာဗျူဟာနည်းလမ်းတွေနဲ့ ဆက်တိုက်ဆိုသလိုဖြစ်ပေါ်နေတဲ့ပဋိပက္ခတွေဟာမိသားစုတွေကိုစိတ်ဝမ်းကွဲစေပါတယ်။ ဆိုဗီယက်တို့ရဲ့ ကျူးကျော်တိုက်ခိုက်မှုကို လက်နက်စွဲကိုင်တိုက်ပွဲဝင်ခဲ့တဲ့ ပြောက်ကျားတပ်သားတွေ တိုက်ပွဲဝင်မှုကိုရပ်လိုက်တဲ့အခါ သူတို့ရဲ့ကွန်မြူနစ်ဆွေမျိုးတွေနဲ့ ရန်သူဖြစ်လာခဲ့တယ်။ အခုလည်း အာဖဂန်အစိုးရတပ်ရဲ့တပ်မှူး ဟာ သားဖြစ်သူကိုလိုက်လံဖမ်းဆီးရတဲ့အဖြစ်နဲ့ ရင်ဆိုင်နေခဲ့ရပါပြီ။ မစ္စတာဘတ်ဆာနဲ့ သူ့ရဲ့တပ်ဖွဲ့ဝင်တွေဟာ အဆောက်အအုံအတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ ဒုတိယအထပ်မှာတော့ သူတို့ဘာကိုမှမတွေ့ခဲ့ပါဘူး။ ပထမအထပ်မှာ မစ္စတာဘတ်ဆာရဲ့သား မူဟာမက်ဟာ ထွက်ပြေးဖို့ကြိုးစားခဲ့ပါတယ်။ မစ္စတာဘတ်ဆာက ရိုင်ဖယ်နဲ့ သားဖြစ်သူကို ပစ်ခတ်ခဲ့ပါတယ်။

"သူပြတင်းပေါက်ကနေ ပြုတ်ကျသွားတာ မြင်ရတော့ ငါတော့ သူ့ကိုသတ်မိပြီလို့ ထင်မိပါတယ်" လို့ မစ္စတာ ဘတ်ဆာက ပြောပါတယ်။ ဒီစစ်ဆင်ရေးမှာ တာလီဘန်ဘက်က သုံးဦးသေဆုံးခဲ့ပါတယ်။ ဒါပေမယ့် မူဟာမက်တော့ မပါခဲ့ပါဘူး။ ဦးခေါင်းမှာပဲ ဒဏ်ရာရခဲ့တယ်။ မစ္စတာ ဘတ်ဆာကတော့ ဘာပဲဖြစ်ဖြစ် သားဖြစ်သူကို ရှာကိုခေါ်သွားမယ်လို့ ပြောပါတယ်။

စစ်မြေပြင်မှာ မိသားစုဝင်အချင်းချင်း တိုက်ခိုက်နေတာဟာ ကျွန်တော့်အတွက်တော့ ထူးဆန်းတဲ့ကိစ္စမဟုတ်ဘူးလို့ ကဘူးလ်တက္ကသိုလ် နိုင်ငံရေးသိပ္ပံဌာနမှ ပါမောက္ခ ဖိုင်ဇူလာဂျလာက ပြောပါတယ်။ ၁၉၈၀ ပြည့်နှစ်များက ကဘူးလ်ရှိ ကွန်မြူနစ် အစိုးရနဲ့ CIA က ထောက်ပံ့ပေးထားတဲ့ ပြောက်ကျားတပ်တို့အကြား ဖြစ်ပွားခဲ့တဲ့စစ်ပွဲတွေကစပြီး ယခုတိုက်ပွဲတွေထိတိုင်အောင် ပဋိပက္ခတွေဖြစ်ပွားနေတာပါပဲလို့ မစ္စတာဂျလာက ပြောပါတယ်။

"အဖေယုံကြည်တာက တစ်မျိုး၊ သားယုံကြည်တာက တခြားနဲ့ စစ်မြေပြင်မှာ သားအဖချင်း ထိပ်တိုက်ကြုံတွေ့နေရတာဟာ မစ္စတာဘတ်ဆာ တို့သားအဖတင် မဟုတ်ပါဘူး။ အာဖဂန်မှာတော့ ဒီလိုအဖြစ်မျိုးတွေ ရာပေါင်း ထောင်ပေါင်းများစွာထိ ရှိပါတယ်" လို့ မစ္စတာ ဂျလာကထပ်ပြောပါတယ်။ ပြဿနာရဲ့အဓိကကတော့ နှစ်ဖက်စလုံးက ခေါင်းဆောင်တွေဟာ ပျက်စီးယိုယွင်းနေတာပါပဲ။ တာလီဘန်တွေက မူးယစ်မှောင်ခိုကုန်ကူးတယ်။ အာဖဂန်အစိုးရကတော့ ခြစားမှု သံသရာထဲမှာ နစ်မြုပ်နေတယ်။ အောက်ခြေမှာရှိတဲ့ ပြည်သူတွေကတော့ စစ်ပွဲတွေရဲ့ သားကောင်တွေဖြစ်နေတယ်။ အောက်ခြေမှာရှိတဲ့ နှစ်ဖက်စလုံးက တပ်ဖွဲ့ဝင်တွေဟာ အရေအတွက်အများကြီး သေဆုံးနေရပါတယ်။ တစ်ခါတစ်ရံ ဆွေမျိုးသားချင်းတွေရဲ့ လက်ချက်နဲ့ပဲ အသက်ဆုံးရှုံးခဲ့ရပါတယ်။ မစ္စတာ ဘတ်ဆာဟာလည်း စစ်ရဲ့သားကောင်ပါပဲ။ သူဟာ ငယ်ရွယ်စဉ်အထက်တန်းကျောင်းသားဘဝမှာပဲ တပ်ထဲဝင်ခဲ့ရတယ်။ တပ်မှူးအထိ ဖြစ်လာတယ်။ ဆိုဗီယက်တွေဟာ သူတို့ရဲ့ပြည်ထောင်စုကြီး ပြိုကွဲလုနီးနီးမှာ အာဖဂန်ကနေ ဆုတ်ခွာခဲ့တယ်။ ဒီအတိုင်း ဆုတ်ခွာသွားတာတော့မဟုတ်ဘဲ ပြဿနာတွေ တစ်ပုံကြီးနဲ့ ပြည်တွင်းစစ်ဖြစ်အောင် မီးမွှေးခဲ့ပြီးမှ ထွက်သွားတာပါ။

"ကျွန်တော့်လက်၊ ကျွန်တော့် သေနတ်နဲ့ တာလီဘန် ၁၅၀ ကျော်ကို သုတ်သင်ခဲ့ပြီးပြီ" လို့ မစ္စတာဘတ်ဆာက ပြောပါတယ်။ သူကစစ်ပွဲတွေ အများကြီးဆင်နွှဲခဲ့ဖူးပါတယ်။ သူ့ရဲ့သားကိုယ်တိုင်က သူ့ရဲ့ ရန်သူဖြစ်လာတဲ့အခါမှာတော့ မိသားစုတိုက်ပွဲကို ဆင်နွှဲရတော့တာပါပဲ။ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက သားဖြစ်သူ မူဟာမက်ဟာ တာလီဘန်နဲ့ အဆက်အသွယ်ရှိတဲ့ ဘာသာရေးခေါင်းဆောင်တွေရဲ့ အယူအဆတွေ လွှမ်းမိုးခံနေရပြီဆိုတာ မစ္စတာဘတ်ဆာ သတိပြုမိခဲ့ပါတယ်။

မစ္စတာဘတ်ဆာက တခြားမှာတိုက်ပွဲတွေ ဆင်နွှဲတုန်းသားဖြစ်သူကတော့ စစ်သွေးကြွအုပ်စုတွေနဲ့ အဆက်အသွယ်ပြုလုပ်ခဲ့ပါတယ်။ အလွန်ဒေါသထွက်ခဲ့ပေမယ့် သွေးသားရင်းဖြစ်လို့ သားဖြစ်သူကို ခွင့်လွှတ်ပေးခဲ့ပါတယ်။ မျိုးနွယ်စုခေါင်းဆောင်တွေရဲ့ ကြားဝင်စေ့စပ်ပေးမှုကြောင့် မိုဟာမက်မိသားစုရှိရာကို ပြန်လာခဲ့ပါတယ်။ တာလီဘန်တွေနဲ့ အဆက်အသွယ် မလုပ်တော့ဘူးဆိုတာကို သက်သေပြဖို့၊ အာဖဂန်စစ်တပ်ထဲကို မိုဟာမက်ဝင်ခဲ့ပါတယ်။ နှစ်နှစ်ခွဲလောက် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကလေးခုနစ်ယောက်အဖေ ဘတ်ဆာကတော့ သားရဲ့ယုံကြည်မှုတွေ တကယ်ရော ပြောင်းလဲရဲ့လားဆိုတာကို မေးခွန်းထုတ်ခဲ့ပါတယ်။ မိုဟာမက်က တပ်ဖွဲ့ဝင်တွေအပေါ် သစ္စာဖောက်ပြီး စစ်သွေးကြွတွေဆီမှာ လက်နက်ချမှာကို သူအကြောက်ဆုံးပါပဲ။ လွန်ခဲ့တဲ့နှစ်ကတော့ ဘတ်ဆာရဲ့သံသယတွေဟာ တကယ်ပဲဖြစ်လာပါတယ်။ မိုဟာမက်က တာလီဘန်တွေနဲ့ ပြန်ပြီးပူးပေါင်းခဲ့ပါတယ်။ အဖေဖြစ်သူကို အပယ်ခံဘဝရောက်အောင် လုပ်လိုက်တာပါပဲ။ ဒ့ါအပြင် ဘတ်ဆာရဲ့ ဒုတိယသားကလည်း တာလီဘန်အုပ်စုထဲ ဝင်ခဲ့တာပါပဲ။ ဒုတိယသားကတော့ မူဟာမက်လို အကြမ်းဖက် မရက်စက်ဘူးလို့ ဘတ်ဆာက ယုံကြည်နေခဲ့ပါတယ်။

မူဟာမက်ဟာ ဘယ်တော့မှ နောက်ကြောင်း ပြန်မလှည့်တော့ဘူးဆိုတာ သေချာသွားတဲ့နောက်မှာ မူဟာမက်ကို သတ်ပစ်ဖို့ ဘတ်ဆာဆုံးဖြတ်ခဲ့ပါတယ်။ သောကြာနေ့က ရဲဌာနအကြီးအကဲ နိုင်ဇာမူဒင်ထံမှ တပ်ကူတွေကို ဘတ်ဆာက တောင်းခံခဲ့ပါတယ်။ သူ့ရဲ့သားအပါအဝင် တခြားတာလီဘန်တွေကို တိုက်ခိုက်ဖို့ပါ။ တိုက်ပွဲဖြစ်ပြီးနောက် မူဟာမက်အသက်ရှင်ကျန်ရစ်ခဲ့ပါတယ်။ ဘတ်ဆာရဲ့ရည်ရွယ်ချက်ကတော့ မပြောင်းသေးပါဘူး။ သားဖြစ်သူကိုလည်း ခွင့်မလွှတ်နိုင်သေးပါဘူး။ သားကိုသားလို့ မမြင်ဘဲ တာလီဘန်လို့ပဲ မြင်နေခဲ့ပါတယ်။ လတ်တလောမှာတော့ အာဖဂန်နစ္စတန်အစိုးရနဲ့ တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ တာလီဘန်တွေ ပါဝင်ဖို့ အမေရိကန်တို့က တောင်းဆိုထားပါတယ်။ အာဖဂန်ငြိမ်းချမ်းရေးမူကြမ်းချမှတ်ဖို့ အမေရိကန်၊ ပါကစ္စတန်၊ အာဖဂန်နစ္စတန်နဲ့ တရုတ်နိုင်ငံတို့က ထိပ်တန်းသံတမန်များ မေ ၁၈ ရက်က တွေ့ဆုံခဲ့ကြပါတယ်။ အာဖဂန်ငြိမ်းချမ်းရေးဆွေးနွေးပွဲ အောင်မြင်မှုရမလား၊ မရဘူးလားဆိုတာကိုတော့ စောင့်ကြည့်ရမှာပါ။

**ကိုးကား-နယူးယောက်တိုင်းမ်**

**"အဖေယုံကြည်တာက တစ်မျိုး၊ သားယုံကြည်တာက တခြားနဲ့ စစ်မြေပြင်မှာ သားအဖချင်း ထိပ်တိုက်ကြုံတွေ့နေရတာဟာ မစ္စတာဘတ်ဆာတို့သားအဖတင် မဟုတ်ပါဘူး။ အာဖဂန်မှာတော့ ဒီလိုအဖြစ်မျိုးတွေ ရာပေါင်း ထောင်ပေါင်းများစွာထိ ရှိပါတယ်"**

## ပျက်ကျလေယာဉ်မှ သေဆုံးသူ ရုပ်အလောင်းအချို့တွေ့ရှိ

**ကိုင်ရို မေ ၂၁**

ပျက်ကျသည်ဟု အတည်ပြုပြီးနောက် မြေထဲပင်လယ်ပြင်၌ မျောပါလာသော ခရီးသည်များ၏ ပစ္စည်းအချို့နှင့် အပျက်အစီးများ၊ လူသေရုပ်အလောင်းများကို အီဂျစ်ရေတပ်မှ တွေ့ရှိခဲ့သည်ဟု သောကြာနေ့တွင် ပြောကြားခဲ့သည်။

အဲဘတ်စ်လေယာဉ်သည် ပါရီမှ ကိုင်ရိုသို့ ပျံသန်းစဉ် ကြာသပတေးနေ့နံနက်အစောပိုင်း က ပျောက်ဆုံးသွားသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး လေယာဉ်ပျက်မကျမီ ဝါရင့်လေယာဉ်မှူးမှာ ပြဿနာများစွာနှင့် ကြုံတွေ့ခဲ့ရသည်။

လေယာဉ်အပျက်အစီးအပိုင်းအစများ၊ ခရီးသည်များ၏ပစ္စည်းအချို့နှင့် သေဆုံးသူ ရုပ်အလောင်းများအား အီဂျစ်ရေတပ်မှ ရှာဖွေတွေ့ရှိခဲ့သည်ဟု မြို့ပြလေကြောင်းဝန်ကြီး ဌာန၏ ဖော်ပြချက်တွင် ပါရှိသည်။

အီဂျစ်သမ္မတ အယ်စီစီက အဆိုပါအဖြစ်အပျက်အတွက် ဝမ်းနည်းစကားပြောကြားခဲ့သည်။

(ရိုက်တာ)



ပျက်ကျ အီဂျစ်လေယာဉ်ပေါ်တွင် လိုက်ပါသွားသူများ၏ ဆွေမျိုးသားချင်းများ မေ ၂၀ ရက်က ကိုင်ရိုလေဆိပ်အနီးရှိ ဝတ်ပြုကျောင်း၌ သေဆုံးသူများအတွက် ဈာပနအခမ်းအနားပြုလုပ် ဆုတောင်းနေကြစဉ်

# ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းစဉ် SSA (ဝမ်ဟိုင်း)အဖွဲ့နှင့် ထိတွေ့တိုက်ပွဲများဖြစ်ပွား

**နေပြည်တော် မေ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကုန်းညကျေးရွာ၊ တွန်ဆောက်ကျေးရွာ၊ ကျောက်မဲမြို့နယ် နောင်ကွမ်ကျေးရွာ၊ တိန်းလုံကျေးရွာများနှင့် လားရှိုးမြို့နယ်၊ နမ္မဘောဒဒေသများသို့ ယခုလအတွင်း SSA(ဝမ်ဟိုင်း) အဖွဲ့က သတ်မှတ်နယ်မြေကျော်လွန်ဝင်ရောက်ကြောင်း နယ်မြေသတင်းများရရှိသဖြင့် တပ်မတော်စစ်ကြောင်းများက မိမိနယ်မြေအတွင်း ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ နယ်မြေရှင်းလင်းရာတွင် မေ ၅ ရက်မှ ၂၀ ရက်အတွင်း ပုံဝိုး- တောင်ခြေနယ်မြေနှင့် နမ်ပေါင်- နမ္မဘောဒနယ်မြေများတွင် စုစုပေါင်း ထိတွေ့တိုက်ပွဲ ၁၃ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့အလောင်း ခုနစ်လောင်း၊ လက်နက်ငယ် ကိုးလက်၊ ကျည်မျိုးစုံ ၁၁၂ တောင့်၊ ကျည်အိမ်မျိုးစုံ ၄၇ ခု၊ ယမ်းပျော့များ၊ ဒေသန္တရလုပ်မိုင်း လေးလုံး၊ ဆက်သွယ်ရေးစက် ရှစ်လုံးနှင့် အသုံးအဆောင်ပစ္စည်းများ၊ တရားမဝင်သစ်မျိုးစုံ ၁၀၅ တန်နှင့် သစ်တင်ယာဉ် ငါးစီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ တပ်ရင်းမှူးတစ်ဦး အပါအဝင် အရာရှိစစ်သည်တချို့ အသက်စွန့်ခဲ့ရကာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး လက်နက် ၁၈ လက်နှင့် ခဲယမ်းတချို့လည်း ဆုံးရှုံးခဲ့သည်။

SSA(ဝမ်ဟိုင်း) အဖွဲ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် ပါဝင်ဆွေးနွေးခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အပြင် သတ်မှတ်ထားသည့် နယ်မြေများအား ကျော်လွန်၍ မြို့ရွာအနီးအထိ ဝင်ရောက်ပြီး စခန်းပုန်းတည်ဆောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက် ခံခြင်းနှင့် ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း စသည့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး ထိခိုက်ပျက်ပြားစေရန် လုပ်ဆောင်ခဲ့သည်။

အဆိုပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သည် ၂၀၁၆ ခုနှစ် မတ်လနှင့် ဧပြီလအတွင်းကလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်းရှိ တီးမားကျေးရွာ၊ မုံးပေါ်ကျေးရွာ၊ ပန်နားကျေးရွာများသို့ နယ်မြေကျော်လွန် ဝင်ရောက်ခဲ့ပြီး ပြည်ထောင်စုကားလမ်းမကြီးနှင့် မူဆယ်၊ လားရှိုး၊ သိန်းနီ၊ ကွတ်ခိုင်မြို့များတွင် ဖောက်ခွဲဖျက်ဆီးရေးပြုလုပ်မည်ဖြစ်ကြောင်း သတင်းအရ နယ်မြေခံတပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းခဲ့ရာ SSA(ဝမ်ဟိုင်း)အဖွဲ့ဝင် ၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး လက်နက်မျိုးစုံ ၄၉ လက်အပါအဝင် မိုင်းများ၊ လက်ပစ်ဗုံးများ၊ ကျည်မျိုးစုံနှင့် ဆက်စပ်ပစ္စည်းများစွာ ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ၂၀၁၆ ခုနှစ် ဧပြီလ သင်္ကြန်ကာလအတွင်း နောင်ချိုမြို့နယ်အတွင်းရှိ ဂန့်ကော်ကျေးရွာသို့ လက်နက်ကိုယ်စီဖြင့် ဝင်ရောက်လာပြီး အပြစ်မဲ့ရွာသားများအား ရိုက်နှက်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ဒိုးပင်ကျေးရွာတစ်ဝိုက်တွင် တရားမဝင်သစ်ခိုးထုတ်ခြင်းများ ပြုလုပ်ခဲ့ပြီး မေ ၁၆ ရက်ကလည်း ကျောက်မဲမြို့နယ် နောင်ပိန်ကျေးရွာအနီး မန္တလေး-လားရှိုးသွား ပြည်ထောင်စုကားလမ်းမကြီးအပေါ်၌ တပ်မတော်ယာဉ်တန်းအား အဝေးထိန်းမိုင်းဖြင့်ဖောက်ခွဲ၍ ချောင်းမြောင်းပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သည်။

တပ်မတော်အနေဖြင့် တပ်မတော်ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ပါ အချက်အလက်များ ချိုးဖောက်လာပါက သတိပေးကန့်ကွက်ခြင်းနှင့် လိုက်နာမှုမရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၃၄၁ ပါအတိုင်း ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ပုံဝိုး၊ တောင်ခြေ၊ တောင်ထိပ်နှင့် နမ္မဘောဒနယ်မြေများကို ဆက်လက်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




# လေပြင်းတိုက် မိုးရွာချိန်များတွင် သတိကြီးစွာထား၍ သွားလာရန်လိုအပ်

**မုံရွာ မေ ၂၁**

ယခုရက်ပိုင်းတွင် ညနေပိုင်းအချိန်ရောက်လာလျှင် လေပြင်းတိုက် မိုးရွာသွန်းခြင်းများ နေရာအနှံ့တွင်ဖြစ်ပေါ်လျက်ရှိကြောင်း ကြားသိရပြီး လေပြင်းကြောင့် သစ်ပင်များလဲပြိုကျခြင်း၊ မြေပြိုခြင်း၊ မိုးရွာသွန်းမှုနှင့်အတူ မိုးကြိုးပစ်ခြင်းတို့ကြောင့် လူသေဆုံးမှုများလည်း ဖြစ်ပွားလျက်ရှိနေသည်။

သို့ဖြစ်ရာ လေပြင်းတိုက် မိုးရွာသွန်းချိန်များတွင် ကျေးလက်ဒေသများ၌ လယ်ယာလုပ်ငန်းပြန်သူများ၊ နွားကျောင်းပြန်သူများအနေဖြင့်လည်းကောင်း၊ မြို့ပေါ်မှ အလုပ်ပြန်သူ ဈေးသိမ်းသူ စသူများအနေဖြင့်လည်းကောင်း သတိကြီးစွာထားရန် လိုအပ်သလို မိုးရွာလေတိုက်ပြီဆိုလျှင် ဖုန်းများအသုံးပြုခြင်း၊ ရေဒီယိုအသုံးပြုခြင်းများကို အထူးသတိပြုသင့်သည်။

ဆားလင်းကြီးမြို့မှ မြို့ခံပြည်သူတစ်ဦးက "မေ ၁၆ ရက် ညနေပိုင်းက လေပြင်းတိုက်တာ ဆားလင်းကြီးမြို့ပေါ် အမှတ်(၃)ရပ်ကွက်နဲ့ ချည်မျှင်စက် အမိုးလန်တာတွေ ဖြစ်ကုန်တယ်။ အဆောက်အအုံဆိုတာ ပြန်ပြင်လိုက်ရင်ရတာပဲ။ ဒါပေမယ့် လူတွေရဲ့ အသိတစ်ချက်လွတ်တာရော ကံအကြောင်းတရားရောကြောင့် တချို့ရာသီဥတုကြောင့် အသက်ပေးလိုက်ရတာတွေရှိတယ်။ အရွယ်မတိုင်ခင်ကြွေကျရရှာသူတွေအတွက် စိတ်မကောင်းသလို နှမြောမိတယ်။ ဟိုတစ်နေ့က မြောက်ပိုင်းနားက ဘိန်းနွယ်ချောင်ရွာမှာ ကိုးနှစ်သမီး လေးတန်းကျောင်းသူလေး အိမ်ကန္တားငါးကောင်သိမ်းလာရင်း မိုးကြိုးထိသေသွားတယ်လို့ကြားရတာ စိတ်မကောင်းလိုက်တာ။ ဟိုတလောကလည်း မုံရွာမြို့သစ်ရပ်မှာ မိုးရွာလို့ သစ်ပင်အောက်ဝင်ခိုရင်း ဖုန်းသုံးတာ မိုးကြိုးထိသေသွားတယ်ဆိုတာလည်း ကြားရပါတယ်"ဟု ပြောသည်။

ဆားလင်းကြီးမြို့တွင် မေ ၁၆ ရက်က လေပြင်းတိုက်ခတ်ပြီး နေအိမ်များ၊ အခြားအဆောက်အအုံများ အမိုးများလန်ထွက်ပျက်စီးခဲ့သည်။ အမှတ်(၆) ချည်ထည်စက်ရုံ သုံးထပ်ဆောင်တွင် အမိုးသွပ် အချပ် ၇၀ လန်ထွက်ပျက်စီးခဲ့သလို အိမ်ထောင်စုမှူးနေအိမ် နှစ်ခန်းတွဲမှာ သစ်ပင်ပိ၍ ပျက်စီးခဲ့သည်။ ထို့အပြင် ဆားလင်းကြီးမြို့ အမှတ်(၃)ရက်ကွက် အထက်တန်းကျောင်းရှေ့ရှိ တယ်လီဖုန်းလိုင်းတိုင်မှာ ကျိုးကျခဲ့ပြီး ငါးဆူတန်းစေတီမှ စေတီတစ်ဆူ ထီးတော်မြေခဲ့သည်။ နေအိမ်အချို့လည်း လေပြင်းကြောင့်ပြိုကျခြင်းနှင့် သစ်ပင်ပိ၍ ကြိုကျခြင်းတို့ဖြစ်ပွားခဲ့သည်။ ထို့အပြင် အမှတ်(၃)ရပ်ကွက်အတွင်းနှင့် ဆားထုံးကျေးရွာအုပ်စုအတွင်းမှ လက်ပံကျွန်းရွာ တောကျောင်းကျေးရွာ ဒူးထောက်ကျေးရွာ ကံသာကျေးရွာနှင့် ပိုင်းတောင့်ကြီးကျေးရွာတို့တွင် လေပြင်းကြောင့် အိမ်တချို့ အမိုးများလန်ခဲ့ကြောင်း သိရသည်။

မေ ၁၅ ရက်ကလည်း မုံရွာမြို့၏ အရှေ့မြောက်ဘက် ခိုးသန်းကျေးရွာ၌ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကြက်ခြံများ၊ နွားစာတဲများ၊ လူနေအိမ်များ အမိုးလန်ပြိုကျပျက်စီးမှုများဖြစ်ခဲ့ပြီး ကျပ် ၃၅ သိန်းကျော် ဆုံးရှုံးကြောင်း သိရသည်။ ဝန်းသိုမြို့တွင်လည်း လေပြင်းတိုက်မိုးရွာသွန်းခြင်းကြောင့် ရွှေဝန်းသီတာရပ်၊ စော်ဘွားကြီးရပ်၊ စစ်ကဲကြီးရပ်၊ ပေကုန်းရွာ၊ လက်ပန်ကြီးရွာ၊ မြောက်လည်ရွာ၊ နမော်ရွာ၊ အောင်းကုန်းရွာ၊ လွင်ကြီးရွာနှင့် မော်နိုင်ရွာများတွင် အိမ်အလုံး ၂၀ ခန့် အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဗြိတိသျှကောင်စီ IELTS ဆု လျှောက်လွှာများ စတင်ခေါ်ယူ

**ရန်ကုန် မေ ၂၁**

ပြည်တွင်းပြည်ပနိုင်ငံများတွင် ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများကို ၂၀၁၇ ခုနှစ်မှစတင်၍ တက်ရောက်ပညာဆည်းပူးရန် ရည်ရွယ်ပြင်ဆင်ထားသော ကျောင်းသား ကျောင်းသူများအတွက် ဗြိတိသျှကောင်စီ၏ IELTS ဆု ၂၀၁၆-၂၀၁၇ လျှောက်လွှာများကို စတင်ခေါ်ယူနေပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် အရှေ့အာရှဒေသများဖြစ်သော ဟောင်ကောင်၊ မကာအို ၊ အင်ဒိုနီးရှား၊ ဂျပန် ၊ ကိုရီးယား ၊ မလေးရှား ၊ မြန်မာ ၊ ဖိလစ်ပိုင် ၊ စင်ကာပူ ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများရှိ ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုအတွက် စတာလင်ပေါင် ၆၀၀၀၀ ကျော် ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပြည်တွင်းအဆင့်ဆုအတွက် ဆုကြေးငွေ စတာလင်ပေါင် ၅၅၀၀၀ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

IELTS ရမှတ်ကို ကျောင်းဝင်ခွင့်အစိတ်အပိုင်းအဖြစ် သတ်မှတ်လက်ခံသော အဆင့်မြင့်ပညာဌာန၊ ကျောင်း၊ တက္ကသိုလ်ကောလိပ် စသည်တို့၌ ၂၀၁၇ ခုနှစ်တွင် ဘွဲ့ကြို၊ ဘွဲ့လွန်ပညာကို ဆက်လက်ဆည်းပူးရန် ရည်ရွယ်ထားသော လက်ရှိမြန်မာနိုင်ငံအတွင်းနေထိုင်သည့် ကျောင်းသား ကျောင်းသူများထံမှ လျှောက်လွှာများကို လက်ခံလျက်ရှိကြောင်းသိရသည်။ လျှောက်ထားသူများအနေဖြင့် ဗြိတိသျှကောင်စီ စာစစ်ဌာနများ၌ IELTS စာမေးပွဲကို ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ နောက်ပိုင်းကာလအတွင်းဖြေဆိုခဲ့ပြီး စာမေးပွဲအပိုင်းတစ်ခုချင်းစီတွင် အနည်းဆုံး band 6 ရရှိထားရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။ လျှောက်လွှာပိတ်ရက်မှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ဖြစ်ကာ ဗြိတိသျှကောင်စီ IELTS ဆုနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို http://www.ieltsasia.org/ielts-prize/myanmar/တွင် ဝင်ရောက်လေ့လာနိုင်မည်ဖြစ်သည်။

IELTS ၏ တရားဝင်စာစစ်ဌာနတစ်ခုအနေဖြင့် ဗြိတိသျှကောင်စီမှ IELTS ဖြေဆိုရန် စာရင်းသွင်းပြီး ပြင်ဆင်နေသူ ကျောင်းသား ကျောင်းသူများအား Road to IELTS " နာရီ ၃၀ အခမဲ့ အွန်လိုင်းလေ့ကျင့်ပြင်ဆင်ရေးဝန်ဆောင်မှု အပါအဝင် ပံ့ပိုးမှုများကို အပြည့်အဝပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ရွေးချယ်မှု စုံလင်အဆင်ပြေစေရန်အတွက် စာမေးပွဲများကို တစ်လလျှင် သုံးကြိမ် ဖွင့်လှစ်စစ်ဆေးပေးလျက်ရှိကြောင်း သိရသည်။

**မြတ်စန္ဒီ**

# (၁၃)ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲသို့ မြန်မာအားကစားသမားများ ယှဉ်ပြိုင်ရန်လေ့ကျင့်နေ

**ဆိပ်ဖြူ မေ ၂၁**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် (၁၃)ကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက် ကာယဗလနှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကာယဗလနှင့် ကာယကြံ့ခိုင်မှုမျိုးဆက်သစ်အားကစားသမားများ အောင်မြင်မှုရရှိရေးအတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် လက်ရွေးစင်စခန်း၌ လေ့ကျင့်လျက်ရှိကြောင်း သိရသည်။



"ကျွန်တော်တို့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလက ကျင်းပခဲ့တဲ့ ပြည်ထောင်စုနေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲမှာ အလားအလာရှိတဲ့ အားကစားသမားများကိုရွေးပြီး အရှေ့တောင်အာရှပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်တာဖြစ်ပါတယ်။ မျိုးဆက်သစ်ကာယဗလမောင်များက ပြိုင်ဘက်ကိုယှဉ်ပြိုင်နိုင်တဲ့ လက်ရွေးစင်အဆင့်ရှိတဲ့ ကစားသမားများဖြစ်တဲ့အတွက် အောင်မြင်မှုများ ရရှိနိုင်ပါတယ်။ အမျိုးသမီးကာယကြံ့ခိုင်မှုကစားသမားများ လေ့ကျင့်မှုကို စနစ်တကျသင်ကြားပေးနေရပါတယ်။ မေလကစပြီး အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦးတို့ကို မြန်မာနည်းပြများနဲ့ နံနက်တစ်ချိန်၊ ညနေတစ်ချိန် လေ့ကျင့်ပါတယ်။ အဓိကပြိုင်ဘက်က ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့ကို ယှဉ်ပြိုင်ရမှာပါ" ဟု လက်ရွေးစင်စခန်းတာဝန်ခံ ဦးကျော်စိန်သန်းက ပြောသည်။

(၁၃)ကြိမ်မြောက် အရှေ့တောင်အာရှတံခွန်စိုက်ကာယဗလနှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ ၆၀ ကီလိုတန်း မောင်မောင်မြင့်၊ ၆၅ ကီလိုတန်း လမင်းတရာ၊ ၇၀ ကီလိုတန်း ရဲထွန်းနောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် ၁၆၀ စင်တီမီတာအောက် ပိုးအိဖြူ၊ ၁၆၅ စင်တီမီတာအထက် ထားဦးဝေတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း - အေကေလင်း**

**ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**

# ဓာတ်အားစီးဝင်နေသော သံဆန့်ခါကိုကိုင်မိ၍ ကလေးငယ်လေးဦး သေဆုံး

**စဉ့်ကူး မေ ၂၁**

မိုးဖွဲဖွဲကျနေစဉ် နေအိမ်အပြင်ဘက်ထွက်ပြီး ဆော့ကစားသော ကလေးငယ်လေးဦးမှာ လျှပ်စစ်ဓာတ်အား စီးဝင်နေသော ခြံဝင်းသံဆန့်ခါကို ကိုင်မိပြီး တစ်ဦးကိုတစ်ဦးဆွဲရာမှ လေးဦးစလုံး ဓာတ်လိုက်သေဆုံးမှု စဉ့်ကူးမြို့၌ မေ ၂၀ ရက် ညနေ ၃ နာရီခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စဉ့်ကူး-ကျောက်မြောင်းသွားကားလမ်းမ အနောက်ဘက် စဉ့်ကူးမြို့သစ် (၁)ရပ်ကွက်ရှိဦးမောင်တိုး၏နေအိမ်တွင် ဓာတ်တိုင်အမှတ်(၆၁)မှ လျှပ်စစ်မီးသွယ်ယူထားသော ဝိုင်ယာဆားဗစ်ကြိုးမှာ လမ်းဘေးရှိ ဦးတင့်ပိုင်ဆိုင်သော ခြံဝင်းကိုကာရံထားသည့် သံဆန့်ခါပေါ်သို့ ကျရောက်ပြီး သံဆန့်ခါတွင် လျှပ်စစ်ဓာတ်အားစီးဝင်နေသည်ကို မသိဘဲ ဦးကျော်လင်းထွန်း၏ အသက်ရှစ်နှစ်အရွယ် သမီးနှင့် အသက်လေးနှစ်အရွယ် သားတစ်ဦး၊ ဦးသီဟအောင်၏ အသက် ခုနစ်နှစ်နှင့် ခြောက်နှစ်အရွယ် သမီးနှစ်ဦး စုစုပေါင်း ကလေးငယ်လေးဦးမှာ သံဆန့်ခါကို ကိုင်မိရာမှ ဓာတ်လိုက်ခံရပြီး ဒဏ်ရာများအသီးသီး ရရှိခဲ့ကြခြင်းဖြစ်သည်။ ကလေးငယ်များကို မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ဆေးရုံ၌ သေဆုံးခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားပြီးနောက် တာဝန်ရှိသူများက သံဆန့်ခါတစ်လျှောက်လိုက်လံစစ်ဆေးခဲ့ရာ အဆိုပါသံဆန့်ခါ၌ ကြွက်များ၊ ဖားများနှင့် ကြောင်တစ်ကောင်လည်း ဓာတ်လိုက်သေဆုံးနေသည်ကို တွေ့ရကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် စစ်ဆေးနိုင်ရန် ဒုရဲအုပ်ထင်လင်းက တရားလိုပြုလုပ်၍ စဉ့်ကူးမြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး စခန်းမှူး ဒုတိယရဲမှူးကိုကိုလှိုင်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်**

# ယာဉ်မရှင်းဘဲ လမ်းမကြီးပေါ် ကွေ့မောင်းသော ဆိုင်ကယ် ကယ်ရီသမား ကားတိုက်သေဆုံး

**တိုက်ကြီး မေ ၂၁**

တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု လသာကုန်းကျေးရွာ ရန်ကုန်-ပြည်လမ်းပေါ်တွင် ဆိုင်ကယ် ကယ်ရီမောင်း တစ်ဦးအား မေ ၂၀ ရက် နံနက် ၁ နာရီခွဲက ယာဉ်တိုက်မှုဖြစ်၍ သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ လသာကုန်းကျေးရွာ ဆည်မြောင်းပေါင်လမ်းအတိုင်း အရှေ့မှ အနောက်သို့ ဆိုင်ကယ် ကယ်ရီမောင်း ဦးခင်မောင်ဦး (၄၈နှစ်) မင်္ဂလာ (၃) လမ်း မင်္ဂလာရပ်ကွက် တိုက်ကြီးမြို့နယ်နေသူ စီးနင်းမောင်းနှင်လာသော Kenbo 125 (နံပါတ်မရှိ) အနီရောင်ဆိုင်ကယ်သည် Eighty Two စားသောက်ဆိုင်အနီး ရန်ကုန်-ပြည်လမ်း မိုင်တိုင်အမှတ်(၄၆/၄)နှင့်(၄၆/၅)ကြားအရောက် ဆည်မြောင်းပေါင်လမ်းမှ ရန်ကုန်-ပြည်ကားလမ်းပေါ်၌ ယာဘက်ချိုးကွေ့မောင်းနေစဉ် ရန်ကုန်- ပြည်လမ်းအတိုင်း တောင်မှ မြောက်သို့ ယာဉ်မောင်း နေမျိုး(ခ)ကုလား (၂၇နှစ်) မင်္ဂလာစံပြ(၁)လမ်း တိုက်ကြီးမြို့နယ်နေသူ မောင်းနှင်လာသော 9A---- Landcruiser အနီပုပ်ရောင် ကိုယ်ပိုင်ယာဉ်ကို ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်နှင့် ယာဉ်ပျက်စီး ပြီး ခင်မောင်ဦးတွင် (စိုးရိမ်ရ) ဒဏ်ရာများရရှိကာ တိုက်ကြီးဆေးရုံ၌ ကုသစဉ် သေဆုံးသွားသည်။

ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်သူ ခင်မောင်ဦးအား တိုက်ကြီး မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# မြစ်ကြီးနား-ရန်ကုန်အဝေးပြေးကား တံတားကို ဝင်တိုက်ပြီး လမ်းဘေးထိုးကျ

**မိုးညှင်း မေ ၂၁**

ကချင်ပြည်နယ် မိုးညှင်းမြို့၏ တောင်ဘက်အထွက်တွင် မြစ်ကြီးနားမှ ရန်ကုန်သို့ တိုက်ရိုက်ပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်တစ်စီးသည် တံတားပေါ်တွင် အရှိန်မထိန်းနိုင်ဘဲ တံတားလက်ရန်းများကို ဝင်တိုက်ကာ လမ်း၏ဝဲဘက်သို့ ထိုးကျသွားခဲ့သည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ မေ ၂၀ ရက် ညနေ ၃ နာရီအချိန်တွင် မြစ်ကြီးနားမှ ရန်ကုန်ဘက်သို့ ထွက်ခွာလာသည့် ယာဉ်မောင်း ဦးသိန်းဝင်းမောင်းနှင်ပြီး ခရီးသည် ၃၀ လိုက်ပါလာသော High Class ယာဉ်သည် မိုးညှင်းမြို့အထွက် တံတားအမှတ်(၁/၁၈၇) ပေါ်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ဝဲဘက်တံတား ကွန်ကရစ်လက်ရန်းများကို ဝင်တိုက်ကာ လမ်း၏ဝဲဘက်သို့ ထိုးကျခဲ့သည်။

မော်တော်ယာဉ်ပေါ်လိုက်ပါလာသူများအားလုံး ထိခိုက်ဒဏ်ရာ မရရှိဘဲ အခင်းဖြစ်ရာနေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ လာရောက်ကာ လိုအပ်သည်များကို ကူညီခဲ့ကြသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်း ဦးသိန်းဝင်းအား မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ခင်မောင်ဦး**



# လွိုင်ကော်မြို့၌ နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွား



**လွိုင်ကော် မေ ၂၁**

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါ်နိုးကူးရပ်ကွက်၌ မေ ၂၁ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က နေအိမ်နှစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုသည် ဦးအောင်ဝင်း၏ နေအိမ်အပေါ်ထပ်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဦးစိုင်းထူး(ခ) ဦးကျော်ဇံနေဝင်း၏ နေအိမ်သို့ ဆက်လက်ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာသို့ လွိုင်ကော်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၈ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့က မီးသတ်ကား ငါးစီးနှင့် ရေသယ်ကား တစ်စီးတို့ဖြင့် လာရောက်ငြိမ်းသတ်ခဲ့၍ နံနက် ၉ နာရီအချိန်တွင် မီးငြိမ်းခဲ့သည်။

မီးစတင်လောင်ကျွမ်းခြင်းအကြောင်းရင်းကို သက်ဆိုင်ရာ ရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ရဲနောင်(လွိုင်ကော်)**

# ယာဉ်သုံးစီးဆင့်တိုက်မှုဖြစ်ပွား၍ လူတစ်ဦးသေဆုံး

**ကော့ကရိတ် မေ ၂၁**

ကရင်ပြည်နယ် ကော့ကရိတ်မြို့အနီး တတန်ကူးကျေးရွာ ဘုရားကွေ့တွင် မေ ၁၉ ရက် နံနက် ၇ နာရီက မော်တော်ယာဉ်သုံးစီးဆင့်တိုက်မှု ဖြစ်ပွားခဲ့ပြီး တစ်ဦးသေဆုံးကာ တစ်ဦးဒဏ်ရာရခဲ့ကြောင်း ကော့ကရိတ်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့မှ ကော့ကရိတ်မြို့သို့ အမည်နှင့် နေရပ်စုံစမ်းဆဲ အသက် ၃၀ နှစ်ခန့်အရွယ် အမျိုးသမီးတစ်ဦး မောင်းနှင်လာသော Toyota Ipsum မော်တော်ယာဉ်သည် တတန်ကူးကျေးရွာအရောက် ဘုရားကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်အရပ်မှ မင်းနိုင်ဦး(၂၉ နှစ်)မောင်းနှင်လာသော Toyota Filder ယာဉ်နှင့် မျက်နှာချင်းဆိုင်တိုက်မိခဲ့ပြီး နောက်တစ်ပတ်လည်ထွက်သွားကာ ၄င်းယာဉ်နောက်မှ ယာဉ်မောင်းအောင်မိုးကျော်(၄၀ နှစ်) မောင်းနှင်လာသော Toyota Hiace Commuter ယာဉ်နှင့် ဆက်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်သုံးစီးဆင့်တိုက်မိခဲ့သဖြင့် ယာဉ်နှစ်စီးကြားညှပ်နေသော Filder အနက်ရောင်ယာဉ်ပေါ်တွင်ပါလာသည့် ယာဉ်မောင်း မင်းနိုင်ဦးနှင့် ယာဉ်ပေါ်ပါ ဒေါ်ဝါဝါစိုးနှင့် မဝင်းမော်နီတို့တွင် (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့ပြီး ဒေါ်ခင်မြဝင်း(၇၂ နှစ်)မှာ ရရှိသော ဒဏ်ရာများကြောင့် နေရာတွင် သေဆုံးခဲ့သည်။ Toyota Hiace Commuter ယာဉ်ပေါ်ပါ အောင်ဇော်မြင့်မှာ (မစိုးရိမ်ရ)ဒဏ်ရာရရှိပြီး ဒဏ်ရာရသူများအား ကော့ကရိတ်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသထားသည်။

Toyota Ipsum ယာဉ်ကို မောင်းနှင်လာသည့် အမျိုးသမီးမှာ ထွက်ပြေးတိမ်းရှောင်




သွားသဖြင့် တရားဥပဒေအရ အရေးယူပေးရန် ကော့ကရိတ်မြို့မစခန်း၌ ရဲအုပ်သက်ဆွေက တရားလိုပြုလုပ်တိုင်တန်းထားပြီး ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# နွားများ တရားမဝင် သယ်ဆောင်လာသူကို စစ်ဆေးအရေးယူ

**ဗန်းမောက် မေ ၂၁**

ဗန်းမောက်မြို့နယ် သောင်ကြီးကျေးရွာအနီး၌ နွားထီးသုံးကောင်ကို တရားမဝင်သယ်ဆောင်လာသူတစ်ဦးအား ဗန်းမောက်မြို့မရဲစခန်းက မေ ၂၀ ရက်က ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ဗန်းမောက်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မင်းကိုလွင်နှင့်တပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် နွားထီးသုံးကောင်ကို သယ်ဆောင်လာသူတစ်ဦးအား စစ်ဆေးရာ ဖိုးကျား(၃၉နှစ်)ဖြစ်ပြီး တစ်ကောင်လျှင် ငွေကျပ်သုံးသိန်းခန့်တန်ဖိုးရှိ နွားထီးသုံးကောင်ကို ပင်လည်ဘူးမြို့နယ်မှဝယ်ယူခဲ့ပြီး ဗန်းမောက်မြို့နယ်မှတစ်ဆင့် ကချင်ပြည်နယ်ဘက်သို့ ပို့ဆောင်ရောင်းချရန် သယ်ယူလာခြင်းဖြစ်ကြောင်း သိရသဖြင့် ဥပဒေအရ ရဲအုပ်မင်းကိုလွင်က ဗန်းမောက်မြို့မရဲစခန်း၌ အမှုဖွင့်ထားပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**


ကားကြော်ငြာ စတစ်ကာကပ် ကျွမ်းကျင်အဖွဲ့/ ဝန်ထမ်းများ အလိုရှိသည်။
ဖုန်း-၀၉-၇၈၅၀၈၃၂၈၈

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၆ဂ/၈၇၀၀ Toyota Mark II JZH 110, S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထိန်ဝင်း ၁၂/သဃက(နိုင်)၁၃၂၇၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 7I/1157 Honda Fit GE6, Hatch Back (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးတင့်လွင် ၁၂/သခန(နိုင်)၀၉၅၂၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 7F/9553 Honda CRV RD1 Station Wave(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးမင်းသိဏ် ၁၂/ကမရ(နိုင်)၀၅၆၆၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 2D/9485 Toyota Mark II, Gx110, Sloon (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်မိုး ၁၀/သထန(နိုင်)၀၈၀၀၀၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)တိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ် ၂၀၊ ဧရိယာပေ(၄၀×၆၀) ဒေါ်ငွေငွေညွန့်အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးကျော်မင်း ၁၂/လသယ(နိုင်)၀၁၁၈၃၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေလင်းအောင် ၁၂/ဒဂတ(နိုင်)၀၀၉၄၂၅က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။
အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့)အထက်တန်းရှေ့နေ**
**ရုံး-ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၄၂၅၂၉၀၃၄၄၊ ၀၉-၉၇၁၀၈၆၇၃၅**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄စီ၂ (အက်စ်-၇၁)၊ မြေကွက်အမှတ် ($\overline{V}$-၁၆)၊ မြေကွက်တည်နေရာ အမှတ်(၅၃)၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ် (ဒေါ်သန်းနု) အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ် ၁၀၄၄/၆၇ ၁၈-၁၂-၁၉၆၇အရ ဒေါ်ထေးကျင်(ခ) ဒေါ်ငွေးကျင်မှ ပိုင်ဆိုင်လာပြီး ၄င်းထံမှ ပိုင်ဆိုင်စာချုပ် ၁၁၀၅/၁၆ ၁၀-၃-၂၀၁၆အရ ဒေါ်ခင်ချောစိန်၊ ဒေါ်ဒေစီ၊ ဒေါ်ခင်ငွေးမြင့်တို့မှ ပိုင်ဆိုင်လာပါသည်။ ဒေါ်ခင်ချောစိန်၊ ဒေါ်ဒေစီ၊ ဒေါ်ခင်ငွေးမြင့်တို့အနက် ဒေါ်ခင်ချောစိန် ၁၂/တမန(နိုင်) ၀၆၉၅၆၅၊ ဒေါ်ဒေစီ၁၂/တမန(နိုင်) ၀၅၅၆၆၆တို့ထံမှ GP ၂၆၄၇၆/၁၄ ၂၅-၉-၁၄ရရှိသူ ဒေါ်ခင်ငွေးမြင့် ၁၂/တမန(နိုင်) ၀၇၂၂၆၀မှ ၄င်းကိုယ်တိုင်အတွက်ပါ ပူးတွဲလျက် သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက်တို့မှ ဂရန်ပျောက်ဆုံးကြောင်း ထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူနှင့် မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**
တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၄စီ၂(အက်စ်-၇၁)၊ မြေကွက်အမှတ် ($\overline{V}$-၁၅)၊ မြေကွက်တည်နေရာအမှတ် (၃၅)၊ ကျောက်ရေတွင်းလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ် (ဒေါ်သန်းနု)အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ် ၁၀၄၄/၆၇(၁၈-၁၂-၁၉၆၇)အရ ဒေါ်ထေးကျင်(ခ) ဒေါ်ငွေးကျင်မှ ပိုင်ဆိုင်လာပြီး ၄င်းထံမှ ပိုင်ဆိုင်စာချုပ် ၁၁၀၅/၁၆(၁၀-၃-၂၀၁၆)အရ ဒေါ်ခင်ချောစိန်၊ ဒေါ်ဒေစီ၊ ဒေါ်ခင်ငွေးမြင့်တို့မှ ပိုင်ဆိုင်လာပါသည်။ ဒေါ်ခင်ချောစိန်၊ ဒေါ်ဒေစီ၊ ဒေါ်ခင်ငွေးမြင့်တို့အနက် ဒေါ်ခင်ချောစိန် ၁၂/တမန(နိုင်)၀၆၉၅၆၅၊ ဒေါ်ဒေစီ ၁၂/တမန(နိုင်)၀၅၅၆၆၆တို့ထံမှ GP၂၆၄၇၆/ ၁၄ (၂၅-၉-၁၄)ရရှိသူ ဒေါ်ခင်ငွေးမြင့် ၁၂/တမန(နိုင်)၀၇၂၂၆၀မှ ၄င်းကိုယ်တိုင်အတွက်ပါ ပူးတွဲလျက် သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက်တို့မှ ဂရန်ပျောက်ဆုံးကြောင်း ထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူနှင့် မြေကွက်အမည်ပြောင်း လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



ရတနာပုံအသင်းနှင့် ရောဝတီအသင်းတို့ယှဉ်ပြိုင်နေစဉ် (ဓာတ်ပုံ-ဖိုးသော်ဇင်)

# ထိပ်ဆုံးမှ ရတနာပုံအသင်း ရောဝတီအသင်းကို အနိုင်ရရှိ

**ရန်ကုန် မေ ၂၁**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ အဖွင့်ပွဲစဉ်ဖြစ်သည့် ပွဲစဉ် (၁၂)ပထမနေ့ ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကျင်းပရာ ရတနာပုံအသင်းနှင့်ရန်ကုန်အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

ပုသိမ်မြို့ရှိ ကျောက်တိုင်ကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းက အိမ်ရှင်ရောဝတီအသင်းကို ငါးဂိုး-သုံးဂိုးဖြင့်အနိုင်ရရှိခဲ့သည်။ ရာသီဝက်ချန်ပီယံ ရတနာပုံအသင်းမှာ အဝေးကွင်းဖြစ်သော်လည်း အကောင်းဆုံးပုံစံ ပြသနိုင်ခဲ့ပြီး ဂိုးပြတ် အနိုင်ရယူနိုင်ခဲ့သောကြောင့် ချန်ပီယံ မျှော်မှန်းချက်ကို ဆက်လက် အကောင်အထည်ဖော် နိုင်ခဲ့သည်။ အမှတ်ပေးဇယားထိပ်ပိုင်း၌ ရပ်တည်နေသည့် ရောဝတီအသင်းမှာ အိမ်ကွင်းရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ထိပ်ဆုံးမှရတနာပုံအသင်းနှင့် အမှတ်ကွာဟမှုပိုကြီးသွားခဲ့သည်။ နှစ်သင်းစလုံးမှာ အမာခံကစားသမားအစုံအလင်ဖြင့်ပွဲထွက်ခဲ့ပြီး ပွဲအစ ငါးမိနစ်တွင် ခြေစွမ်းပြနေသည့် ဝင်းနိုင်စိုးက ရတနာပုံအသင်းအတွက် အဖွင့်ဂိုး စတင်သွင်းယူပေးခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၁၈ မိနစ်တွင် အချင်းများခဲ့သည်။ ရောဝတီအသင်းခေါင်းဆောင် မင်းမင်းသူနှင့် ရတနာပုံတိုက်စစ်မှူး မာတူနာတို့ အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ မိနစ် ၃၀ နောက်ပိုင်းတွင် ရတနာပုံအသင်း ပိုဖိကစားနိုင်ကာ ဂိုးများရခဲ့ပြီး အောင်သူက ၃၈ မိနစ်နှင့် ၄၁ မိနစ်တွင် နှစ်ဂိုး၊ ရဲကိုဦးက ပထမပိုင်းပြီးခါနီးတွင် တစ်ဂိုး ထပ်မံသွင်းယူခဲ့သည်။

အိမ်ရှင်ရောဝတီအသင်းမှာ ဒုတိယပိုင်းတွင် ချေပဂိုးရရှိရန် အားထည့်လာခဲ့ပြီး ၆၄မိနစ်တွင် ပယ်နယ်တီမှ ခရစ္စတိုတာ၊ ၇၄ မိနစ်တွင် အောင်ကျော်နိုင်၊ ၈၁ မိနစ်တွင် တာကူမူတို့က ချေပဂိုးများ ပြန်သွင်းနိုင်ခဲ့သော်လည်း ခြေစွမ်းပြနေသည့် အောင်သူက ၇၁ မိနစ်တွင် ၎င်းအတွက် ဟက်ထရစ်ဂိုးနှင့် ရတနာပုံအသင်းအတွက် ပဉ္စမမြောက်ဂိုးတို့ကို သွင်းယူခဲ့သည်။ မိနစ် ၈၀ ကျော်တွင် ရတနာပုံအသင်းမှ သိန်းသန်းဝင်းကို ကွင်းလယ်ဒိုင်က အဝါကတ်နှစ်ကြိမ်ပြခဲ့သော်လည်း ထုတ်ပယ်ခြင်းမရှိဘဲ ရောဝတီအသင်းက ကန့်ကွက်စောဒကတက်မှ ပြန်လည်ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်အသင်းက မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ရန်ကုန်အတွက် အနိုင်ဂိုးများကို ၅ မိနစ်တွင် ကျော်ကိုကို၊ ၈၆ မိနစ်တွင် ဒေးဗစ်ဒန်းတို့က သွင်းယူပေးခဲ့ပြီး ၂၇ မိနစ်တွင် ကျော်ကိုကို ပယ်နယ်တီကန်ခွင့်ရသော်လည်း လွဲချော်ခဲ့သည်။

**ယနေ့ပွဲ**

**(အောင်ဆန်းကွင်း)**

ဟံသာဝတီ - ရှမ်းယူနိုက်တက်

**(သုဝဏ္ဏကွင်း)**

ဇွဲကပင် - ချင်းယူနိုက်တက်

**ညီမြတ်သော်တာ**

# အရှေ့တောင်အာရှအလှမယ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ကော့သောင်းသူအလှမယ် နေသီရိထွန်း အင်ဒိုနီးရှားသို့ သွားမည်

**ခင်ရတနာ**

**ရန်ကုန် မေ ၂၁**

Miss Southeast Asia 2016 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ကော့သောင်းသူအလှမယ် နေသီရိထွန်း **(အောက်ပုံ)**သည် မေ ၂၂ ရက် နံနက် ၆ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံသို့ စင်ကာပူနိုင်ငံမှတစ်ဆင့် သွားရောက် ယှဉ်ပြိုင်တော့မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသည် အရှေ့တောင်အာရှ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ အလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ရသည့် ပြိုင်ပွဲတစ်ခုဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံအချင်းချင်း ပိုမိုရင်းနှီးချစ်ကြည်စွာနှင့် ယဉ်ကျေးမှု၊ အလှတရားများ၊ နိုင်ငံအသီးသီး၏ ရိုးရာဓလေ့များကို ဖလှယ်ခြင်းပြုနိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။

နေသီရိထွန်းအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး အခြားနိုင်ငံတကာ ပြိုင်ပွဲများအတွက် ရွေးချယ်သည့် မြန်မာအလှမယ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးသူတစ်ဦး ဖြစ်သည်။

"၂၀၁၄ ခုနှစ်တုန်းက မအိမ့်မြတ်ချယ်က မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ Miss Southeast Asia မှာ ပြိုင်ပွဲယှဉ်ပြိုင်ခဲ့ဖူးပြီး အခုဒုတိယအကြိမ် ၂၀၁၆ ခုနှစ်မှာ ကျွန်မက မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ လေ့ကျင့်မှုတွေ အများကြီးတော့ လုပ်ထားပေမယ့် Voting ပိုင်းကိုလည်း အားပေးကြဖို့ ပရိသတ်တွေကို တောင်းဆိုချင်ပါတယ်။ နယ်ကဆိုတော့ ပိုပြီးကြိုးစားရမယ်ဆိုတဲ့အသိနဲ့ ရွေးချယ်ခံရဖို့ အများကြီးအားထည့်ပြင်ဆင်ထားပါတယ်"ဟု အလှမယ်နေသီရိထွန်းက မြန်မာ့အလင်းသို့ ပြောသည်။

အရှေ့တောင်အာရှနိုင်ငံပေါင်း ၁၀နိုင်ငံမှ အလှမယ် ၁၀ ဦးတို့ ယှဉ်ပြိုင်ကြမည့် အဆိုပါပြိုင်ပွဲသို့ မေ ၂၅ရက် တွင် Talent ယှဉ်ပြိုင်မှု၊ မေ ၂၆ ရက်တွင် Modeling နှင့် ဝတ်စားဆင်ယင်မှု၊ မေ ၂၈ ရက်တွင် အမျိုးသားယဉ်ကျေးမှုဝတ်စုံဖြင့် အဖွင့်ယှဉ်ပြိုင်မှုများနှင့် ဖိုင်နယ်ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပစဉ်တစ်လျှောက်တွင် မြန်မာအလှမယ်များအား နိုင်ငံတကာစင်မြင့်သို့ တက်ရောက်ခွင့်ရရန် စီစဉ်ပေးနေသည့် အလှမယ်လုနထွန်းက လိုက်ပါ၍ အကူအညီများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။



❐ *ကျော*ဖုံးမှ

ထို့အပြင် ရန်ကုန်လေဆိပ်၌ လက်စတာအသင်းသားများနှင့် ကလေးသူငယ်များတွေ့ဆုံမည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လက်စတာအသင်းသည် ထိုင်းနိုင်ငံမှတစ်ဆင့် လာရောက်မည်ဖြစ်ပြီး အသင်းတာဝန်ရှိသူများ၊ နည်းပြအဖွဲ့ဝင်များနှင့် ကစားသမားများလိုက်ပါလာမည်ဖြစ်ကာ ယူရိုပြိုင်ပွဲယှဉ်ပြိုင်မည့် အမာခံကစားသမားအချို့ လိုက်ပါလာနိုင်ခြင်း မရှိပေ။

လက်စတာအသင်းသည် မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောင်ပွဲခံခြင်းဖြစ်သည်။ လက်စတာအသင်းသည် ထိုင်းစီးပွားရေးလုပ်ငန်းရှင် ပိုင်ဆိုင်သည့် အသင်းဖြစ်သည်။

လက်စတာအသင်းသည် ယခုရာသီတွင် နာမည်ကြီးအသင်းများဖြစ်သည့် မန်စီးတီး၊ မန်ယူ၊ အာဆင်နယ်၊ စပါးအသင်းတို့ကို ကျော်ဖြတ်ကာ ပရီမီယာလိဂ်ချန်ပီယံဆုကို ပထမအကြိမ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **ဖိုးသော်ဇင်**


## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၁၃) ရပ်ကွက်၊ အကွက်အမှတ် (၅၂)၊ စက်မှုဇုန် (ရေနံဇုန်) အကွက်၊ ဦးပိုင်အမှတ် (M -၁၇)၊ ဧရိယာ (၀ဒသမ၀၄၁)ဧကရှိမြေအား ဦးကျော်နိုင်ဦးက ၎င်း၏အမည်ဖြင့် မြေငှားဂရန် (အသစ်) ချထားပေးပါရန် လျှောက်ထားချက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အောင်မေတ္တာ (၁) လမ်း၊ (၂)ရပ်ကွက်၊တိုက်အမှတ် (၃၇) ၄လွှာ ဒါဘ(ညာ)ခြမ်းကို ကျွန်မပိုင်ရှင်ဖြစ်သူ ဒေါ်နွယ်နီအောင် ၁၂/ရကန(နိုင်) ၀၇၄၁၁၂ မှ မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ပေါင်နှံထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်နွယ်နီအောင်**

**ဖုန်း-၀၉-၄၄၈၀၃၉၇၄၈**

## အမွေပြတ်စွန့်လွှတ်ခြင်း

ရွှေဘိုမြို့နယ်၊ တအုံကျေးရွာနေ ကျွန်တော်ဦးသိန်း၏သမီး ဒေါ်ညိုရင် SBO-၁၁၇၂၁၀ သည် ဖခင်ကြီးအား အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ပြီးယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးသိန်း**
**၅/ရဘန(နိုင်)၀၄၉၃၈၀**

## ဝန်ထမ်းအလိုရှိသည်

Golden Farmer Power Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် ဆောက်လုပ်ရေးလုပ်ငန်းနှင့် စားသောက်ဆိုင်လုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ကိုက်ညီသူ ဝန်ထမ်းများ အလိုရှိပါသည်။

**(၁)ကုမ္ပဏီဝန်ထမ်း**

(က) လ/ထမန်နေဂျာ-ဘွဲ့ရအသက်(၃၀)အထက် ၂ ဦး
(ခ) ကြီးကြပ်ရေးမှူး-ဘွဲ့ရ(အသက် ၂၀ မှ ၃၀အထိ) ၂ ဦး
(ဂ) စာရင်းကိုင် B.Com (အသက် ၂၀ မှ ၃၀ အထိ) ၂ ဦး

**(၂)ဆောက်လုပ်ရေးလုပ်ငန်း**

(က) မန်နေဂျာ ဘွဲ့ရ ၁ ဦး
(ခ) အင်ဂျင်နီယာ BE(Civil) (အသက်၂၀မှ၃၀အထိ) ၂ ဦး

**(၃)စားသောက်ဆိုင်လုပ်ငန်း**

(က) စာရင်းကိုင် (B.com) ၂ ဦး
(ခ) အရောင်းစာရေး(အခြေခံပညာအထက်တန်းအောင်) ၄ ဦး
(ဂ) Waiter (အခြေခံပညာအထက်တန်းအဆင့်) ၁၀ ဦး
(ဃ) အထွေထွေဝန်ထမ်း(အခြေခံပညာအလယ်တန်းအဆင့်) ၁၀ ဦး

ဆက်သွယ်ရန်လိပ်စာ -၈/၇၊၈/၈ ဇီဝကဆေးဆိုင်ခန်း၊ Golden Farmer Power Co.,Ltd သပြေကုန်းရပ်ကွက်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၃၂၇၃၃၊ ၀၉-၇၈၇၈၄၅၄၄၄၊ ၀၉-၃၃၃၅၅၂၇၇

အလုပ်လျှောက်ထားလိုသူများသည် ရုပ်ရည်သန့်ပြန့်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ စကားပြောပြေပြစ်သူဖြစ်ရမည်။ ခြောက်လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းလက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်သန်းခေါင်စာရင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာမိတ္တူတို့နှင့်အတူ ၃၁-၅-၂၀၁၆ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနရှိ ဌာနခွဲများတွင် အသုံးပြုရန်အတွက် ရုံးသုံးစာရေးကိရိယာပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် မိတ္တူကူးစက်ဆက်စပ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၃-၅-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၆-၆-၂၀၁၆ရက် ညနေ ၃ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ထောက်ပံ့/ဖြည့်တင်းရေးဌာနခွဲ**
**စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ် ၄၃၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၃၂၃**

**ဖခင် အမည်မှန်**

မိုင်းလုံမြို့ အထက(န၀မတန်း)တွင် ပညာသင်ကြားနေသူ နန်းငုဝါလှိုင်းနှင့် (သတ္တမတန်း)မှ စိုင်းအာကာမင်းတို့၏ ဖခင်အမည်မှန်မှာ ဦးမင်းသိန်းဦး ၅/မမန(နိုင်)၈၆၀၈၄၈ ဖြစ်ပါကြောင်း။

**ဦးမင်းသိန်းဦး (မိုင်းလုံမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄အေ(အက်စ် ၉၁)၊ မြေကွက်အမှတ် ၄၃၊ မြေကွက်တည်နေရာအမှတ် ၃၄၊ သမ္မာဒိဋ္ဌိလမ်း၊ ဗျေးကွယ်ရပ်ကွက်၊ တာမွေမြို့နယ် ဦးအုန်းမြင့်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၃၄၈/၂၀၁၅နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမဇာရီမှုအမှတ် ၁၉၁/၂၀၁၅ဘိလစ်ခန့်စာတို့တင်ပြပြီး တရားရုံးဦးအုန်းမြင့်ကိုယ်စားတရားရုံးဘိလစ် ဒေါ်အိအိဖြူ ၁၂/ဒဂတ(နိုင်)၀၆၇၉၄၉ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်အိမ်ရာ၊ တိုက်အမှတ် (၁၅)၊ အခန်းအမှတ် ၀၀၁၊ ဗိုလ်မှူးကြီးသိန်းနိုင် ၅/ဘတလ(နိုင်)၀၀၀၃၀၂အမည်ပေါက်တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်အား ဒေါ်ဥမ္မာအောင် အမည်ဖြင့် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## တက္ကစီယာဉ်များအတွက် အပိုဝင်ငွေ

ကြော်ငြာစတစ်ကာကပ်ခြင်းဖြင့် အပိုဝင်ငွေရရှိနိုင်ပါပြီ၊ တစ်နှစ်လျှင် ၂၂၀၀၀ဝိ/ရရှိမည်။ ရန်ကုန်မြို့တွင်း ဆွဲသည့် Probox/ AD Van/ Fielder/ Caldina/ ဖင်ကောက်ကားများ ကပ်လို့ရသည်။

**ဖုန်း-၀၉-၇၉၀၉၇၈၅၇၈၊ ၀၁-၃၇၃၆၀၃၊ ၀၁-၃၇၃၆၀၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/4404 Honda Fit GE6 Hatch Back(4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးဌေးဝင်း ၁၂/သကတ(နိုင်)၀၄၄၀၆၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/3257 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၅၆၅၆ Honda Wave RSK 110 ယာဉ်လက်ဝယ်ရှိသူ ဦးစစ်ကြူတ်(ခ) ဦးအောင်တင် ၇/ပမန(နိုင်)၀၆၉၀၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြည်)**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ အနော်မာအနောက် (၁၈)လမ်း၊ အမှတ်(၁၇)နေ ဒေါ်မြကျင် ၁၂/သကတ(နိုင်)၁၀၆၉၆၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ဒေါ်မြကျင် ၁၂/သကတ(နိုင်)၁၀၆၉၆၀သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၉-၅-၂၀၁၄ရက်စွဲပါ စာအမှတ်(၁၄၅၉၂)ဖြင့် ဦးကျော်မင်း (ဘ)ဦးဆာလေအာမက် (TME-038168) အမှတ်(၅၀)၊ ဓမ္မဒါနလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်အား အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားခြင်းကို ၁၁-၅-၂၀၁၆ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြကျင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း အထက်တန်းရှေ့နေ(စဉ်-၂၉၉၁၈)**
**LL.B,D.B.L,D.I.L**
**အမှတ်(၅၂)၊ အခန်း(၂၄)၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်**
**ဖုန်း-၀၉-၄၉၀၈၇၃၉၊ ၀၉-၄၀၂၅၄၄၄၃၉**

# ပထမရက် ၁၀၀ စီမံချက်ဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင် ၂၀ ပြုပြင်နေ

**ရန်ကုန် မေ ၂၁**

အစိုးရသစ်မှ ချမှတ်သော ပထမ ရက် ၁၀၀ အတွင်း ပြုပြင်ပြောင်းလဲရေးကို ဝန်ကြီးဌာနများက အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပထမရက် ၁၀၀ စီမံကိန်းကို ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး လမ်းပိုင်းအချို့ပြုပြင်မှုများဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းမကြီးတစ်ခု ဖြစ်လာခဲ့သည့် လမ်းမကြီးပေါ်၌ ဖြစ်ပျက်နေသည့် ယာဉ်တိုက်မှုသတင်းများမှာ ယာဉ်မောင်းသူအချို့၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာမှုတို့ကြောင့် နေ့စဉ်နီးပါး ယာဉ်များတိမ်းမှောက်မှု၊ ယာဉ်တိုက်မှုတို့အမြဲ ဖြစ်လျက်ရှိနေသည်ကို ကြားသိတွေ့မြင်နေကြရသည်။

လမ်းတံတားပညာရှင် အင်ဂျင်နီယာအချို့နှင့် ယာဉ်မောင်းသူအချို့၏ ဆိုစကားအရ လမ်းတည်ဆောက်မှုမှာ အမြန်ပြီးလိုခြင်း၊ အရည်အသွေးမမီခြင်းတို့ကြောင့် ယင်းကဲ့သို့ဖြစ်ရခြင်းဖြစ်သည်ဟု ဝေဖန်မှုများရှိခဲ့သည်။

ပြီးခဲ့သောအပတ်အတွင်းက ရန်ကုန်မှ နေပြည်တော်အထိရောက်ခဲ့ရာ လမ်းဘေးဝဲယာတစ်လျှောက်၌ ကုက္ကိုပင်တန်းများသည် အစီအရီဖြင့် အရိပ်ကောင်းစွာရရှိနေပြီကို တွေ့ရသည်။ နောင်မကြာသောနှစ်များအတွင်း ယခင်ရန်ကုန်-မန္တလေးလမ်းဟောင်းကြီးကဲ့သို့ ကုက္ကိုရိပ်များ လွှမ်းမိုးလာပြီး အေးချမ်းစွာ မောင်းနှင်နိုင်ကြတော့မည်ဖြစ်သည်။

ထိုအမြန်လမ်းမကြီးပေါ်မှ သွားလာကြသူများအနေဖြင့် အန္တရာယ်ကင်း စိတ်ချမ်းသာစွာ သွားလာနိုင်ရေးအတွက် အစိုးရ၏ ရက် ၁၀၀ အတွင်း ပြုပြင်ပြောင်းလဲရေးတွင် အဆိုပါလမ်းတစ်လျှောက် ပထမ အဓိကဦးစားပေး ပြုပြင်ရန် လိုအပ်သော မိုင် ၂၀ ကို လမ်း ဦးစီးဌာန ရန်ကုန်-မန္တလေးအမြန်လမ်းပြုပြင်ထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးအဖွဲ့က ဆောင်ရွက်နေပြီဖြစ်သည်။

ပြုပြင်မှုများအနေဖြင့် မန္တလေးဘက်မှအလာ နေပြည်တော်အလွန် သာဂရလမ်းပိုင်း မိုင်တိုင်အမှတ် ၁၇၃ မှ ၁၆၃ မိုင်တိုင် အထိ ၁၀ မိုင်ကို ပြုပြင်မှုများစနေသကဲ့သို့ ရန်ကုန်ဘက်မှအလာ လှည်းကူးမြို့နယ်၊ လှော်ကားအင်းလမ်း မိုင်တိုင် ၁၅ မှ ၂၅ မိုင်တိုင်အထိ ၁၀ မိုင် စုစုပေါင်း မိုင် ၂၀ ပြုပြင်ခြင်းကို စက်ယန္တရားကြီးများဖြင့် လုပ်ငန်းအကောင်အထည်ဖော်လျက်ရှိနေမှုကို တွေ့မြင်လာရသည်။



မိုင်တိုင်အမှတ် ၁၇၃ (သာဂရလမ်းပိုင်း) အနီးတွင် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရစဉ်

ထိုနေရာများမှာ အမြန်လမ်းမကြီးတစ်လျှောက်၌ ကျဉ်းသောနေရာများတွင် ပါဝင်သည်ဟုဆိုသည်။ ယင်းနေရာရှိ လမ်းလယ်ကျွန်း၏တစ်ဖက်တစ်ချက်စီမှ ငါးပေစီကို ဖဲ့ယူပြီးလမ်းချဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းခွင်မှအရာရှိတစ်ဦးကပြောသည်။

ယခင်ရှိပြီးသား လမ်းအကျယ်နှင့်ပေါင်းလိုက်ပါက အသွားအပြန် တစ်လမ်းစီ၌ ပေ ၃၀ အကျယ်စီဖြစ်သွားမည်ဟု ၎င်းက ပြောသည်။

ငါးပေစီဖဲ့ယူပြီး၍ ကျန်ရှိနေသေးသော လမ်းလယ်ကျွန်းနေရာတွင် လမ်းလယ်မြောင်းအဖြစ် ပြောင်းလဲတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လမ်းတစ်လျှောက်၌ ယာဉ်များအန္တရာယ်မဖြစ်စေရန်အတွက် သံမဏိတန်းများဖြင့် ကာရန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

# ချင်းတွင်းမြစ်ဆိပ်တွင် မိုးလေဝသ သတိပေးချက် လက်ကမ်းစာစောင်များဖြန့်ဝေ

**မုံရွာ မေ ၂၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ရက် ၁၀၀ စီမံချက်တွင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ လတ်တလော မိုးလေဝသနှင့်ပတ်သက်သည့် သတိပေးထုတ်ပြန်ချက်များကို အများပြည်သူများသိရှိစေရန် မေ ၂၀ ရက် နံနက် ၁၁ နာရီက မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းရှိ ရေယာဉ်ဆိပ်တွင် မုန်တိုင်းသတိပေးချက် လက်ကမ်းစာစောင်များအား ပြည်သူများထံအရောက် ခရိုင် ပြန်/ဆက်ဦးစီးဌာနမှ လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။

"အခုလို ရာသီဥတုအခြေအနေနဲ့ ပတ်သက်တဲ့ သတင်းတွေကို အများပြည်သူတွေ အချိန်နှင့်တစ်ပြေးညီ သတိပြုနိုင်အောင် ပြန်/ဆက်ကနေလိုက်လံဝေငှပေးတာ အလွန်ကောင်းမွန်တဲ့ ဆောင်ရွက်မှုတစ်ခုဖြစ်ပါတယ်။ ပြည်သူတွေထဲ ဒီလိုသတင်းကို သိထားတဲ့သူတွေရှိသလို မသိသေးတဲ့သူတွေလည်းရှိမယ်။ ဒီလို သတိပေးချက်တွေကိုသိရှိထားတော့ ခရီးသွားပြည်သူတွေအနေနဲ့ သတိပြုဆင်ခြင်သွားလာပြီး ကြိုတင်ကာကွယ်နိုင်တဲ့အတွက် အလွန်ကောင်းမွန်ပါတယ်" ဟု ခရီးသွားပြည်သူတစ်ဦးက ပြောခဲ့ သည်။



အဆိုပါ လက်ကမ်းစာစောင်များ ခရီးသွား ပြည်သူများထံအရောက် လိုက်လံ ဝေငှခြင်းကို ခရိုင် ပြန်/ ဆက်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် ဝန်ထမ်း များက ဆောင်ရွက်ခဲ့ကြရာ ပြည်သူများက စိတ်ဝင်စားစွာဖြင့် လက်ခံယူကြသည့်အပြင် **(အပေါ်ပုံ)** ခရိုင် ပြန်/ဆက် ဦးစီးဌာနရုံးရှေ့တွင်လည်း အများပြည်သူများသိရှိနိုင်ရန် ကြော်ငြာဘုတ်ထောင်၍ အသိပေးခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ရေယာဉ်များ စနစ်တကျပြေးဆွဲရေး ဆွေးနွေး

**ဗန်းမော် မေ ၂၁**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်အရ မိုးမကျမီကာလအတွင်း ရေကြောင်းပို့ဆောင်ရေးကဏ္ဍဘေးကင်းလုံခြုံမှုရှိရေး၊ ရေယာဉ်များ စနစ်တကျပြေးဆွဲရေး၊ စည်းကမ်းလိုက်နာရေး အသိပညာပေးဆွေးနွေးပွဲကို ဗန်းမော်မြို့ မင်းစည်ကျော်ဓမ္မာရုံ၌ မေ ၁၈ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းက ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးဆင့်ပွားသင်တန်းဖွင့်


**လယ်ဝေး မေ ၂၁**

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ရက်ပေါင်း ၁၀၀ ဆောင်ရွက်မှုအနေဖြင့် ဝန်ထမ်းများ၏ အရည်အသွေးစွမ်းဆောင်ရည်မြင့်မားရေးဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၌ မတ် ၁၈ ရက်က ကျင်းပရာ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး လုပ်ငန်းဆိုင်ရာဘာသာရပ်များကို ဆွေးနွေးပို့ချသည်။

အဆိုပါ သင်တန်းသို့ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဝန်ထမ်းစုစုပေါင်း ၄၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၁၈ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချခဲ့သည်။

သင်တန်းကာလအတွင်း စီမံရေးရာ၊ ငွေစာရင်း၊ ကြေးတိုင်နှင့်စီမံကိန်း၊ စာရင်းအင်း၊ မြေယာစီမံခန့်ခွဲရေး၊ မြေစာရင်း၊ မြေတိုင်းနှင့်ပုံနှိပ်စသည့် လုပ်ငန်းဆိုင်ရာဘာသာရပ်များကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



## သုံးခွမြို့မဈေးတွင် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်

**သုံးခွ မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူ့အတွက် ရက် ၁၀၀ အကျိုးပြုလုပ်ငန်းစီမံချက်ဖြင့် မြို့မဈေးပတ်လည်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ဈေးအတွင်း ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် မေ ၂၀ ရက်က ရေနုတ်မြောင်းများအတွင်းမှ ပိတ်ဆို့နေသော ရွှံ့နွံများ၊ နုန်းမြေများ၊ အမှိုက်သရိုက်များကို မိုးရာသီမရောက်ခင်ကြိုတင်၍ သန့်ရှင်းရေးဝန်ထမ်းများက ဆယ်ယူ ရှင်းလင်းဖယ်ရှားလျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



ဆက်သွယ်ရေးကဏ္ဍတွင် အသုံးပြုသည့် ဂြိုဟ်တုစလောင်းကို တွေ့ရစဉ်

*စာမျက်နှာ ၁၇ မှ*

"၂၆၀၀ MHz ကို အတည်ပြုပေးမယ်၊ သုံးခွင့်ပေးမယ်။ Release လုပ်မှာနဲ့အညီ ဆက်လက်ဆောင်ရွက်တဲ့လုပ်ငန်းဖြစ်ပါတယ်"ဟု ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းက ရှင်းပြသည်။

ထို့ပြင် ရက်ပေါင်း ၁၀၀ ၏ ပထမလအတွင်းမှာပင် Inerlset Satellite Operation နှင့် စာချုပ်ချုပ်ဆိုကာ ကိုယ်ပိုင်ဂြိုဟ်တုလွှင့်တင်နိုင်ရန် လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

"ကိုယ်ပိုင်ဂြိုဟ်တုတစ်ခုအနေနဲ့ အသုံးပြုမှုကြိုးပမ်းရခြင်းက ဂြိုဟ်တုငှားခဈေးနှုန်းတွေ သက်သက်သာသာနဲ့ သုံးစွဲလာနိုင်မယ်။ ဂြိုဟ်တုစနစ်နဲ့ အဝေးဖိုက်ဘာဆက်ကြောင်းတွေ၊ မိုက်ခရိုဆက်ကြောင်းတွေ မြန်မာနိုင်ငံရဲ့ ဒေသတော်တော်များကို ဆက်သွယ်ရေးဝန်ဆောင်မှုပေးသွားနိုင်မှာဖြစ်ပါတယ်။ ဘယ်နေရာကမဆို ဆက်သွယ် သုံးစွဲနိုင်ရေးအတွက် ဝန်ဆောင်မှုပေးသွားနိုင်ဖို့ အကျိုးကျေးဇူးတွေရမယ်လို့ ယုံကြည်တာကြောင့် ရက်ပေါင်း ၁၀၀ အတွင်း လုပ်ငန်းစနိုင်အောင် ကြိုးပမ်းရခြင်းဖြစ်ပါတယ်" ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုင်းစောလင်းထွန်းက ပြောကြားသည်။



မုန်တိုင်းဖြစ်ပေါ်မှုကို စောင့်ကြည့်နိုင်ရန် ၇၇ မီတာမြင့် တာဝါတည်ဆောက်နေစဉ်။

မြန်မာနိုင်ငံသည် မိုဘိုင်းဖုန်းသုံးစွဲမှုပမာဏအားဖြင့် MPT သုံးစွဲသူမှာ ၆၆ ရာခိုင်နှုန်းခန့်ရှိလာပြီဖြစ်ကာ ၂၀၁၆ နှစ်ကုန်ပိုင်းတွင် ၇၅ ရာခိုင်နှုန်းအထိ ရရှိနိုင်ရန် မျှော်မှန်းထားပြီး လာမည့် ငါးနှစ်တာကာလအတွင်း ၈၅ ရာခိုင်နှုန်းအထိ လွှမ်းခြုံနိုင်အောင် ရည်မှန်းထားဆောင်ရွက်နေကြောင်း သိရသည်။

"မိုဘိုင်းစခန်း ၅၀၀ တည်ဆောက်ဖို့ လျာထားပါတယ်။ ယနေ့အထိ ၂၂၀ လောက် ပြီးသွားပါပြီ။ ရှေ့ဆက်ပြီးလည်း လူထုဝန်ဆောင်မှုကို မြန်မြန်ရရှိစေဖို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ မိုဘိုင်းဝန်ဆောင်မှုကောင်းဖို့ လိုအပ်တဲ့အတွက် အလုံမှာလည်း mobile operation center ဖွင့်လှစ်နေပါပြီ။ ကတ်ပျောက်၊ ကတ်ပျက်စတဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်နေရာအနှံ့က ပြည်သူတွေ အရင်ကလို ရန်ကုန်၊ မန္တလေးမြို့ကြီးတွေမှာ လာလုပ်စရာမလိုဘဲနဲ့ ကိုယ့်ဒေသမှာ ပြုလုပ်နိုင်အောင် Brand Shop တွေ ဖွင့်လှစ်သွားမယ်" ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

ထို့ပြင် ရေအောက်ကေဘယ်လ်အမှတ်(၅) ကုန်းတွင်း ဆက်ကြောင်းများ သွယ်တန်းခြင်းကို အပြီးဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်ကုန် ၂၀၁၇ နှစ်ဆန်းပိုင်းတွင် ဝန်ဆောင်မှုစတင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မိုးလေဝသနှင့် ရက်ပေါင်း ၁၀၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း ဂျိုက်ကာ၏ အကူအညီဖြင့် တည်ဆောက်နေသည့် ၇၇ မီတာအမြင့်ရှိ ရန်ကုန် ကမ္ဘာအေး ရေဒါအဆောက်အအုံကို ရက်ပေါင်း ၁၀၀ အတွင်း အပြီးသတ်နိုင်ရန် ရည်ရွယ်ထားပြီး ရေဒါတပ်ဆင်ပြီးစီးပါက မိုးလေဝသသတင်းများကို ယခုထက်ပိုမိုကာ ခန့်မှန်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်သည် အယ်နီညိုနှင့် လာနီညာပါဖြစ်ပေါ်သည့် ရာသီဥတုဆိုးရွားသောနှစ်ဖြစ်ခြင်းကြောင့် ပြည်သူလူထုနှင့် သက်ဆိုင်သည့် ရာသီဥတုဆိုင်ရာ သတင်းထုတ်ပြန်ချက်များကို ယခုထက်ပိုမိုကာ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# ရက် ၁၀၀ စီမံချက် ပြည်သူ့အကျိုးပြု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြော

**သရက် မေ ၂၁**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ခရိုင်ရုံး-သရက်) ၏ ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲကို မေလတတိယပတ်က အမှတ်(၃၁)အကြီးစားစက်ရုံ(သရက်) ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် အမှတ်(၃၁) အကြီးစားစက်ရုံ(သရက်) စက်ရုံမှူး ဦးအောင်စိုးနိုင်က အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(သရက်) ခရိုင်ဦးစီးမှူး ဦးသန်းထွဋ်က ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြု ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်း၊ မြို့နယ်ဥပဒေအရာရှိက မော်တော်ယာဉ်နှင့် ပတ်သက်သည့် ဥပဒေရေးရာများ၊ ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးမောင်မောင်သန်းနှင့် မြို့မရဲ စခန်းမှ စခန်းမှူး ဒုရဲမှူးကျော်ဌေးတို့က ဆောင်ရန် ရှောင်ရန်များ၊ တားမြစ်ချက်များ လိုက်နာရမည့် စည်းကမ်းများကို ဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် စက်ရုံဝန်ထမ်းများမှ သိရှိလိုသည့်အချက်များကို အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

# ကျောက်မဲမြို့တွင် ရက် ၁၀၀ စီမံချက် ကျောက်ချောလမ်းခင်း

**ကျောက်မဲ မေ ၂၁**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်တွင် အစိုးရသစ်၏ ပထမရက်ပေါင်း ၁၀၀ စီမံချက်အဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မေလပထမပတ်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်းသည် တစ်မိုင်အရှည်ရှိ၍ ခိုယောင်းကျေးရွာနှင့် ချမ်းသာကျေးရွာအကြား ကျေးရွာချင်းဆက်လမ်းဖြစ်ပြီး ယခင်မြေသားလမ်းပေါ်တွင် ကျောက်ချောခင်းခြင်းလုပ်ငန်းကို မေ ၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၅ ရက်တွင် လမ်းအား ဖွင့်လှစ်အသုံးပြုနိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ယင်းလမ်းကောင်းသွားပါက ကျေးရွာနှစ်ရွာမှ အိမ်ထောင်စု ၁၀၀ ကျော်၊ လူဦးရေ ၅၀၀ ကျော်တို့သည် အခက်အခဲမရှိကုန်စည်များ အပြန်အလှန်ကူးလူးဆက်သွယ်နိုင်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နေမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်စိုးနှင့် ဝန်ထမ်းများက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြင့်အောင် (ပြန်/ဆက်)**



# ရေးမြို့နယ်၌ မိုးစပါးဘဏ်ချေးငွေထုတ်ပေး

**ရေး မေ ၂၁**

၂၀၁၆ မိုးစပါးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေအား မေ ၁၇ ရက်တွင် ရေးမြို့ ရန်မျိုးအောင် ရပ်ကွက်ကျေးရွာအုပ်စုသို့ တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် တောင်သူ ၂၉ ဦး စိုက်ဧက ၁၃၅ ဧက အစုအဖွဲ့ ၁၀ ဖွဲ့သို့ ချေးငွေပေါင်း ၂၀၂၅၀၀၀၀ အား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မွန်ပြည်နယ် ရေးမြို့နယ်ဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဒေါ်နန်းမြင့်မြင့်အေးထွန်းနှင့် ဝန်ထမ်းများက ဘဏ်ချေးငွေ ညွှန်ကြားချက်နှင့်အညီစိစစ်ပြီး တောင်သူလယ်သမားများသို့ လယ်ယာလုပ်ငန်းချိန်အမီ ချေးငွေစတင်ထုတ်ချေးလျက်ရှိသည်။

ဆက်လက်၍ ရေးမြို့နယ်အတွင်းရှိ ယခင်နှစ်ဘဏ်ချေးငွေထုတ်ချေးထားသည့် ကျေးရွာအုပ်စု ၁၈ အုပ်စုကို အခြေခံ၍ စိုက်ဧက ၁၂၆၃၅ ဧက အတွက်ချေးငွေ ၁၈၉၅၂ ဒသမ ၅၀ သိန်း ထုတ်ချေးသွားရန် မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ စီမံဆောင်ရွက်ထားကြောင်း မြို့နယ်မန်နေဂျာ ဒေါ်နန်းမြင့်မြင့်အေးထွန်းက ပြောကြားသည်။

**နေမျိုးထွဋ် (ရေး)**

ရန်ကုန် ရှေးဟောင်းအဆောက် အအုံများရဲ့ရာဇဝင်

# အိန္ဒိယဘဏ်ဖြစ်ခဲ့ဖူးသည့် ၁၀၂နှစ် သက်တမ်းရှိ အဆောက်အအုံ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၃)

ဆောင်းပါး-ခင်ရတနာ၊
ဓာတ်ပုံ- ရန်ကုန်ဗိသုကာလက်ရာ



**ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ အမှတ် (၁/၁၉) တွင် မျှော်စင်သဏ္ဌာန် အဆောက်အအုံတစ်ခု တည်ရှိပြီး ယင်းအဆောက်အအုံသည် ကိုလိုနီခေတ်၏ ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် လွှမ်းမိုးချုပ်ကိုင်ခြင်းကို အဓိကထားလုပ်ဆောင်ခဲ့သည့် နေရာတစ်ခုဖြစ်သည်။**

ယခင်က ထိုအဆောက်အအုံသည် ငွေကြေးများကို သိုမှီးသိမ်းဆည်းရာ ဘင်္ဂလားအမည်ရှိ အိန္ဒိယပိုင်ဘဏ်တစ်ခုဖြစ်ခဲ့ပြီး ကြွယ်ဝချမ်းသာခြင်းဟူသည့် ဂုဏ်သရေကြောင့် ခမ်းနားခဲ့ဖူးသည်။ ယခုအခါ ဟောင်းနွမ်းသည့် ယင်းအဆောက်အအုံသည် ပြုပြင်ထိန်းသိမ်းသူများကြောင့် အထိုက်အလျောက် ကြည့်ရှုဖွယ်ကောင်းနေဆဲပင်။ ထူးခြားသည်မှာ ယနေ့တိုင် ယင်းအဆောက်အအုံသည် ငွေကြေးတို့လည်ပတ်စီးဆင်းနေသည့် ဘဏ်အဆောက်အအုံတစ်ခုအဖြစ် တည်ရှိနေခြင်းဖြစ်သည်။

မြန်မာ့စီးပွားရေးဘဏ်ခွဲ (၃) ဖြစ်သည့် ယင်းဘဏ်သည် နေ့စဉ်စီးပွားရေးဘဏ်တစ်ခုအဖြစ် ဘဏ်လုပ်ငန်းဆိုင်ရာများကို စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပြီး အခန်းတိုင်းတွင် တူညီဝတ်စုံဖြင့် ဘဏ်ဝန်ထမ်းများက နေရာယူနေသည်မှာ ၁၉၁၄ခုနှစ် ကတည်းကပင်ဖြစ်သည်။

အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံ၏ လက်အောက်ခံနိုင်ငံအဖြစ် ထိန်းသိမ်းထားစဉ်တွင် ထိုဘဏ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံ၏ လက်ရာမှာ အိန္ဒိယဟန်များကို မြင်တွေ့ရသည်။ အဆောက်အအုံ၏ထောင့်ချိုးတွင် မျှော်စင်သဏ္ဌာန် အမိုးခုံးတာဝါတစ်ခုကို တပ်ဆင်ထားခြင်းဖြင့် မြင့်မားသည့် အထပ်ဖွဲ့စည်းပုံနှင့် အလွန်ပနံရသည်။

တည်ဆောက်ခဲ့သည် ဗိသုကာပညာရှင်ကို မသိရှိရသော်လည်း အိန္ဒိယပိုင်ဘဏ်တံဆိပ်မှာမူ ယနေ့တိုင် အုတ်နံရံများအကြားတွင် ထင်ရှားစွာမြင်တွေ့ရသည်။ အုတ်ပွတ်လုံးများ၊ ကနုတ်ပန်းများပါဝင်သည့် နှစ်ဆင့်ပြတင်းများနှင့် ပြတင်းအမိုးခုံးများမှ ဗိသုကာများအရ အိန္ဒိယနွယ်ဖွား ဗိသုကာပညာရှင်တစ်ဦးက တည်ဆောက်ခဲ့နိုင်ကြောင်း ကောက်ချက်ချနိုင်သည်။

အဆောက်အအုံသည် သုံးထပ်အဆောက်အအုံ ဖြစ်သော်လည်း အပေါ်တွင် ကျယ်ပြန့်သည့် လသာဆောင်ကြီးနှင့်အတူ နှစ်ထပ်အမြင့်ရှိ မျှော်စင်တိုင်တစ်ခုလည်းပါရှိသည်။ ထို့ပြင် အထပ်တိုင်းတွင် များပြားသည့် ပြတင်းများ၊ မြေညီထပ်တွင် ကမ်းနားလမ်းမကြီးနှင့် ဆူးလေဘုရားလမ်းမကြီးနှစ်ခုစလုံးမှ ဝင်ထွက်နိုင်ရန် တံခါးမကြီးများကို တပ်ဆင်ထားသည်။

အဆိုပါအဆောက်အအုံသည် ဘင်္ဂလားဘဏ်အဖြစ်မှ ၁၉၂၁ခုနှစ်တွင် Imperial Bank of India အဖြစ် ပြောင်းလဲခဲ့ပြီး ရန်ကုန်မြို့၏ အခြားသောခေတ်ပြိုင်ဘဏ်ကြီးများကဲ့သို့ပင် ငွေကြေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခဲ့သည်။ အထူးသဖြင့် အဆိုပါဘဏ်ကြီးသည် အိန္ဒိယအစိုးရလက်အောက်ခံအဖြစ် ကျရောက်နေသည့် မြန်မာနိုင်ငံ၏ အစိုးရနှင့် သက်ဆိုင်သည့် ငွေကြေးကိစ္စရပ်များကို အများဆုံးလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

အဆောက်အအုံအတွင်းပိုင်းတွင်လည်း ကြီးမားထင်ရှားသည့် ကျွန်းလှေကားကြီးများက ယနေ့တိုင်သစ်လွင်နေဆဲဖြစ်သကဲ့သို့ အခန်းဖွဲ့စည်းပုံများနှင့် ကျယ်ပြန့်သည့် ကော်ရစ်ဒါများ၊ မျက်နှာကြက်များသည်လည်း အလွန်ပင်သပ်ရပ်ခမ်းနားသည်ကို မြင်တွေ့ရသည်။ ဗိသုကာအပြင်အဆင်များသည် ဘဏ်လုပ်ငန်းဆိုင်ရာများအတွက် သီးသန့်ရည်ရွယ် တည်ဆောက်ခဲ့ခြင်းဖြစ်သည့်အလျောက် ယနေ့တိုင်အသုံးဝင်ဆဲဖြစ်သည်။

**အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံ၏ လက်အောက်ခံနိုင်ငံအဖြစ် ထိန်းသိမ်းထားစဉ်တွင် ထိုဘဏ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး အဆောက်အအုံ၏ လက်ရာမှာ အိန္ဒိယဟန်များကို မြင်တွေ့ရသည်**

အိန္ဒိယနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံစလုံး အင်္ဂလိပ်တို့သူ့ကျွန်ဘဝမှ လွတ်မြောက်လာခဲ့ချိန်တွင် ယင်းဘဏ်သည် State Bank of India အဖြစ်ရပ်တည်ခဲ့ပြီး ဘဏ်ခွဲတစ်ခုအနေဖြင့် ဆက်လက်တည်ရှိခဲ့သည်။ သို့သော် ၁၉၅၀ ပြည့်လွန်နှစ်များတွင်မူ ဆို့ဒင်နိုင်ငံမှ လုပ်ငန်းတစ်ခုက လာရောက်အခြေချကာ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ ၁၉၆၃ခုနှစ် ဖေဖော်ဝါရီတွင် ပြည်သူ့ဘဏ် အမှတ် (၈) အဖြစ် ဖွင့်လှစ်ခဲ့သည်။

၁၉၆၈ခုနှစ်အရောက်တွင်မူ ပုဂ္ဂလိကဘဏ်များကို မထားရှိတော့သည့် အခြေအနေအရ ယင်းဘဏ်သည် အစိုးရပိုင် မြန်မာ့စီးပွားရေးဘဏ် (၃) အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။



ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃) ကို မြင်တွေ့ရစဉ်။

# မြိတ်ဆီသို့

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-မောင်ချစ်ကြည်

ခရီးသွားဆောင်းပါး



လျှောင်းတော်မူဗုဒ္ဓရုပ်ပွားတော်

**လေယာဉ်ဘီးနှင့် ပြေးလမ်းထိလိုက်သည့် အရှိန်ကြောင့် လေယာဉ် ကိုယ်ထည်အနည်းငယ် တုန်ခါသွားသည်။ ကိုယ်ကို မတ်မတ်ထိုင်ပြီး ခါးပတ်ပတ်ထားသဖြင့် လှုပ်ခါမှုသိပ်မဖြစ်။ လေယာဉ်ကအရှိန်ဖြင့် ပြေးလမ်းတစ်လျှောက်ဆင်းသက်ကာ ရပ်နားရာနေရာအထိ ဖြည်းဖြည်းချင်း မောင်းနှင်လာပြီးနောက် ရပ်လိုက်သည်။ လေယာဉ်အင်ဂျင်ကို စက်သတ်လိုက်ပြီး ခေတ္တမျှအကြာတွင် လေယာဉ်အဆင်း တံခါးပေါက်ပွင့်လာကာ လှေကားမှတစ်ဆင့် လေဆိပ်အတွင်း ဆင်းလိုက်ရာအေးမြသော လေကြောင့် လန်းဆန်းသွားသည်။ ကျွန်တော်မြိတ်မြို့သို့ ရောက်ရှိခဲ့ပြန်ပြီ။**

လေဆိပ်အဆောက်အအုံအတွင်း အသိမိတ်ဆွေ အချို့လာရောက်ကြိုဆိုနေသည်ကို တွေ့ရသဖြင့် ဝမ်းသာ အားရ နှုတ်ဆက်မိသည်။ မြိတ်မြို့သားများဖြစ်သော ကိုအောင်ကြိုင်၊ ကိုမြတ်ဦးနှင့် ကိုမိုးထွန်းတို့က ကျွန်တော်နှင့် ဆယ်စုနှစ် တစ်စုကျော်ကာလရင်းနှီးခဲ့သူများဖြစ်သည်။ ရန်ကုန်ရောက်တိုင်း ကျွန်တော်တို့ဆုံနေကျ။ သူတို့က နှစ်လတစ်ခေါက်၊ သုံးလတစ်ခေါက်အလုပ်ဖြင့် လာရောက် တတ်ကြရာ အနေဝေးသော်လည်း ရင်းနှီးနေကြခြင်း ဖြစ်သည်။

မြိတ်လေဆိပ်အဆောက်အအုံက ပြန်လည်ပြုပြင် တည်ဆောက်ထားသဖြင့် ထိုင်ခုံများက သပ်သပ်ရပ်ရပ်ရှိနေသည်။ အတန်ငယ်ကျယ်ဝန်းသော နားနေဆောင်ခန်းမ အတွင်း ရုပ်မြင်သံကြားစက်၊ အရောင်းဆိုင်၊ စာအုပ်နှင့်စာစောင်များ ထားရှိရာနေရာ၊ သန့်စင်ခန်းများဖြင့် လိုအပ်သော ဝန်ဆောင်မှုများကို တတ်စွမ်းသမျှဖြည့်ဆည်းပေးထားသည်ကို တွေ့ရသည်။ ရဲတပ်ဖွဲ့ဝင်အချို့နှင့် လေဆိပ်လုံခြုံရေးဝန်ထမ်းအချို့ကိုတွေ့ရပြီး တာဝန်ဆောင်ရွက်နေကြသည်။ လေယာဉ်အဆင်း၊ အတက် အချိန်တွင် ခရီးသည်များ လိုက်ပို့သူ၊ ကြိုဆိုသူများဖြင့် စည်ကားနေတတ်သော်လည်း ကျန်အချိန်များတွင် လူရှင်းနေတတ်ကြောင်း သိရသည်။ ရန်ကုန်မှမြိတ်သို့လေယာဉ်ခရီးစဉ်ဖြင့်လာရောက်ကြသူ ခရီးသည်များပြောရာ မြိတ်လေဆိပ်တွင် လေယာဉ်ပေါ်မှ ခရီးသည်အားလုံးနီးပါးဆင်းကြသည်ကို သတိပြုမိသည်။

ကျွန်တော်တို့ လေဆိပ်အတွင်း ကားရပ်ရာနေရာအထိ သွားရောက်ကာ မော်တော်ယာဉ်ဖြင့် မြိတ်မြို့အတွင်း လာရောက်ခဲ့သည်။ မြိတ်မြို့လမ်းအများစုက ကတ္တရာလမ်းကျယ်များမဟုတ်သော်လည်း ချောမွေ့ကောင်းမွန်သည်ကို တွေ့ရသည်။ အထပ်မြင့်အိုးအိမ်တိုက်တာများနည်းပါးပြီး နှစ်ထပ်၊ သုံးထပ်တိုက်တာအဆောက်အအုံများ၊ သစ်သားအိမ်များကို လမ်းဘေးဝဲယာတစ်လျှောက်တွေ့မြင်ရ သည်။ မော်တော်ယာဉ်သွားလာမှု မရှုပ်ထွေးသဖြင့် လမ်းပိတ်ဆို့မှု မရှိသလောက် ဖြစ်သော်လည်း ဆိုင်ကယ် မောင်းနှင်မှုများကို သတိထားရသည်။

ကျွန်တော်တို့ တည်းခိုရာသို့ ရောက်ခဲ့ပြီးနောက် ပစ္စည်းများချကာ အနားမယူတော့ဘဲ မြိတ်မြို့အတွင်း ထွက်လာခဲ့သည်။ မြိတ်မြို့သည် တနင်္သာရီတိုင်းဒေသကြီးတွင် အကြီးဆုံးမြို့ဖြစ်ပြီး လူဦးရေ ၂၅၀၀၀၀ ခန့် နေထိုင်သော မြို့လည်းဖြစ်သည်။ မြိတ်မြို့က ငါးဖမ်းလုပ်ငန်း၊ ရော်ဘာ စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဆီအုန်းစိုက်ပျိုးခြင်းနှင့်ငှက်သိုက် လုပ်ငန်းတို့အပြင် ခရီးသွားလုပ်ငန်းများလည်းတဖြည်းဖြည်း ဖွံ့ဖြိုးလာသည်။ မြို့တွင်း၌ အထပ်မြင့်အဆောက်အအုံ အချို့ဆောက်လုပ်နေသည်ကိုလည်း တွေ့မြင်ရသည်။

ကျွန်တော်တို့ မြိတ်မြို့တောင်ဘက်ကုန်းဖောက်(၂) ရပ်ကွက် ယောကြီးဝချောင်းအတွင်း တည်ဆောက်ထားသော အပြည်ပြည်ဆိုင်ရာငါးလေလံဈေးကြီးသို့ရောက်ခဲ့သည်။ တစ်ချိန်က စည်ကားခဲ့သော ငါးလေလံဈေးကြီးကို ပြန်လည်ပြုပြင်မှုများ ပြုလုပ်နေသည်ကို တွေ့ရသည်။ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးသည် မြိတ်မြို့အဝေးပြေး ကားကွင်းစက်မှုဇုန်တို့နှင့် တစ်ဆက်တစ်စပ်တည်းသဖွယ် တည်ရှိနေရာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် အပြင် အချက်အချာကျသည့် နေရာတွင်တည်ရှိသည်ကို သတိပြုမိသည်။

မြိတ်မြို့အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးတွင် သင်္ဘောကြီးများနှင့်ငါးဖမ်းယာဉ်များ ၂၄ နာရီ ဝင်ရောက်ဆိုက်ကပ်နိုင်ရန် ရေစူးအနက် ခြောက်မီတာအထိ ပြန်လည်တူးဖော်ကာ နှုန်းဆယ်မှုများပြုလုပ်နေသည်ကို တွေ့ရသည်။ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေး၏ ဆိပ်ခံဇောတံတားကို တစ်မျှော်တစ်ခေါ်တွေ့မြင်ရပြီး ကျွန်တော်တို့ရောက်ရှိသွားချိန်တွင် သင်္ဘောတစ်စင်းသာ ဆိုက်ကပ်ရပ်နားထားသည်ကို တွေ့ရသည်။ ပြုပြင်မှုလုပ်ငန်းများ ပြီးစီးသွားပါက မြိတ်မြို့အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီးမှာ ငါးသင်္ဘောများဖြင့် လှုပ်ရှားသက်ဝင်လာတော့မည်ဟု တွေးနေမိသည်။

အတန်ကြာလှေ့လာပြီးနောက် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီးမှ ပြန်လည်ထွက် ခွာလာခဲ့သည်။ မြိတ်စက်မှုဇုန် ကို ဖြတ်သန်းလာရာ လုပ်ငန်းများလည်ပတ်နေသော စက်ရုံ၊ အလုပ်ရုံအချို့ကိုမြင်တွေ့ရသည်။ မြိတ်စက်မှုဇုန်အတွင်း စက်ရုံ၊ အလုပ်ရုံများကြောင့် ဒေသခံလူငယ်များအလုပ်အကိုင်အခွင့် အလမ်းရရှိနေသဖြင့် စိတ်သက်သာမှုဖြစ်ရသည်။ ဒေသခံ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး အတွက် ဖန်တီးပေးနိုင်မှသာ နိုင်ငံရပ်ခြားသို့ မိတကွဲ၊ ဖတကွဲ သွားရောက်အလုပ်လုပ်ကိုင်ရမှုများ လျော့ကျသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ကျွန်တော်တို့ မြိတ်မြို့ကမ်းနားလမ်းဘက်ရောက်ရှိလာခဲ့သည်။ မြိတ်ကမ်းနားတစ်လျှောက် ဆိပ်ခံတံတားများတွင် သင်္ဘောများ၊ ရေယာဉ်နှင့်စက်တပ်ရေယာဉ်ငယ်အချို့ဆိုက်ကပ်ထားသည်ကို တွေ့ရသည်။ အမြန်ရေယာဉ်အချို့ ဆိုက်ကပ်ရပ်နားထားသည်ကို တွေ့ရသည်။ မြိတ်-စခန်းသစ် - ကံမော်-အုတ်ဖိုမော်-ချောင်းကြီးဝ-ရွှေဝဲညိုသို့ ရေကြောင်းခရီးစဉ်ပြေးဆွဲသော အမြန်ရေယာဉ်ရှိသလို ကံမော်-မောခေါင်းတုံး-အလယ်မန်-ချောင်းကဖီး-ကြိမ်နီတောင်၊ ကြိမ်မဲတောင်၊ မြောကျွန်း၊ ကော့ရဲကျွန်း၊ ကမ်းတော၊ စခန်းသစ်များသို့ ပြေးဆွဲသောအမြန်ရေယာဉ်ကိုလည်း တွေ့ရသည်။ တစ်ဖန် မြိတ်မြို့မှကျွန်းစုမြို့သို့ ပြေးဆွဲသော အမြန်ရေယာဉ် ခရီးစဉ်လည်းရှိသည်။ ယင်းခရီးစဉ်များကို မြိတ်မြို့ကမ်းနားလမ်း ဆိပ်ကမ်းရုံးရှေ့ ဆိပ်ငယ်တံတားမှ နံနက်ပိုင်းအချိန်များတွင် စတင်ထွက်ခွာလေ့ရှိကြောင်း သိရသည်။


ကျွန်တော်တို့ မြိတ်မြို့ကမ်းနားလမ်းအတိုင်း ကြည့်ရှုလေ့လာနေရာမှ တစ်ဖက်ကမ်းရှိ ပထော်ပထက်ကျွန်းပေါ်မှ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကိုဖူးမြော်ရန် စက်တပ်ရေယာဉ်ငယ်ဖြင့် ထွက်လာခဲ့သည်။ ကြည်လင်နေသော ရေပြင်ပေါ်တွင် စက်တပ်ရေယာဉ်ငယ်က အရှိန်ဖြင့် မောင်းနှင်နေရာ အနီးမှဖြတ်သွား ဖြတ်လာမောင်းနှင် သွားလာနေသော သင်္ဘောနှင့်ရေယာဉ်များကိုတွေ့မြင်ရသည်။ မြိတ်ကမ်းနားသို့ ဝင်ရောက်ရန် ချဉ်းကပ်လာသော ရေယာဉ်များ၊ ကမ်းနားမှထွက်ခွာလာသော ရေယာဉ်အချို့ကိုလည်း တွေ့ရသဖြင့် မြိတ်မြို့ဆိပ်ကမ်းသည် သွားလာကုန်သွယ်မှုအတွက် အရေးပါကြောင်းတွေ့မြင် သိရှိရသည်။

ရေစီးသန်သောရေအလျင်ကြောင့် စက်တပ်ရေယာဉ် ငယ်မှာ အင်ဂျင်သံဆူညံစွာဖြင့် ဖြတ်သန်းမောင်းနှင်နေရာမှ မိနစ် ၂၀ ခန့်အကြာတွင် ဆိပ်ခံတံတားသဖွယ်ပြုလုပ်ထားသော နေရာသို့ ရောက်ရှိလာသည်။ ကမ်းခြေမှခပ်လှမ်းလှမ်း အထိ ထိုးထွက်ပြုလုပ်ထားသော တံတားမှတစ်ဆင့် ကျွန်တော်တို့ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်သို့ရောက်ရှိခဲ့သည်။ ကမ်းနား အစပ်တွင် တည်ထားကိုးကွယ်ထားသော လျောင်းတော်မူဗုဒ္ဓ ရုပ်ပွားတော်ကြီးမှာ ဉာဏ်တော်အမြင့် ၇၂ မီတာရှိ လျောင်းတော်မူပုံသဏ္ဌာန် တည်ထားခြင်းဖြစ်သည်။

တံတားမှတက်လိုက်သည်နှင့် ဘုရားသို့ရောက်ရှိသည့် အနေအထားပင်ဖြစ်သည်။ အတွင်း၌ ဥမင်လိုဏ်သဖွယ်ပြုလုပ်ထားပြီး ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓဖြစ်စဉ်များကို ပုံဖော်ထားသည်ကိုတွေ့ရသည်။ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ပြီးနောက် ကျွန်တော်တို့အနီးရှိ လူသွားလမ်းအတိုင်း တောင်ကုန်းပေါ်သို့ တက်ရောက်ခဲ့ကြသည်။ အတန်ငယ်မြင့်သော တောင်ကုန်းပေါ်မှနေ၍ တစ်ဖက်ကမ်းရှိ မြိတ်မြို့ဆီသို့ လှမ်းမျှော်ကြည့်ရှုမိသည်။ မြိတ်မြို့ကမ်းနားနှင့် မြိတ်မြို့အလှကို အမြင်ဆန်းသစ်စွာ မြင်တွေ့ရသည်။ ကျွန်တော် မြိတ်မြို့ကိုလှမ်းကြည့်ရင်း မြိတ်မြို့ အကြောင်းတွေးနေမိသည်။

*စာမျက်နှာ ၂၁ သို့*

စာမျက်နှာ ၂၁ သို့



မြိတ်မြို့ဆိပ်ကမ်းတွင် ရေယာဉ်များသွားလာနေကြသည်ကို တွေ့ရစဉ်

## အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးသည် မြိတ်မြို့ အဝေးပြေးကားကွင်းစက်မှုဇုန်တို့နှင့် တစ်ဆက်တစ်စပ်တည်းသဖွယ် တည်ရှိနေရာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အပြင် အချက်အချာကျသည့်နေရာတွင် တည်ရှိသည်ကို သတိပြုမိ

*စာမျက်နှာ ၂၀ မှ*

မြိတ်မြို့ကို ခရစ်နှစ် ၁၇၃၁ ခုနှစ်တွင် ယိုးဒယားတို့စတင်တည်ခဲ့သည်ဟုဆိုသည်။ စတင်တည်ထောင် စဉ်က မြို့အမည်ကို "မာရိတ်"ဟုအမည်ပေးခဲ့ပြီး အဓိပ္ပာယ်မှာ "မြင်းချည်တိုင်"ဟု အဓိပ္ပာယ်ရသည်။ ၁၇၆၀ ပြည့်နှစ်တွင် အလောင်းမင်းတရားက တိုက်ခိုက်သိမ်းပိုက်ပြီးနောက် မြိတ်မြို့ဝန်ထားရှိ အုပ်ချုပ်စေခဲ့ရာ ပထမဆုံးမြို့ဝန်မှာ ဦးဒိန်ကျော်ဖြစ် သည်။ မြိတ်မြို့ဝန် ဦးဒိန်ကျော်သည် ၁၇၆၁ ခုနှစ် မတ် ၂၅ ရက်တွင် မြိတ်မြို့ကို အသစ်ပြုပြင် တည်ထောင်ခဲ့ကြောင်း သိရသည်။

မြန်မာဘုရင်လက်ထက်နောက်ဆုံး မြိတ်မြို့ဝန်မှာ ဦးမြတ်လေးဖြစ်သည်ဟု မှတ်သားခဲ့ရဖူးသည်။ မြိတ်မြို့အကြောင်း အတွေးဝင်နေရင်း မြိတ်မြို့အနီးလေးမိုင်ခန့်အကွာ ရှမ်းကျောင်းရွာဇာတိဖြစ်သော နိုင်ငံကျော်ပန်းချီဆရာကြီး ဦးငွေကိုင်ကို သတိရနေမိသည်။ ဦးငွေကိုင်၏ထင်ရှား ကျော်ကြား သောပန်းချီကားလက်ရာများက နှောင်းလူများကိုတသသ ဖြစ်အောင် ပြောင်မြောက်ကောင်းမွန်လှသည်။ ယခုခေတ်တွင် ရုပ်ရှင်သရုပ်ဆောင် လွင်မိုးနှင့် မေသန်းနုတို့သည်လည်း မြိတ်မြို့ဇာတိများပင်ဖြစ်သည်။

အထက်ပစ္စယံကိုလည်း သံပန်းများတပ်ဆင်ကာကွယ်ထားသည်ကို တွေ့ရသည်။ သိမ်တော်ကြီးဘုရားကို ၁၇၃၂ ခုနှစ်က တည်ထားခဲ့ခြင်းဖြစ်ပြီး ကုန်းဘောင်ခေတ် ၁၇၈၅ ခုနှစ်တွင် မြိတ်မြို့ဝန်နေမျိုးနော်ရထာက စေတီတော်ကိုပြုပြင်တည်ထားခဲ့သည်ဟု သိရသည်။ စေတီတော်ရင်ပြင်မှနေ၍ မြိတ်မြို့မြင်ကွင်းကို အပေါ်စီးမှ ကြည့်ရှုခံစားရသည်မှာ ထူးခြားသည်။ ရပ်နီး၊ ရပ်ဝေးမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးများကိုလည်း တွေ့မြင်ရသည်။ ရင်ပြင်တော်ပေါ်လှည့်ပတ်ဖူးမြော်ကြည့်ရှုပြီးနောက် ကျွန်တော်တို့ပြန်ဆင်းလာခဲ့ကြသည်။

မြိတ်မြို့ဈေးဘက်သို့ ကျွန်တော်တို့သွားရောက်ခဲ့ကြ သည်။ မြိတ်မြို့ဈေးက စည်ကားသည်။ အဝတ်အထည်၊ အသုံးအဆောင်မှသည် ငါးပိ၊ ငါးခြောက်စသည့် ရေထွက် ကုန်ပစ္စည်းများလည်း ဈေးပေါ်ရာ ရောင်းသူ၊ ဝယ်သူများဖြင့် လှုပ်လှုပ်ရှားရှားရှိနေသည်။ မြိတ်ငါးပိကလည်း နာမည်ကျော်ဖြစ်ရာ အမျိုးအစားအမျိုးမျိုး၊ ဈေးနှုန်းအမျိုးမျိုး ရှိကြောင်း သိရှိရသည်။ မြိတ်မြို့ပုစွန်ခြောက်ကား ရေငန်ခြောက်ဖြစ်ရာ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသများမှထွက်သော ရေချိုပုစွန်ခြောက်လောက်



မြိတ်မြို့ရှုခင်းကို စေတီတော်ရင်ပြင်အပေါ်စီးမှ တွေ့မြင်ရစဉ်

ကျွန်တော်တို့ တောင်ကုန်းပေါ်မှ ပြန်ဆင်းခဲ့ကြသည်။ လျောင်းတော်မူ ဗုဒ္ဓရုပ်ပွားတော်ရှေ့မှ ဖူးမြော်ဖြတ်သန်းကာ ဆိပ်ခံတံတားသဖွယ်ပြုလုပ်ထားသောနေရာမှ စက်လှေပေါ်ပြန်ဆင်းကာ မြိတ်မြို့ဆီသို့ပြန်လာခဲ့ကြသည်။ ရေလယ်မှပင် လှမ်းမျှော်ကြည့်လျှင် ထင်ထင်ရှားရှားမြင်တွေ့နိုင်သော လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်က တဖြည်းဖြည်းဝေး၍ကျန်ခဲ့သည်။

မြိတ်မြို့ဆိပ်ကမ်းသို့ ပြန်ရောက်ပြီး မြို့ထဲသို့ဆက်လက်ထွက်ခဲ့သည်။ မြိတ်မြို့တွင် ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အအုံအချို့ကို တွေ့ရသဖြင့် ၁၈၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်၌ ဗြိတိသျှတပ်များ မြိတ်မြို့ကိုသိမ်းပိုက်ခဲ့ရာ အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီး အင်္ဂလိပ်လက်အောက်သို့ မြိတ်မြို့ ကျရောက်သွားခဲ့ခြင်းဖြစ်သည်ကို သတိရစိတ်ဖြစ်မိသည်။

မြိတ်မြို့လယ်ရှိ သိမ်တော်ကြီးဘုရားသို့ရောက်ခဲ့ကြသည်။ တောင်ကုန်းပေါ်တွင်တည်ထားသော စေတီဖြစ်ပြီး ရွှေသင်္ကန်းလုံးပြည့် ကပ်လှူထားသဖြင့် ကြည်ညိုသပ္ပာယ်လှသည်။ အထက်ပစ္စယံကိုတက်ရောက်သည့်တံခါးပေါက်ရှိသော်လည်း မချိုကြောင်း သိရသည်။

ကျွန်တော်တို့ဈေးမှပြန်ထွက်လာခဲ့သည်။ မြိတ်ကျွန်းစုများက နာမည်ကျော်ပြီး ကမ္ဘာလှည့်ခရီးသွားများက စိတ်ဝင်စားစွာသွားရောက် လေ့လာကြသည်။ မြိတ်ကျွန်းစုတွင် ကျွန်းပေါင်း ၈၀၀ ခန့်ရှိနေပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာ သည့် မြို့တစ်မြို့ဖြစ်ရာ ခရီးသွားလုပ်ငန်းလည်း တဖြည်း ဖြည်း တိုးတက်ကောင်းမွန်လာသည်ကို သတိပြုမိသည်။ မြိတ်ကျွန်းစုတွင် သန္တာကျောက်တန်းမျိုးစိတ် ၅၁၈ မျိုး၊ ကနုကမာမျိုးစိတ် ၉၁ မျိုး၊ ငါးမျိုးရင်း ၄၂ မျိုး၊ ငှက်မျိုးစိတ် ပေါင်း ၂၂၈ မျိုးတွေ့ရှိနိုင်သည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှုမြင့်တက် လျက်ရှိသည်။

ညနေစောင်းပြီဖြစ်ရာ တည်းခိုရာသို့ပြန်လာခဲ့သည်။ မြိတ်မြို့က ငြိမ်းချမ်းတည်ငြိမ်သော မြို့ဖြစ်သည်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရသည်။ ဟိုတယ်သစ်များတစ်လုံးပြီး တစ်လုံးပေါ်ထွက်လာနေရာ အနာဂတ်မြိတ်မြို့က ယခုထက် အဆများစွာ စည်ဝေဖွံ့ဖြိုးလာမည့်အလား အလာရှိသည်ကို သတိပြုမိနေသည်။ တစ်နေကုန်သွားလာခဲ့သဖြင့် ပင်ပန်း နေရာ စောစောအိပ်ရာဝင်ဖြစ်ခဲ့သည်။ အိပ်မက်ထဲတွင် မြိတ်မြို့က မိုးပျံတိုက်တာအဆောက်အအုံများဖြင့် ပြည့်နှက်လျက်........။

**မြိတ်ကျွန်းစုတွင် သန္တာကျောက်တန်းမျိုးစိတ် ၅၁၈ မျိုး၊ ကနုကမာမျိုးစိတ် ၉၁ မျိုး၊ ငါးမျိုးရင်း ၄၂ မျိုး၊ ငှက်မျိုးစိတ်ပေါင်း ၂၂၈ မျိုး တွေ့ရှိနိုင်သည်ဖြစ်ရာ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိ**

# အပြောအရေး ကွာဟမှုများ(၁၁)



မောင်ခင်မင်(ဓနုဖြူ)

"ဆရာ၊ သမီးတို့အခုပြောနေကြတဲ့ နာမ်ဆိုရင်အသံပြောင်းတယ်၊ ကြိယာဆိုရင် အသံမပြောင်းဘူးဆိုတဲ့ ဥပဒေသ သာဓကတစ်ခု သမီးတို့စကားထဲမှာ မကြာခဏပါနေတယ်နော်"

"ဟေ....ဘယ်သာဓကပါလိမ့်ကွယ်"

"'အသံထွက်'ဆိုတဲ့စကားလုံးပါ။ နာမ်ဆိုရင် /အသံဒွက်/ လို့ အသံထွက်ပြီး ကြိယာဆိုရင်တော့ /အသံထွက်/ လို့ပဲ အသံထွက်တာမို့ အသံမပြောင်းပါဘူးဆရာ"

"ဟုတ်တာပေ့ါ။ သတိရလို့ရယ်စရာပြောရဦးမယ်။ တီဗွီအစီအစဉ်တစ်ခုမှာ အင်္ဂလိပ် စာသင်ခန်းစာအစီအစဉ်လွှင့်တော့၊ ဆရာမက ကျောင်းသားတွေကိုပြောတယ်။ 'တပည့်တို့ အင်္ဂလိပ်စကား'အသံထွက်'မှန်အောင် ကြိုးစားကြ'တဲ့။ ဒါပေမယ့် သူက /အသံဒွက်/ မှန်အောင်လို့မပြောဘဲ /အသံထွက်/ မှန်အောင်လို့ အသံမပြောင်းဘဲပြောတော့ အသံထွက် မှန်ဖို့တိုက်တွန်းတဲ့သူကိုယ်တိုင်က အသံထွက်မှားနေတာလေ"

"သြော်..... ဟုတ်ကဲ့ပါဆရာ"

"ရှေ့မဆက်ခင် ရှုပ်စရာတစ်ခုသတိရလို့ ရှင်းထားရအောင်"

"ဟုတ်ကဲ့"

"နာမ်စကားလုံးတွေမှာ အသံနှစ်သံကိုဆက်ပြီးရွတ်ဆိုတဲ့အခါ ရှေ့ကအသံက 'က်၊ စ်၊ တ်၊ ပ်'တစ်ခုခုရှိနေရင် နောက်ကအသံမပြောင်းဘူးဆိုတဲ့ ဥပဒေသကို သားတို့သမီးတို့ သိပါတယ်နော်"

"သိပါတယ်ဆရာ။ 'ဝက်ကြီး'တို့၊ 'သစ်ပင်'တို့၊ 'ဖတ်ပါ'တို့၊ 'လုပ်ခ'တို့ နောက်က အသံမပြောင်းပါဘူးဆရာ"

"ဟုတ်ပြီ။ ဟုတ်ပြီ။ ကဲ..... ဆရာတစ်ခုမေးမယ်။ နွားခေါင်းကချိုကို ဘယ်လိုအသံထွက်သလဲ။ အသံထွက်ပါရေးပြနော်"

"/နွားဂျို/ ပါဆရာ"

"ဟုတ်ပြီ။ ကဲ ဆိတ်ခေါင်းကချိုဆိုရင်ကော၊ ဘယ်လိုအသံထွက်သလဲ"

"/ဆိတ်ဂျို/ လို့ပဲအသံထွက်ပါတယ်ဆရာ"

"ဟင်...ဘယ်လိုဖြစ်တာလဲ။ 'ဆိတ်'က တသတ်နဲ့ဆုံးတဲ့စကားလုံးမဟုတ်လား။ နောက်ကစကားလုံးက အသံမပြောင်းမှ ဥပဒေသနဲ့ညီမှာပေ့ါ။ ဟုတ်တယ်မဟုတ်လား"

"ဟာ...ဟုတ်တာပေ့ါ။ /ဆိတ်ချို/ လို့ပဲအသံထွက်ဖို့ကောင်းတာပေ့ါ"

"ကဲ..ဒီပြဿနာကိုဘယ်လိုရှင်းမလဲ"

"သမီးတို့မျက်စိလည်သွားပြီဆရာ"

"ဟုတ်ပါတယ် ဆရာ"

"ဒါကြောင့်၊ ရှုပ်စရာတစ်ခုကိုရှင်းထားရအောင်လို့ ကြိုပြောထားတာလေ"

"ပြောပြပါ ဆရာ"

"အကြောင်းကဘာလဲဆိုတော့'ချို'ဆိုတဲ့စကားလုံးကနဂိုမူလကတည်းက /ဂျို/ လို့ အသံပြောင်းပြီးသားစကားလုံးဖြစ်နေတယ်လေ"

"ဆရာပြောတာသိပ်နားမလည်ပါဘူးဆရာ"

"ဒီလိုလေ။ အဲဒီစကားကိုဘာနဲ့မှမတွဲဘဲတစ်လုံးတည်းပြောရင်ဘယ်လိုအသံထွက်သလဲ။ 'ချို'လား၊ ဂျိုလား"

"/ဂျို/ လို့အသံထွက်ပါတယ်ဆရာ"

"ဒါကြောင့် နဂိုကတည်းကအသံပြောင်းပြီးသားဖြစ်နေပြီလေ။ အင်း...'ဦးချို'ကို /အူးဂျို/ လို့အသံထွက်တယ်မဟုတ်လား။ အဲဒီလိုအသံပြောင်းပြီးသားကိုတစ်လုံးတည်း /ဂျို/ လို့ပြောတာလည်းဖြစ်နိုင်ပါတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုတစ်လုံးတည်အသံပြောင်းပြီးသားဖြစ်နေတဲ့စကားလုံးတွေရှိပါတယ်။ ခေါင်းကို/ ဂေါင်း/၊ ချိုင့်ကို/ဂျိုင့်/၊ ချောက်ကို/ဂျောက်/ ၊ ထောင့်ကို/ဒေါင့်/လို့အသံထွက်တယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီစကားလုံးတွေကျတော့ ရှေ့က ကသတ်၊ စသတ်၊ တသတ်၊ ပသတ်မရှိရင်လည်း ဒီအသံပဲ။ ရှိရင်လည်းဒီအသံပဲ။ မကွဲဘူး။ အဲဒီတော့အဲဒီဥပဒေသနဲ့အကျုံးမဝင်တဲ့အဲဒီစကားလုံးတွေကိုသီးခြားခွဲပြီးမှတ်ထားပေ့ါကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"သြော်...အသံတူနှစ်သံထပ်ရင်နောက်ကအသံပြောင်းတဲ့အကြောင်းအရင်အပတ်ကပြောခဲ့တာတစ်ခုဖြည့်ချင်လို့။ အသံတူနှစ်သံထပ်ပေမယ့်နာမည်ဖြစ်နေရင်တော့ နောက်ကအသံ ပြောင်းလေ့မရှိဘူးကွဲ့"

"ဟုတ်လား ဆရာ"

"'အသားဖြူဖြူ'ဆိုတဲ့စကားကို ဘယ်လိုအသံထွက်သလဲ /အသားဖျူဗျူ/ လို့ အသံထွက်ပါတယ် ဆရာ" "ဒီတော့ 'ဖြူဖြူ' မှာ နောက်ကအသံပြောင်းတာပေ့ါ"

"ဟုတ်ပါတယ်"

"ကဲ...ကျွန်မနာမည်ဖြူဖြူလို့ ပြောရင်ကော၊ ဖြူဖြူကို ဘယ်လိုအသံထွက်သလဲ"

"/ဖျူဖျူ/ လို့ပဲအသံထွက်ပါတယ် ဆရာ"

"ဒီတော့ အသံမပြောင်းဘူးပေ့ါ"

"ဟုတ်ကဲ့ပါ ဆရာ"

"အဲဒီလိုပဲ 'ကြည်ကြည်လင်လင်' ဆိုတဲ့စကားမှာ /ကျီဂျီ/ လို့ အသံပြောင်းပေမယ့် လူနာမည် ကြည်ကြည်ကျတော့ အသံမပြောင်းဘူးမဟုတ်လား။ 'တင့်တင့်တယ်တယ်' ဆိုရင်လည်း /တင့်ဒင့်/ လို့အသံပြောင်းပေမယ့် လူနာမည် 'တင့်တင့်' ကျတော့ အသံမပြောင်းပြန်ဘူးမဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"လူနာမည်တွေမှာ ပုံသေပြောလို့မရတာတွေတော့ရှိတယ်။ ဆိုပါတော့။ 'မြင့်ကျော်' ဆိုတဲ့ နာမည်မှာ အသံမပြောင်းဘူး။ ထွန်းကျော်တို့၊ အောင်ကျော်တို့ကျတော့ / ထွန်းဂျော်/ /အောင်ဂျော်/ဆိုပြီး အသံပြောင်းပြန်ရော။ 'မောင်ကြီး' တို့ 'လှကြီး'တို့ ကျတော့လည်း/ မောင်ဂျီး/ /လှဂျီး/ ဆိုပြီး အသံပြောင်းပြန်ရော"

"ဆရာ၊ ဒါဆိုရင် အသံပြောင်းတဲ့ဥပဒေသမှာ ဘယ်အသံတွေကို တစ်ဆက်တည်း ဆိုရတယ်၊ ဘယ်အသံတွေကို ခြားပြီးတော့ဆိုရတယ်လို့ ဆုံးဖြတ်ရာမှာ ထည့်စဉ်းစားဖို့ တခြားအချက်တွေရှိဦးမလားမသိဘူး"

"ဟုတ်တယ်။ အဲဒီလိုထည့်စဉ်းစားထားရမယ့် အချက်တွေ နောက်ပိုင်းမှာ စဉ်းစားကြည့်ကြတာပေ့ါ။ အခုတော့ ထင်ရှားပြီးသား သာဓကတွေကို ဆက်စဉ်းစား ရဦးမယ်လေ"

"ဟုတ်ကဲ့ပါ"

"နောက်တစ်ခုက ဘာသာခြားက ယူထားတဲ့ မွေးစားစကားလုံးတွေဆိုရင်လည်း အဲဒီ ဥပဒေသနဲ့ အကျုံးမဝင်ဘူး"

"ဟုတ်ကဲ့ ဆရာ"

"အထူးသဖြင့်တော့ အင်္ဂလိပ်၊ ပြင်သစ်စတဲ့ အနောက်နိုင်ငံကရတဲ့ မွေးစားစကားလုံးတွေပေ့ါ။ အသုံးများတဲ့ စကားလုံးတွေ နမူနာကြည့်ရအောင်။ 'ပါတီ' 'ကောင်စီ' 'ကော်ဖီ' ဆိုတဲ့ စကားလုံးသုံးလုံးကိုကြည့်လေ"

"ဟုတ်ကဲ့ပါ"

"အဲဒီစကားလုံးတွေမှာ ရှေ့အသံနဲ့နောက်အသံကို တစ်ဆက်တည်းဆိုရတာပဲလေ။ ဥပဒေသ အရဆိုရင်တော့ 'ပါတီ' ကို 'ပါဒီ' လို့ အသံထွက်ရမှာပေ့ါ။ 'ကောင်စီ' ကို 'ကောင်ဇီ' လို့ အသံထွက်ရမှာပေ့ါ။ 'ကော်ဖီ' ကို 'ကော်ဗီ' လို့ အသံထွက်ရမှာပေ့ါ။ မဟုတ်ဘူးလား"

"ဟုတ်ပါတယ် ဆရာ"

"ခုတော့...အဲဒီလို အသံမပြောင်းတာမင်းတို့အသိပဲလေ။ ဒီတော့ အဲဒီ မွေးစားစကားလုံးတွေကိုတော့ မူလက ရွတ်ဆိုတဲ့အသံအတိုင်း ရွတ်ဆိုရတယ်။ အသံပြောင်းစရာ မလိုဘူးလို့ဘဲမှတ်ရမှာ ပေ့ါကွယ်"

"ဟုတ်ကဲ့ပါဆရာ"

"ကဲ....ဆက်ပြောကြသေးတာပေ့ါ"

မြန်မာ့ရိုးရာအားကစား

# ပထမတန်းလက်ဝှေ့ကျော်များကို ဥယျာဉ်မှူးပမာ မွေးထုတ်ပေးနေတဲ့ ရိုးရာလက်ဝှေ့လောကရဲ့ ထွန်းသွင်ကလပ်

**သတင်းဆောင်းပါး- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



ထွန်းသွင်ကလပ်မှ နည်းပြချုပ်နှင့် အားကစားသမားများကို တွေ့ရစဉ်

ယနေ့မြန်မာ့ရိုးရာလက်ဝှေ့လောက၏ အဓိကစိန်ခေါ်မှု တစ်ရပ်သည် မျိုးဆက်သစ်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်အတွင်းက မြန်မာမီဒီယာဂရု(ပ်) မှ ဦးဝဏ္ဏဦးစီးကာ မျိုးဆက်သစ်ပွဲများ လစဉ်နီးပါး စဉ်ဆက်မပြတ် ပြုလုပ်ခဲ့သည်မှာ ယခုဆိုလျှင် (၁၃) ကြိမ်မြောက်အထိ ကျင်းပခဲ့ပြီးဖြစ်သည်။ ယခုကဲ့သို့ မျိုးဆက်သစ်ပွဲများလုပ်ပေးသလို မျိုးဆက်သစ်အဖြစ် စင်ပေါ်တင်ပေးနိုင်မည့် ရိုးရာလက်ဝှေ့ကလပ်များ၏ မောင်းနှင်မှုသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေပြန်သည်။ အဆိုပါ မောင်းနှင်အားများထဲမှ ပထမတန်းလက်ဝှေ့ကျော်များကို ဥယျာဉ်မှူးပမာ မွေးမြူသွားရန် ထွန်းသွင်ကလပ်က စတင်အကောင်အထည်ဖော်နေပြီဖြစ်သည်။ ထွန်းသွင်ကလပ်သည် ဟန်ပြသဘောမျိုး မဟုတ်ဘဲ အမှန်တကယ်ပင် မျိုးဆက်သစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

ထွန်းသွင်ရိုးရာလက်ဝှေ့ကလပ်ကို ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက စတင်တည်ထောင်ခဲ့သည်။ ယခင်မုဒ္ဒုံသားကလပ်ကို ထွန်းသွင်ကလပ်ဟု ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ အကြောင်းမှာ ထွန်းသွင်ကလပ်ကို ပိုင်ရှင် ဦးသိန်းထွန်းက ရိုးရာလက်ဝှေ့ လောကမြင့်မားလာရေးအတွက် လစဉ် ငွေကြေး အကုန်အကျခံ ထောက်ပံ့နေခြင်းဖြစ်သည်။ တစ်ချိန်က အဆိုပါ ကလပ်သည် မုဒ္ဒုံသား ကလပ်အဖြစ် အခက်အခဲ အကျပ်အတည်း စိန်ခေါ်မှုများစွာနဲ့ ရပ်တည်လာခဲ့သည်မှာ ဆယ်စုနှစ်ကျော်၊ ဆယ့် ငါးခုနှစ် အထိ ပင်ဖြစ်သည်။ ယခု မြန်မာပြည် အ လွတ် တန်း လက်ရှိ ချန်ပီယံ ထွန်းထွန်းမင်း ကိုပင် ပထမ တန်း လက်ဝှေ့ကျော်မှတစ်ဆင့် ချန်ပီယံ ဖြစ် သည်အထိ မွေးမြူပေးခဲ့သည့် ကလပ် ဖြစ် သည်။ ထွန်းသွင်ကလပ်ကို တစ် ချိန် က ဘောက်စင်လောကနှင့် ရိုးရာ လက် ဝှေ့ လောကမှာပါ နာမည်ကြီး ချန်ပီယံ တစ်ဦးဖြစ်ခဲ့သည့် လက်ဝှေ့သမားဟောင်း သမိန်ရဲသွေးက နည်းပြချုပ်အဖြစ် ကိုင်တွယ်လျက်ရှိသည်။ နည်းပြချုပ် သမိန်ရဲသွေးသည် မုဒ္ဒုံဇာတိဖြစ်ပြီး ကွမ်းခြံကုန်းတွင် ကြီးပြင်းခဲ့ကာ တစ်ချိန်က မြန်မာ့ရိုးရာ လက်ဝှေ့လောကတွင် နာမည်ကြီးခဲ့သည့် သမိန်ဗရမ်း၏သားဖြစ်သည်။ ၁၁ နှစ်သားကတည်းက ဘောက်စင် စတင်ထိုးသတ်ခဲ့ပြီး တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ လေးမြို့နယ်လက်ရွေးစင်ဖြစ်ခဲ့၍ ရန်ကုန် ၁၀ မြို့နယ် အကောင်းဆုံးလက်ဝှေ့သမားဆုကို တစ်ချိန်က ဆွတ်ခူးခဲ့သူဖြစ်သည်။ ထို့အပြင် ရိုးရာလက်ဝှေ့လောကမှာလည်း ငယ်စဉ်ကတည်းက ဖခင်သင်ပေးခဲ့သည့် အခြေခံပညာရပ်တို့ကို အသုံးချကာ သမိန်ရဲသွေးနာမည်ဖြင့် ဒုတိယတန်းအထိ ပြည်တွင်း၊ ပြည်ပ ယှဉ်ပြိုင်ထိုးသတ်ခဲ့သူဖြစ်သည်။

ယခုအခါ သမိန်ရဲသွေး ဦးဆောင်သည့် ထွန်းသွင်ကလပ်သည် တစ်နှစ်ပင် မပြည့်သေးသော်လည်း လအနည်းငယ်အတွင်းမှာ မျိုးဆက်သစ် လက်ဝှေ့ကျော်များဖြစ်သည့် တိမ်တိုက်၊ ကိုကိုအောင်နှင့် ဆလိုင်းချမ်းမြေ့ကို စသည့် မျိုးဆက်သစ်လက်ဝှေ့ကျော်များကို မွေးထုတ်ပေးလျက်ရှိသည်။ အလားတူ မျိုးဆက်သစ်များကိုလည်း ဆက်လက်မွေးထုတ်ပေးလျက်ရှိရာ ပထမတန်းနှင့် လက်ရှိချန်ပီယံ ထွန်းထွန်းမင်းကဲ့သို့ မြန်မာပြည်အလွတ်တန်းချန်ပီယံကိုပင် နှစ်အနည်းငယ်အတွင်း မွေးထုတ်ပေးနိုင်ခဲ့ပြီး ကြိုတင်လေ့ကျင့်ပြင်ဆင်မှုများနှင့်အတူ ရိုးရာလက်ဝှေ့ မျိုးဆက်သစ်များ လေ့ကျင့်နိုင်ရန် ပစ္စည်းကိရိယာများကို ဝယ်ယူစုဆောင်းလျက်ရှိသည်။

"ကျွန်တော်တို့ ရိုးရာလက်ဝှေ့အနေနဲ့ နိုင်ငံတကာကို ထိုးဖောက်ဖို့ဆိုရင် တော်တော်လေး ကြိုးစားရဦးမှာပါ။ အများကြီး လိုအပ်နေပါသေးတယ်။ ဥပမာ ကစားသမားတွေရှုထောင့်ကပဲ ကြည့်မယ်ဆိုရင် အနေအထိုင်၊ အစားအသောက်၊ လေ့ကျင့်မှု၊ လေ့ကျင့်ကွင်း၊ လေ့ကျင့်ပစ္စည်းကအစ နိုင်ငံတကာနဲ့ နှိုင်းယှဉ်လိုက်ရင် အများကြီးလိုအပ်နေပါသေးတယ်။ နိုင်ငံတော်အနေနဲ့ကလည်း ထောက်ပံ့ ဖြည့်ဆည်းမှုတွေ၊ အားပေးမှုတွေကအစ လိုအပ်သလို ဟန်ပြသဘောလုပ်စားတဲ့လူတွေလည်း မရှိဖို့ လိုအပ်ပါတယ်။ ခုနောက်ပိုင်း ရိုးရာလက်ဝှေ့လောကထဲကို ဟန်ပြသဘောလုပ်စားတဲ့ စီးပွားရေးသမား တချို့ဝင်လာတာရှိပါတယ်။ တကယ်တော့ ဟန်ပြသဘောမျိုးမလုပ်ဘဲနဲ့ ရိုးရာကို တကယ်ပဲ တန်ဖိုးထား၊ မြတ်မြတ်နိုးနိုးနဲ့ ဦးဆောင်ဦးရွက်ပြုမယ်ဆိုရင် နိုင်ငံတကာအလယ်မှာ မွေထိုင်းလို အောင်မြင်မှာပါ။ ကျွန်တော်တို့ဆီမှာ ရိုးရာလက်ဝှေ့နဲ့ ပတ်သက်ပြီး စည်းကမ်းပိုင်း၊ ဥပဒေပိုင်းကအစ ဦးဆောင်တဲ့ သဘောတွေရော၊ ကျွန်တော်တို့ လိုနည်းပြတွေ၊ အားကစားသမားတွေပါမကျန် လိုက်နာမှုအားနည်းတာကို တွေ့ရတယ်။ ဥပမာ ကရင်ပြည်နယ်မှာ ပွဲကျင်းပတယ်။ အဖွဲ့ချုပ်မသိရဘူး။ တကယ်ဆို ဘယ်မှာပဲလုပ်လုပ် အဖွဲ့ချုပ်က သိနေပြီးတော့ နောက်ဆုံးဒိုင်အဖွဲ့ထဲမှာတောင် အနည်းဆုံး တစ်ယောက်လောက် ပါသင့်တာ။ ခုတော့ သွားထိုးတာ အဖွဲ့ချုပ်ကလည်း မသိရ၊ ပွဲလုပ်တာလည်းမသိရ။ ဖြစ်ချင်တိုင်း ဖြစ်နေတော့တာ။ ဒါတွေက ရိုးရာကို ကျဆင်းစေတဲ့အရာတွေပဲ"ဟု ထွန်းသွင်ကလပ်မှ နည်းပြချုပ် ကိုသမိန်ရဲသွေးက ရိုးရာလက်ဝှေ့နှင့်ပတ်သက်၍ သူ၏အမြင်ကို ပြောသည်။



ထွန်းသွင်ကလပ်မှ ကစားသမား တိမ်တိုက်လေ့ကျင့်နေစဉ်။

ယခုအခါ ထွန်းသွင်ကလပ်ကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူရိုးရာလက်ဝှေ့ရုံအတွင်း၌ မျိုးဆက်သစ်များအား နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် နည်းပြချုပ် သမိန်ရဲသွေး ဦးဆောင်ကာ တစ်နှစ်ပတ်လုံး လေ့ကျင့်ပေးလျက်ရှိသည်။ ထွန်းသွင်ကလပ်တွင် ကစားနေသော ဝိတ်တန်းအလိုက် မျိုးဆက်သစ်လက်ဝှေ့ကျော်များမှာ ၅၁ ကီလိုတန်းတွင် တိမ်တိုက်၊ ၅၄ ကီလိုတန်းတွင် ကိုကိုအောင်နှင့် ဇွဲရန်နိုင်၊ ၅၇ ကီလိုတန်းတွင် ဆလိုင်းချမ်းမြေ့ကို၊ ၆၀ ကီလိုတန်းတွင် ဇင်မင်းဦး၊ ၄၈ ကီလိုတန်းတွင် ရဲမျိုးတို့ လေ့ကျင့်ကစားလျက်ရှိသည်။

"တကယ်တော့ ခုကျွန်တော်တို့ဆီမှာ လိုအပ်နေတာ မျိုးဆက်သစ်ပါ။ မျိုးဆက်သစ်မရှိတော့ နာမည်ကြီးတွဲဆိုင်းတွေဆို ဒီလူတွေချည်းဖြစ်နေတာ။ စပွန်ဆာတွေအနေနဲ့ကလည်း ဟန်ပြသဘောမလိုက်ဖို့လိုပါတယ်။ တချို့ပံ့ပိုးသူတွေဆို နာမည်ရတဲ့ ကစားသမားတွေဆီပဲ ဟန်ပြသဘောမျိုးကျနေကြတာ။ တကယ်တော့ မျိုးဆက်သစ်တွေကိုအားပေးမှ ကူညီထောက်ပံ့မှ နောင်အနာဂတ်မှာ တောင့်တင်းတဲ့ ရိုးရာလက်ဝှေ့လောကတစ်ခုဖြစ်လာမှာပါ"ဟု သမိန်ရဲသွေးက ဆိုသည်။

ထွန်းသွင်ကလပ်တွင် မျိုးဆက်သစ်အားကစားသမား ၁၂ ဦးလေ့ကျင့်ပျိုးထောင်လျက်ရှိပြီး အဆိုပါကစားသမားများအနေဖြင့် ထိုးသည့်ပွဲစဉ်တိုင်းတွင် နည်းပြအား ၁၀ ရာခိုင်နှုန်းသာ ပေးဆောင်ရပြီး နေ့၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး လေ့ကျင့်ပေးလျက်ရှိသည်။ မျိုးဆက်သစ်လက်ဝှေ့သမားများကို အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာကအစ လက်ဝှေ့ပညာကို တန်ဖိုးထား လေ့ကျင့်ကစားတတ်စေရန် မိသားစုသာရေး၊ နာရေးမှအပ အိမ်ပြန်ခွင့်ကိုလည်း စည်းကမ်းနှင့်အညီ သတ်မှတ်ပေးထားကြောင်း သိရသည်။

"ကျွန်တော် ဒီထွန်းသွင်ကလပ်မှာ ကစားရတာပျော်ပါတယ်။ မုဒ္ဒုံသားကလပ်ကတည်းက ဆရာနဲ့ လက်တွဲလာတာပါ။ အခုအသက် ၁၈ နှစ်ရှိပါပြီ။ ဒီရိုးရာလက်ဝှေ့လောကမှာ ကိုစိုးလင်းဦးကို အားကျပါတယ်။ သူက မာဂုဏ်ရှိတယ်။ အသည်းကောင်းတယ်၊ တော်ရုံအရှုံးမပေးတတ်ပါဘူး။ ကျွန်တော်လည်း သူ့လိုလက်ဝှေ့သမားကောင်းတစ်ဦးဖြစ်အောင်ကြိုးစားသွားမှာပါ။ အနည်းဆုံး ပထမတန်းအဆင့်အထိ ရောက်အောင်တော့ ကြိုးစားမှာပါ။ စထိုးတုန်းကတော့ မိဘတွေကအားမပေးပေမယ့် ခုတော့ ကျွန်တော့်စိတ်တိုင်းကျ ကြိုးစားခွင့်ရသွားပါပြီ"ဟု ထွန်းသွင်ကလပ်တွင် လေ့ကျင့်ကစားနေသည့် ဇော်မျိုးထွန်း(ခ) တိမ်တိုက်က ပြောသည်။

တိမ်တိုက်သည် များမကြာမီကမှ လက်ဝှေ့လောကသို့ ရောက်လာသော်လည်း ယခုလက်ရှိမျိုးဆက်သစ်နယ်ပယ်တွင် တိမ်တိုက်ဟု နာမည်တစ်လုံးတွင်နေသည့် အားကစားသမားတစ်ဦးဖြစ်သည်။ တိမ်တိုက်သည် သထုံမြို့နယ် ရွာဦးရွာသားတစ်ဦးဖြစ်ပြီး ယခုလက်ရှိတွင် ၃၅ ပွဲယှဉ်ပြိုင်ထိုးသတ်ထားရာ ၂၅ ပွဲနိုင်၊ ၇ ပွဲသရေနှင့် သုံးပွဲရှုံးရလဒ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။ ၎င်းသည် လတ်တလော ထွန်းသွင်ကလပ်မှ မွေးမြူပေးလိုက်သည့် မျိုးဆက်သစ်လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

ထွန်းသွင်ကလပ်အနေဖြင့် ၎င်းကဲ့သို့ မျိုးဆက်သစ်များမွေးမြူလျက်ရှိရာ ဥယျာဉ်မှူးကောင်း၏ မျိုးဆက်သစ်များ များမကြာမီနှစ်အနည်းငယ်အတွင်း စင်ပေါ်သို့ မည်သည့်အတိုင်းအတာအထိ ရောက်ရှိလာမည်ကို စောင့်မျှော်ကြည့်ရှုရပေတော့မည်။

**ထွန်းသွင်ကလပ်သည် တစ်နှစ်ပင် မပြည့်သေးသော်လည်း လအနည်းငယ်အတွင်းမှာ မျိုးဆက်သစ်လက်ဝှေ့ကျော်များဖြစ်သည့် တိမ်တိုက်၊ ကိုကိုအောင်နှင့် ဆလိုင်းချမ်းမြေ့ကို စသည့် မျိုးဆက်သစ် လက်ဝှေ့ကျော်များကို မွေးထုတ်ပေးလျက်ရှိ**

# ဝေဒနာရှင်တို့အားထားရာ အရိုးရောဂါအထူးကုဆေးရုံကြီး

တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-မြင့်အောင်(စက်မှု-ဆေးဝါး)



ဒေါက်တာအောင်ဆွေ

နံနက်ပိုင်း နေမပြင်းခင် ဓာတ်ပုံရိုက်ရန် ကြည့်မြင်တိုင်မြို့နယ် အရိုးရောဂါအထူးကုဆေးရုံကြီးဝင်းအတွင်းသို့ ရောက်ရှိချိန် နံနက် ၈ နာရီခွဲခန့်ကပင် ပြင်ပလူနာဆောင် ရှေးဟောင်းအဆောက်အအုံအတွင်း၌သာမက နားနေဆောင်များ၌ပါ ဝေဒနာရှင်များစွာကို တွေ့လိုက်ရသည်။

ဆေးရုံဝင်းကြီးမှာ အကျယ်အဝန်းအားဖြင့် ၁၆ ဒသမ ၄၈ ဧက ကျယ်ဝန်းသည်ဟုသိရသည်။ ကြည့်မြင်တိုင်မြို့နယ်ဘက်အခြမ်း၌ ရုံးအဆောက်အုံများနှင့် ကုသဆောင်များရှိပြီး အတော်များများမှာ အင်္ဂလိပ်ခေတ်လက်ရာများဖြစ်ကြသည်။ အုတ်ရိုးနီနီဖြင့် အသားပေးအလှဆင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

အရိုးကုဆေးရုံကြီး အဆောက်အအုံများအား ၁၈၉၅ ခုနှစ်က ဗရင်ဂျီခရစ်ယာန်သာသနာပြု ဘုန်းတော်ကြီးများက တည်ဆောက်၍ သာသနာပြုဂေဟာအဖြစ် စတင်ဖွင့်လှစ်ခဲ့ကြောင်း မှတ်တမ်းများအရသိရသည်။ ၁၉၆၆ ခုနှစ်တွင် ပြည်သူပိုင်သိမ်းပြီးနောက် နာတာရှည်ဆေးရုံအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သည်ဟု သိရသည်။ ၁၉၇၆ ခုနှစ်တွင် အရိုးရောဂါကုဆေးရုံကြီးအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇန်နဝါရီလ၌ ခုတင် ၃၀၀ ဆံ့အရိုးရောဂါအထူးကုဆေးရုံကြီးအဖြစ် တိုးမြှင့်၍ကုသမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ကုသဆောင်များအဖြစ်အဆောင် ၁-၂-၃၊ လက်ပိုင်းဆိုင်ရာကုသဆောင်၊ ကျောရိုးပိုင်းဆိုင်ရာကုသဆောင်၊ အထောက်အကူပြုကုသဆောင်၊ ပြင်ပလူနာကုသဆောင် ဓာတ်မှန်၊ ဓာတ်ခွဲဆောင်၊ အခပေးလူနာဆောင် အေ-ဘီဟူ၍ ခွဲခြားတည်ဆောက်ထားသည်ကို တွေ့ရသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် ခုတင် ၅၀ ဆံ့ ကျောရိုးပိုင်းဆိုင်ရာ ကုသဆောင်ကြီးကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး၊ လိုအပ်သော ပြင်ဆင်မှုများပြုလုပ်၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဝေဒနာရှင်များကို စတင်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆွေက “ကျွန်တော်တို့ရဲ့ အရိုးရောဂါအထူးကုဆေးရုံကြီးမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့က အရိုးအကြောဝေဒနာရှင်တွေ အများဆုံးလာရောက်ကြတဲ့အပြင် တစ်နိုင်ငံလုံးက အရိုးနဲ့ဆိုင်ရာကုသမှုအတွက် အားထားရာဆေးရုံကြီးဖြစ်ပါတယ်။ ပြင်ပလူနာများရော၊ အတွင်းလူနာများပါ နေ့စဉ်အရေအတွက် ပိုမိုများပြားလျက်ရှိနေပါတယ်” ဟု ရှင်းပြသည်။

ထို့အတွက် ပြီးခဲ့သော ၂၀၁၅ ခုနှစ်အတွင်း၌လူနာစောင့်နားနေဆောင်များ၊ ဓာတ်ခွဲဆောင်များ၊ ခွဲစိတ်ခန်း (Septic OT)တိုးချဲ့ခြင်းနှင့် မြန်မာ့တစ်သျှူးဘဏ်အတွက် တိုးချဲ့ဆောင်များကို လိုအပ်ချက်နှင့်အညီ တိုးချဲ့တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆွေကပင် “ အခုကျွန်တော်တို့ဆေးရုံမှာ ပါမောက္ခများအပြင် အထူးကုဆရာဝန်ကြီးများနဲ့ ဆရာဝန်အင်အား ၈၀ ရှိပါတယ်၊ နောက် ဦးစီးအရာရှိရှစ်ဦး၊ သူနာပြု ၁၂၅ ဦးနဲ့အခြားဝန်ထမ်း ၁၅၂ ဦး စုစုပေါင်း ၃၆၅ ဦးရှိပြီး အချိုးအားဖြင့်ဆိုရင်တော့ ခွင့်ပြုခုတင်နဲ့ဆရာဝန်အချိုးက ၄ အချိုး ၁နဲ့ဆရာဝန်နဲ့ဆရာမအချိုးက ၁ အချိုး ၂ ရှိပြီးဝေဒနာရှင်များရဲ့ ကျန်းမာရေးကို ဆောင်ရွက်ပေးနေပါတယ် ” ဟု ရှင်းပြပေးသည်။

အသစ်ထပ်မံဖွင့်လှစ်လိုက်သော ကျောရိုးပိုင်းဆိုင်ရာ ခွဲစိတ်ဆောင်ကြီးတွင် နိုင်ငံတကာအဆင့်မီ ခွဲစိတ်ခန်း (Modular Operating Theatre) သုံးခန်း၊ နိုင်ငံတကာအဆင့်မီ အထူးကြပ်မတ်ကုသဆောင် ( Modular ICU) တို့ဖြင့် ကျွမ်းကျင်သော ဆရာဝန်ကြီးများက ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးလျက်ရှိနေသည်။

ဆရာဝန်ကြီးက “ ဆေးရုံကြီးကိုလာတဲ့ လူနာအများစုက ခါးနာခြင်းနဲ့ ခါးရိုးပိုင်းဆိုင်ရာဝေဒနာရှင်တွေ၊ ဒူးနာ၊ လည်ပင်းနဲ့ ပခုံးပိုင်းဆိုင်ရာ ဝေဒနာရှင်တွေ၊ အသက်အရွယ်ကြီးရင့်ပြီး၊ အရိုးပွ၊ အရိုးကျိုးဝေဒနာရှင်တွေ၊ ကြီးပေါင်းတက်ခြင်းဝေဒနာရှင်တွေ များပါတယ်” ဟု ဆိုသည်။

ဆေးရုံကြီး၌ မှန်ပြောင်းဖြင့် ကြည့်ရှု၍ ဒူးအတွင်း အစားထိုး ခွဲစိတ်ကုသခြင်း၊ ပေါင်ထိပ်ရိုးအစားထိုးကုသခြင်း၊ ကျောရိုးပိုင်းဆိုင်ရာ အဆင့်မြင့်ခွဲစိတ်ကုသခြင်း၊ မွေးရာပါကွေးစောင်းလူနာများအား ခွဲစိတ်ပြုပြင်ကုသခြင်း၊ လက်ချောင်းအစားထိုးခွဲစိတ်ကုသခြင်းနှင့် အဏုဇီဝ ခွဲစိတ်မှုများကို ယခုနှစ်အတွင်း ပိုမိုဆောင်ရွက်လာရကြောင်း ဆရာဝန်ကြီးက ပြောပြသည်။

ဆေးရုံကြီး၌ အရိုးလူနာများအတွက် လိုအပ်သော ဖြည့်ဆည်းမှုဖြင့် မြန်မာ့တစ်သျှူးဘဏ်ကို ၁၉၈၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည်။ နည်းပညာနှင့် အခြားလိုအပ်ချက်များ ရှိနေသေးသည့်တိုင် ယခုအချိန်အထိ တတ်နိုင်သမျှဖြည့်ဆည်း ထုတ်လုပ်လျက်ရှိသည့်အပြင် အခြားသောဆေးရုံများအတွက် Ammion Graft အထုပ် ၈၀ ခန့်နှင့် Bone Graft အထုပ် ၂၀ ခန့်ကိုလစဉ်ထုတ်လုပ်ပေးလျက်ရှိနေကြောင်း သိရသည်။

ဆရာဝန်ကြီးက “ကျွန်တော်တို့အရိုးရောဂါ အထူးကုဆေးရုံကြီးက ကုသရေးအပြင် သင်ကြားရေးဆေးရုံကြီး တစ်ရုံလည်းဖြစ်ပါတယ်။ ဆေးတက္ကသိုလ် (၁) ရန်ကုန်ရဲ့ သင်ကြားရေးဆေးရုံကြီးအနေနဲ့ ဘွဲ့ကြို၊ ဘွဲ့လွန်နဲ့ဆေးလက်တွေ့ ပါရဂူဘွဲ့အတွက်ကိုလည်း ပြည်တွင်း၊ ပြည်ပဆရာဝန်ကြီးများ ကိုယ်တိုင် သင်ကြားဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုအနေနဲ့ သူနာပြုတက္ကသိုလ် (ရန်ကုန်)က ဘွဲ့ကြို၊ ဘွဲ့လွန်သူနာပြုသင်တန်းများ အရိုးရောဂါအထူးပြု သူနာပြုဒီပလိုမာသင်တန်းသားများနဲ့ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်က ဓာတ်ခွဲနဲ့ ဓာတ်မှန်ဆိုင်ရာ ဘွဲ့လွန်နဲ့ ဘွဲ့ကြိုသင်တန်းသားများ၊ ကိုယ်လက်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆိုင်ရာဘွဲ့ကြို ဘွဲ့လွန်သင်တန်းသားများရဲ့ လာရောက်ဆည်းပူးရာပညာဗိမာန်ကြီးတစ်ခုပါပဲ” ဟု သင်ကြားရေးဆိုင်ရာနှင့်ပတ်သက်၍ ရှင်းပြခဲ့သည်။

အရိုးရောဂါ အထူးကုဆေးရုံကြီးတွင် ၂၀၁၅ ခုနှစ်အတွင်း၌ ဝေဒနာရှင် ၄၃၉၄ ဦးတို့အား အကြီးစားခွဲစိတ်မှုပြုပေးနိုင် သကဲ့သို့ အသေးစား ခွဲစိတ်မှုအဖြစ် ဝေဒနာရှင် ၄၁၅ ဦး စုစုပေါင်း ၄၈၀၉ ဦးတို့အား ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးနိုင်ခဲ့သည့်အပြင် အတွင်းလူနာ ၄၀၀၀၀ ကျော် ပြင်ပလူနာ ၉၀၀၀၀ ကျော်ကိုလည်း ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၅ခုနှစ် နိုင်ငံတော်၏ ဆေးဝါးအခမဲ့ကုသမှုအစီအစဉ်အရ ငွေကျပ်သိန်းပေါင်း ၁၃၀၀၀ ကျခံ၍ ပြင်ပလူနာများအားနှစ်ပတ်စာ ဆေးဝါးများထောက်ပံ့ခြင်း၊ ဓာတ်ခွဲစမ်းသပ်မှု ၃၅ မျိုးဖြင့် အခမဲ့စစ်ဆေးပေးခြင်း၊ ဓာတ်မှန်အခမဲ့ရိုက်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသသော အတွင်းလူနာများအား ရာနှုန်းပြည့်နီးပါး လိုအပ်သောဆေးဝါးများအခမဲ့ ထောက်ပံ့ခြင်း၊ လိုအပ်သောသွေးသွင်းကုသခြင်း၊ နေ့စဉ်လူနာ ၅၀ ခန့်အားထမင်း၊ ဟင်းအာဟာရများကို အခမဲ့ကျွေးမွေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ပြောင်းလဲလာသော ခေတ်စနစ်၊ အစိုးရတို့၏ မူဝါဒများအရ “ စရိတ်မျှပေး ကျန်းမာရေး”မှသည် ပိုမိုကောင်းမွန်သော ထောက်ပံ့မှုများဖြင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် ပြောင်းလဲလာပြီဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။



ကြည့်မြင်တိုင်မြို့နယ်ရှိ အရိုးရောဂါ အထူးကုဆေးရုံသစ်ကြီးကိုတွေ့ရစဉ်

# ကလေးဘဝ၌ ချို့တဲ့စွာနေထိုင်ရမှုသည် စိတ်ကျရောဂါဖြစ်ပွားမှုနှင့် ဆက်နွယ်နေ

ဘာသာပြန်-ကလျာမိုးမြင့်



ဆင်းရဲနွမ်းပါးတဲ့ မိသားစုဝင်များက ပေါက်ဖွားလာကြတဲ့ကလေးငယ်များဟာ ကြွယ်ဝချမ်းသာတဲ့ မိသားစုဝင်ကလေးငယ်များထက် ဦးနှောက်ချိတ်ဆက်မှုပိုင်းဆိုင်ရာပြောင်းလဲမှု ပိုမိုများပြီး စိတ်ဓာတ်ကျရောဂါ အဖြစ်နှုန်းများစေပါတယ်။ ဒီအချက်ကို ဝါရှင်တန်မှာရှိတဲ့ စိန့်လူးဝစ်ဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များက တွေ့ရှိခဲ့တာပါ။

ဒါကို ပထမဆုံးလေ့လာတွေ့ရှိရေးသားသူ စိတ်ပညာနဲ့ အာရုံကြောသိပ္ပံ၌ဌာနဥက္ကဋ္ဌ ဒန်နာအမ်ဘတ်ချ်နဲ့ လုပ်ဖော်ကိုင်ဖက်များက အဆိုပါတွေ့ရှိမှုကို Psychiatry အမေရိကန်ဂျာနယ်မှာ ပုံနှိပ်ဖော်ပြခဲ့ပါတယ်။

ဆင်းရဲချို့တဲ့စွာ မွေးဖွားလာတဲ့ ကလေးငယ်များမှာ ဦးနှောက်အတွင်း မီးခိုးရောင်နဲ့ အဖြူရောင် ဒြပ်ပစ္စည်းထုပါဝင်မှုဟာ ပြည့်စုံကုံလုံတဲ့ မိသားစုကနေ ဆင်းသက်လာတဲ့ ကလေးငယ်များနဲ့ နှိုင်းယှဉ်ရင် လျော့နည်းနေတာကို ပြီးခဲ့တဲ့နှစ်ကပုံနှိပ်ဖော်ပြခဲ့တဲ့ သုတေသနအဖွဲ့ရဲ့ မှတ်တမ်းများမှာတွေ့ရပါတယ်။ ဒါ့အပြင် အခုလို ဦးနှောက်ပိုင်းပြောင်းလဲမှုများဟာ ပညာသင်ကြားတတ်မြောက်မှုနည်းပါးခြင်းနဲ့ ဆက်နွယ်နေတာကို တွေ့ရပါတယ်။

ကလေးအရွယ်မှာ ဆင်းရဲချို့တဲ့စွာ ကြီးပြင်းလာရခြင်းကြောင့် ဦးနှောက်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများဖြစ်လာပြီး ဒေါသဖြစ်ခြင်းနဲ့ စိတ်ဓာတ်ကျဆင်းခြင်းဖြစ်ပွားဖို့ ဦးတည်နေပါတယ်။ စိတ်ပိုင်းဆိုင်ရာ နာမကျန်းဖြစ်မှုနဲ့ ညံ့ဖျင်းတဲ့ပညာသင်ကြားတတ်မြောက်မှုရလဒ်များ ဖြစ်လာစေနိုင်ပါတယ်။

ဝင်ငွေများပြားတဲ့ မိသားစုက မူကြိုအရွယ်ကလေးငယ်များနဲ့ နှိုင်းယှဉ်ရင် ဝင်ငွေနည်းပါးတဲ့ မိသားစုဝင်ကလေးငယ်များမှာ သင်ယူမှု၊ မှတ်ဉာဏ်နဲ့စိတ်ဖိစီးမှု အတက်အကျဆိုင်ရာ အရေးကြီးတဲ့နေရာဖြစ်တဲ့ ဟစ်ပိုကင်းပတ်စ်ဘယ်ဘက်အခြမ်းနဲ့ ဦးခေါင်းခွံအပေါ်ပိုင်း ယာဘက်ခြမ်းအကြား ချိတ်ဆက်မှုလျော့နည်းတာကိုတွေ့ရပါတယ်။

မူကြိုအရွယ်ကလေးငယ်များမှာ အခုလိုဦးနှောက်ပိုင်းဆိုင်ရာ ချိတ်ဆက်မှုအားနည်းခြင်းဟာ အသက်ကိုးနှစ်ကနေ ၁၀ နှစ်ရောက်လာတဲ့အခါမှာ စိတ်ပိုင်းဆိုင်ရာကျဆင်းမှုဖြစ်ပွားနှုန်းမြင့်တာကို တွေ့ရှိရပါတယ်။ ဒီထက်ပိုပြီးတွေ့ရှိရတဲ့ အချက်ကတော့ ဆင်းရဲနွမ်းပါးတဲ့ကလေးငယ်များဟာ မူကြိုအရွယ်မှာ ဦးနှောက်ချိတ်ဆက်မှုပိုင်းဆိုင်ရာ အားနည်းပြီး ကျောင်းနေအရွယ်မှာ စိတ်ကျဝေဒနာခံစားလာရတယ်လို့ သုတေသနအဖွဲ့က ဆိုထားပါတယ်။

အဖွဲ့ရဲ့ အစောပိုင်း သုတေသနပြုလေ့လာမှုများအရ ဆင်းရဲနွမ်းပါးခြင်းနဲ့ ဆက်နွယ်နေတဲ့ ဦးနှောက်ပိုင်းဖွဲ့စည်းမှုဆိုင်ရာ ပြောင်းလဲမှုအချို့ကို ကလေးငယ်ရဲ့ နေအိမ်ဝန်းကျင် ပိုမိုကောင်းမွန်လာအောင် မြှင့်တင်ပေးခြင်းဖြင့် ကျော်လွှားနိုင်တယ်လို့ ဆိုထားပါတယ်။

**ကလေးအရွယ်မှာ ဆင်းရဲချို့တဲ့စွာ ကြီးပြင်းလာရခြင်းကြောင့် ဦးနှောက်ပိုင်းဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်လာပြီး ဒေါသဖြစ်ခြင်းနဲ့ စိတ်ဓာတ်ကျဆင်းခြင်း ဖြစ်ပွားဖို့ဦးတည်နေ**

# မြန်မာ့ရိုးရာ နွားလှည်းဒုံးမောင်းပြိုင်ပွဲကျင်းပ

**တောင်ငူ မေ ၂၁**

တောင်ငူမြို့နယ် ကေတုမတီတောင်သူအကျိုးပြုစိုက်ပျိုးမွေးမြူရေး၊ ထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေး သမဝါယမလီမိတက်က ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ နွားလှည်းဒုံးမောင်းပြိုင်ပွဲကို စစ်တောင်းမြစ်အရှေ့ဘက်ကမ်းက ချောင်းကျေးရွာတွင် မေ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည်။**(ယာပုံ)**

အဆိုပါပြိုင်ပွဲသို့ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင် အကြီးတန်း ၁၀ ရှဉ်း၊ အငယ်တန်း ရှစ်ရှဉ်းတို့ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကျင်းပရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးယဉ်ဌေးက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှု နွားလှည်းမောင်းပြိုင်ပွဲများမတိမ်ကော မပပျောက်စေရန် တောင်သူလယ်သမားများ ခိုင်းနွား၊ ခိုင်းကျွဲများ အားစိုက်မွေးမြူလာစေရန်၊ တောင်သူအကျိုးပြုစိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းများတွင် အင်အားထည့်နိုင်ရေးအတွက် အားပေးကူညီသောအားဖြင့် မြန်မာ့ရိုးရာနွားလှည်းဒုံးမောင်းပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြိုင်ပွဲသို့ ဝါသနာရှင်များ ကျေးရွာသူ ကျေးရွာသားများ လာရောက် အားပေးခဲ့ကြကြောင်း သိရသည်။

**သူရ(တောင်ငူ)**



အမေရိကန်ကောလိပ်နှင့်တက္ကသိုလ်များ၊ စင်ကာပူအမျိုးသားတက္ကသိုလ် (NUS)နှင့် စင်ကာပူ၊ထိုင်း အင်ဂျင်နီယာကျောင်းများ၊ ဩစတြေးလျတက္ကသိုလ်များ၊ အင်္ဂလန်ဆေးတက္ကသိုလ်နှင့် အင်ဂျင်နီယာတက္ကသိုလ်များပါဝင်က တက္ကသိုလ်ပေါင်း (၁၀၀) ကျော်၏ သတင်းအချက်အလက်များရယူနိုင်မည့်

"၂၀၁၆ - နိုင်ငံတကာတက္ကသိုလ်များပညာရေးပြပွဲကြီး"



CROWN EDUCATION
Award Winning Company

27 May(Fri)
10:00 am - 2:00 pm
SUMMIT PARKVIEW HOTEL
(BALLROOM)

- စာသင်(၆)လ၊ အလုပ်သင်(၆)လ တက်ရောက်နိုင်သော ဟိုတယ်ခရီးဆိုင်ရာကျောင်းများ
- GCE A Level/SAT/GMAT/GRE ရမှတ်များ တင်ပြရန်မလိုဘဲ လျှောက်ထားနိုင်သော တက္ကသိုလ်များ
- M.B.B.S ဘွဲ့ရများအတွက် ဘွဲ့လွန်ဆေးပညာဘာသာရပ်များ
- ပြည်တွင်း M.B.B.S ဘွဲ့အမှတ် မမီသူများအတွက် နိုင်ငံတကာ M.B.B.S တိုက်ရိုက်သင်ယူနိုင်မည့်ကျောင်းများ
- Civil Engineering / Architecture သင်ယူနိုင်သောကျောင်းများ
- ဘွဲ့တစ်ခုခုရရှိထားသူများအတွက် အထူးပြုဘာသာရပ်များ စိတ်ကြိုက်ရွေးချယ်နိုင်ပြီး ပညာသင်ထောက်ပံ့ကြေး လျှောက်ထားနိုင်မည့် MBA
- ဆယ်တန်းအောင်နှင့် IGCSE အောင် ကျောင်းသားကျောင်းသူများအတွက် နှစ်သက်ရာဘာသာရပ်အစုံအလင် ရွေးချယ်နိုင်သည့် Diploma နှင့် Foundation Program များ

ပွဲတက်ရောက်သူများ ဖြီတီသျှကောင်စီနှင့် CROWN Educationတို့မှ ပေးအပ်မည့် 100% IELTS ပညာသင်ဆု လျှောက်ထားနိုင်ပါသည်။

CALL US : 01 527 838 - 09 732 732 77 - 09 730 40 688 - 09 450 200 090

ဝိတိုရိယ ဆေးရုံ
Victoria Hospital
Quality Care

High Tech
ENT Head & Neck Surgery
ONE STOP SOLUTION

မလေးရှားနိုင်ငံမှ
နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း
အထူးကုပါမောက္ခဆရာဝန်ကြီးက ဇွန်လ တွင် ခွဲစိတ်ကုသပေးမည့်အစီအစဉ်

- အသံဝင်ခြင်းနှင့် အသံကြိုးတွင် အသီးထသောရောဂါများကို Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- နားမကြားသည့်သူများအား ကမ္ဘာ့အဆင့်မြင့်နည်းပညာဖြင့် အမေရိကန်နိုင်ငံလုပ် အကြွမ်းခံ၊ ရေစိုခံ အတွင်းနားအာရုံကြောနှီးဆွစက် Cochlear Implant ကို ဝါရင့် ကမ္ဘာကျော်မလေးရှားမှခွဲစိတ်ဆရာဝန်ကြီးဖြင့် ယုံကြည်စိတ်ချစွာ ခွဲစိတ်ပေးခြင်း၊ ခွဲစိတ်ပြီးသည့်အခါ ကျွမ်းကျင်စိတ်ရှည်သော စကားပြောလေ့ကျင့်ပေးသည့် ဆရာမဖြင့် စနစ်တကျသင်ကြားပေးခြင်း။
- နှာခေါင်းရောဂါများကို တီဗွီမှန်ပြောင်းဖြင့် အဏုစိတ်ခွဲစိတ်ကုသပေးခြင်း။
- လည်ပင်းကင်ဆာများကို လိုအပ်သလိုခွဲစိတ်ကုသပေးခြင်း။

ဇွန်လ(၃)ရက်နေ့တွင်ပြင်ပလူနာများကို ကြည့်ရှုပေးသွားမည်ဖြစ်ပြီး ဇွန်လ (၄ နှင့် ၅)ရက်နေ့များတွင် ခွဲစိတ်ကုသပေးမည်။

လူဦးရေအကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးရန်လိုအပ်ပါသည်။

အသေးစိတ်စုံစမ်းမေးမြန်းလိုပါက - - - ၀၉၇၈၃၆၆၆၁၄၁ ~ ၁၄၄ - Extension: ၇၀၆၅ သို့ဆက်သွယ်နိုင်ပါသည်။

- ခွဲစိတ်ကုသလိုသူများသည် ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်ပါသဖြင့် မေလ (၃၀)ရက်နေ့ မတိုင်မီ လာရောက်တွေ့ဆုံရန်လိုအပ်ပါသည်။

Victoria Hospital
No.(68), Tawwin Road, 9 Mile, Mayangone Township, Yangon, Myanmar.
Fax : +95 1 9666 135
Email : info@witoriyahospital.com
Website : www.victoriahospitalmyanmar.com
Facebook : www.facebook.com / WitoriyaGeneralHospital
Hunt Line : +95 1 9666141
Hot Line : +95 9 783666141~144

## ပြည်ထဲရေးဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများတွင် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **မြန်မာနိုင်ငံရဲတပ်ဖွဲ့**။ ကချင်ပြည်နယ်(မိုးမောက်)၊ ကရင်ပြည်နယ်(ဘားအံ)၊ စစ်ကိုင်းတိုင်းဒေသကြီး(ကလေး၊ ကလေးဝ၊ ကသာ၊ မုံရွာ၊ စစ်ကိုင်း)၊ တနင်္သာရီ တိုင်းဒေသကြီး(ပုလော၊ တနင်္သာရီ၊ ဘုတ်ပြင်း)၊ ပဲခူးတိုင်းဒေသကြီး(ပဲခူး၊ ပြည်)၊ မကွေးတိုင်းဒေသကြီး(ငဖဲ၊မကွေး)၊ မန္တလေးတိုင်းဒေသကြီး (မိတ္ထီလာ၊ ချမ်းအေးသာဇံ၊ ရမည်းသင်း)၊ ရခိုင်ပြည်နယ် (မြောက်ဦး၊ ကျောက်ဖြူ၊ စစ်တွေ၊ မောင်တော)၊ ရန်ကုန်တိုင်းဒေသကြီး (ရန်ကင်း၊ ရွှေပြည်သာ၊ ကျောက်တန်း)၊ ရှမ်းပြည်နယ် (ကျိုင်းတုံ၊ တောင်ကြီး)၊ ဧရာဝတီတိုင်းဒေသကြီး(ဓနုဖြူ၊ ပုသိမ်၊ ကျောင်းကုန်း)၊ နေပြည်တော် (ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ)

(ခ) **အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**။ ရန်ကုန်တိုင်းဒေသကြီး(မင်္ဂလာဒုံ)

(ဂ) **အကျဉ်းဦးစီးဌာန**။ နေပြည်တော်(ဇမ္ဗူသီရိ)၊ ကချင်ပြည်နယ်(မိုးညှင်း)၊ မွန်ပြည်နယ်(မော်လမြိုင်)၊ ပဲခူးတိုင်းဒေသကြီး(ဒိုက်ဦး၊ပြည်)၊ ရှမ်းပြည်နယ် (သီပေါ)

(ဃ) **မီးသတ်ဦးစီးဌာန**။ မန္တလေးတိုင်းဒေသကြီး(ပြင်ဦးလွင်)၊ နေပြည်တော် (ပန်းတင်၊ ဘုရားတောင်၊ ဇလော၊ သာဝတ္ထိ၊ ဥတ္တရသီရိ၊ ပလွေး)

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၂၆-၄-၂၀၁၆ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၂၇-၅-၂၀၁၆ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို ရုံးအမှတ်(၁၀)၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့်ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | ဖုန်း-၀၆၇-၄၁၂၄၃၆၊ ၀၆၇-၄၁၂၄၃၇ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၄၁၂၁၃၈၊ ၀၆၇-၄၁၂၂၅၈ |
| (ဂ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဖုန်း-၀၆၇-၄၁၂၁၈၃၊ ၀၆၇-၄၁၂၀၇၄ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၄၃၁၄၁၆၊ ၀၆၇-၄၃၁၄၂၀ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၁-၆၆၁၅၄၄၊ ၀၁-၆၆၄၇၅၄ |

**တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ**

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် မိတ္ထီလာခရိုင်ဦးစီးမှူးရုံးတို့ရှိ ရုံးသုံးပရိဘောဂ ပစ္စည်း(၅)မျိုး၊ ရုံးသုံးစက်ကိရိယာပစ္စည်း (၂)မျိုး၊ ဌာနသုံး/လုပ်ငန်းသုံးပစ္စည်း(၅)မျိုး စုစုပေါင်းပုံသေပိုင်ပစ္စည်း(၁၂)မျိုးအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **တည်နေရာ** - မန္တလေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် မိတ္ထီလာခရိုင်ဦးစီးမှူးရုံး

(ခ) **တင်ဒါပုံစံရောင်းချရမည့်ရက်၊ အချိန်** - ၂၃-၅-၂၀၁၆ရက်မှ ၈-၆-၂၀၁၆အထိ ၀၉း၃၀ နာရီမှ ၁၆း၃၀နာရီအထိ

(ဂ) **တင်ဒါစည်းကမ်းရှင်းလင်းမည့် ရက်/အချိန်** - ၉-၆-၂၀၁၆ရက်၊ မွန်းတည့် ၁၂နာရီ

(ဃ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၆-၂၀၁၆ရက်၊ ၁၃း၀၀ နာရီ

(င) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

(စ) **Deposit ပေးသွင်းနိုင်သည့် ဘဏ်များ** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီး ဖြစ်ပါသည်။

(ဆ) **စာရင်းပေးသွင်းရမည့်နေရာ/ တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်

၂။ အဆိုပါပုံသေပိုင်ပစ္စည်း(၁၂)မျိုး၏မျက်မြင်အခြေအနေအား သက်ဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူးရုံးနှင့် ခရိုင်ဦးစီးမှူးရုံးသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၂-၃၆၃၃၈၊ ၀၂-၃၆၃၃၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးမှ သိုလှောင်ရုံ(၅)လုံး၊ မွန်ပြည်နယ်မှ သိုလှောင်ရုံ(၂)လုံး စုစုပေါင်းသိုလှောင်ရုံ(၇)လုံးတို့အား ဈေးပြိုင်တင်ဒါစနစ်ဖြင့် (မြေမပါ) ထုခွဲရောင်းချမည်ဖြစ်ပါသည်-

**Lot(1)** (က) **မကွေးတိုင်းဒေသကြီးမှ သိုလှောင်ရုံ(၅)လုံး**
(၁) (၈၀'×၄၀'×၁၂') (သွပ်၊သွပ်၊ကွန်) (မြ-၁) သိုလှောင်ရုံ(၁)လုံး၊ အရှေ့ပိုင်းရပ်၊ ပွင့်ဖြူမြို့
(၂) (၄၀'×၃၀'×၁၀') (သွပ်၊အုတ်၊ကွန်) (မြ-၂) သိုလှောင်ရုံ(၁)လုံး၊ အရှေ့ပိုင်းရပ်၊ ပွင့်ဖြူမြို့
(၃) (၈၀'×၄၀'×၁၂') (သွပ်၊ထရံ၊ထရံ) (မြ-၅) သိုလှောင်ရုံ(၁)လုံး ကုလားကုန်း၊ ပွင့်ဖြူမြို့နယ်

**Lot(2)** (ခ) (၄) (၈၀'×၄၀'×၁၂') (သွပ်၊ပျဉ်၊ပျဉ်) (မြ-၁၀) သိုလှောင်ရုံ(၁)လုံး၊ ကုန်းဇောင်း၊ ပွင့်ဖြူမြို့နယ်
(၅) (၈၀'×၄၀'×၁၂')(သွပ်၊ထရံ၊ထရံ) (မြ-၁၁) သိုလှောင်ရုံ(၁)လုံး၊ ရှောက်တော၊ ပွင့်ဖြူမြို့နယ်

**Lot(3)** (ဂ) **မွန်ပြည်နယ်မှ သိုလှောင်ရုံ(၂)လုံး**
(၁) (၁၄၀'×၄၂'×၁၂')(သွပ်၊ပျဉ်၊ပျဉ်)(မြ-၁)စက်(၀၃၅)ဝင်း၊ ပေါင်မြို့နယ်
(၂) (၁၄၀'×၄၂'×၁၂')(သွပ်၊ပျဉ်၊ပျဉ်)(မြ-၂)စက်(၀၃၅)ဝင်း၊ ပေါင်မြို့နယ်

(ဃ) **တင်ဒါပုံစံရောင်းချမည့်ရက် အချိန်** - ၂၃-၅-၂၀၁၆ရက်မှ၈-၆-၂၀၁၆ရက်အထိ နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီထိ

(င) **တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း** - ၉-၆-၂၀၁၆ရက် ၁၂း၀၀နာရီ

(စ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၉-၆-၂၀၁၆ရက် ၁၃း၀၀နာရီ

(ဆ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊မကွေးမြို့၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

(ဇ) **Depositပေးသွင်းနိုင်သည့် ဘဏ်များ** - တင်ဒါစည်းကမ်းသတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

(ဈ) **စာရင်းပေးသွင်းရမည့်နေရာ/ တင်ဒါတင်သွင်းရမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် ၅၂၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ(၇)လုံးတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၃-၂၃၁၉၇၊ ၀၅၇-၂၄၃၁၈တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စားသုံးသူရေးရာဦးစီးဌာန**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောက်လုပ်မည့် အဆောက်အအုံများ Pile ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် စည်းကမ်းတကျ ဆောင်ရွက်မှုရှိစေရန်၊ ဘေးပတ်ဝန်းကျင်ရှိ အဆောက်အအုံများ၊ လမ်းများ၊ ရေမြောင်းများ၊ ပလက်ဖောင်းများ ထိခိုက်မှုမရှိအောင် ဆောင်ရွက်စေရန်နှင့် အဆိုပါဆောင်ရွက်ချက်များကို တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန် အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ ထောက်ခံချက်ပေးထားသည့် Pile ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီ၂၅ခုအား လိုင်စင်ထုတ်ပေးခဲ့၍ ကြေညာခဲ့ပြီး ယခုထပ်မံ၍ ထောက်ခံချက်ရရှိသည့် အောက်ဖော်ပြပါ ကုမ္ပဏီ ၁၈ ခုအား လိုင်စင်ထုတ်ပေးထားပြီး ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | **ဟိန်းလင်းခန့်ကုမ္ပဏီလီမိတက်** | အမှတ် ၁၂၊ လေးလွှာ၊ ဖျာပုံလမ်း၊ ကျွန်းတောအလယ်ရပ်ကွက်၊ စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၁၄၄၅၄၊ ၀၉-၅၀၂၀၂၁၈ |
| (ခ) | **အရဏ်ဦးဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်** | အမှတ် ၆၀၈/ဘီ၊ ၆၀၉/အေ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၅၈၂၉၄၊ ၀၁-၅၅၈၃၂၁၊ ၀၁-၅၅၅၂၆၉ Email:ahyoneoo@myanmar.com.mm ahyoneoo1985@gmail.com |
| (ဂ) | **MYANMAR ZHI DE GEOTECHNICAL ENGINEERING SERVICES CO.,LTD.** | အမှတ် ၂၂/အေ၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ် ဖုန်း-၀၉-၄၃၁၉၄၉၂၈ |
| (ဃ) | **Myat Mi Ba Company Limited** | အမှတ် ၁၁၁၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ် ဖုန်း-၉၅-၁-၂၃၀၅၃၈၅၊ ၅၁၆၂၁၂၊ ၆၈၂၇၁၀၊ ၇၀၆၈၈၃၊ ၀၉-၅၁၂၄၅၉၀ E-mail:headoffice@myatmiba.com |
| (င) | **CAPITAL LEASING LTD.** | အမှတ် ၄၀၃/အေ၊ C8၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ် ဖုန်း-၀၉-၉၇၇၉၂၁၆၆၂ |
| (စ) | **DELIGHT PILING CO., LTD.** | အမှတ် ၀၀၈၊ (ဘီ)ဘလောက်၊ နှင်းဆီလမ်း၊ (၆)ရပ်ကွက်၊ Highway Complex, ကမာရွတ်မြို့နယ် ဖုန်း-၀၁-၅၂၃၈၃၆၊ ၀၁-၅၃၂၀၂၈ Email:info@delightengg.com, delightconstruction2009@gmail.com |
| (ဆ) | **Taw Win Family Construction Co.,Ltd.** | အမှတ်၄၅၊တော်ဝင်စင်တာ၊ ပြည်လမ်း၊ ပြည်အနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ဖုန်း-၀၁-၈၆၀၀၀၃၄၊ ၀၁-၈၆၀၀၀၃၅၊ ၀၁-၈၆၀၀၀၃၆၊ ၀၁-၈၆၀၀၀၃၇ Email:tawwinfamily09@gmail.com |
| (ဇ) | **GREAT MYANMAR SERVICES** | အမှတ်၄၆၉၊ မန္တလေးလမ်း၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၅၁၅၇၈၇၈၊ ၀၉-၇၃၀၅၁၈၉၈၊ ၀၉-၇၉၄၁၁၆၃၁၃ |
| (ဈ) | **GEO FOUNDATIONS & CONSTRUCTION CO.,LTD.** | အမှတ် ၁၉၂/အေ၊ သစ္စာလမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဖုန်း-၀၉-၄၄၀၄၇၂၅၂၆၊ ၀၉-၄၂၁၀၁၁၆၁၅၊ ၀၁-၂၃၃၆၃၈၇ |
| (ည) | **Mate Swe Taw Concrete Pole, Construction & Engineering Co.,Ltd.** | အမှတ် ၇၄၊ တပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဖုန်း-၀၁-၆၈၆၇၈၄၊ ၀၉-၅၁၂၉၂၈၂၊ ၀၉-၅၁၃၃၂၈၀ E-mail:import.mst@gmail.com. uthanwinmst@gmail.com |
| (ဋ) | **GEOLAB(MYANMAR) CO.,LTD.** | အမှတ်(၄၁၃/၄၁၄)၊ အောင်သစ္စာလမ်း၊ (၄၈)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဖုန်း-၀၉-၅၀၇၇၁၅၃၊ ၀၉-၈၆၂၅၀၆၈၊ ၀၉-၅၀၀၃၂၈၁ E-mail:csc1999@gmail.com, geolab.myanmar@gmail.com |
| (ဌ) | **GD Myanmar Co.,Ltd.** | အမှတ် ၃၂၊ ပိတောက်ရိပ်သာ(၁)လမ်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံမြို့နယ် ဖုန်း-၀၉-၂၅၄၂၃၃၃၄ E-mail:gdmyanmar.co@gmail.com |
| (ဍ) | **Myanmar Zhong Fei Company Limited** | အမှတ်၁/၈၊ ဓမ္မာရုံလမ်း၊ ဘောက်ထော်ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဖုန်း-၀၉-၇၈၀၅၀၉၅၁၁၊ ၀၉-၂၅၀၄၃၄၅၅၈၊ ၀၉-၂၅၀၉၈၀၈၆၉၊ ၀၉-၄၅၃၄၀၃၅၂၄ |
| (ဎ) | **CJ PILING (MYANMAR) CO.,LTD** | အမှတ် ၅၇-၅၈၊ အခန်း ၄၀၂၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၉၃၉၉၄၊ ၀၉-၅၁၁၄၈၇၅ E-mail:zawaung238@gmail.com, lsdg172@gmail.com |
| (ဏ) | **Dragon Power Engineering Co.,Ltd.** | အမှတ် ၂၀၅၊ အနော်ရထာလမ်း၊ လှိုင်သာယာစက်မှုဇုန်၊ လှိုင်သာယာမြို့နယ် ဖုန်း-၀၁-၉၆၄၈၀၈၆၊ ၀၉-၄၂၈၀၂၄၀၀၂၊ ၀၉-၅၀၁၉၄၆၉ E-mail:kyawswar.min@umgroups.com |
| (တ) | **KBG Piling & Construction Co.,Ltd.** | အမှတ် ၁၀၁၈၊ သီရိရိပ်သာကွန်ဒို၊ ၉မိုင်၊ မရမ်းကုန်းမြို့နယ် ဖုန်း-၀၉-၄၂၀၁၁၉၂၀၇၊ ၀၉-၄၂၅၂၈၄၇၇၁ |
| (ထ) | **Tek Bumi Co.,Ltd.** | အမှတ် ၂၁၂/၂၁၅၊ Ground Floor၊ စံပယ်မာဃလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ် ဖုန်း-၀၉-၅၁၅၃၄၄၁၊ ၀၁-၅၁၂၆၉၅ |
| (ဒ) | **Asia Geotechnique International Limited** | အမှတ် ၄၃/W၊ သီရိမွန် ၈လမ်း၊ သီရိမွန်အိမ်ရာ၊ (၁၅)ရပ်ကွက်၊ လှိုင်မြို့နယ် ဖုန်း-၀၁-၆၈၁၇၇၁၊ ၀၁-၆၈၁၈၆၃၊ ၀၉-၇၉၇၇၁၉၆၇၂၊ ၀၉-၉၇၃၀၇၈၆၁၂ |

၂။ ၁-၁-၂၀၁၆ ရက်မှစ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်တင်ပြရာတွင် ဤကော်မတီမှအသိအမှတ်ပြု Pileရိုက်ခြင်းလုပ်ငန်း လိုင်စင်ရယူထားသည့် ကုမ္ပဏီများကိုသာ လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အထပ်မြင့်အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြမည့်သူများ သိရှိနိုင်ပါရန်နှင့် Pile ရိုက်ခြင်းလုပ်ငန်းလိုင်စင်လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများအနေဖြင့်အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၏ ထောက်ခံချက်ပူးတွဲတင်ပြ၍ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၊ (၁၀)ထပ်ရုံးသို့ ရုံးချိန်အတွင်းလာရောက်၍ ကိုယ်တိုင်သော်လည်းကောင်း၊ဖုန်း-၀၁-၃၇၄၀၇၇၊ ၀၁-၃၇၄၀၅၅ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးမပြုတော့သည့် အောက်ဖော်ပြပါပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်သဖြင့် တင်ဒါစာအိတ်များကို ၂၁-၆-၂၀၁၆ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | အမှတ်စဉ် | ပစ္စည်းအမျိုးအမည် | တည်နေရာ |
|---|---|---|---|
| ၁ | ၁/၂၀၁၆ | ပွန်တွန်းအဟောင်း (၈၀'×၁၈'×၇')<br>ပွန်တွန်းအဟောင်း (၈၀'×၂၀'×၇') | ဓနိတောပင်မဌာနကြီး |
| ၂ | ၂/၂၀၁၆ | ယာဉ်/စက်ယန္တရားများနှင့် လုပ်ငန်းသုံးပစ္စည်း အဟောင်း စုစုပေါင်း(၁၇)မျိုး | ဓနိတောပင်မဌာနကြီး သာကေတဌာနခွဲ |

၂။ တင်ဒါပုံစံစည်းကမ်းချက်များကို ၂၃-၅-၂၀၁၆ ရက်မှစတင်၍ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ဓနိတောနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၉၂၊ ၀၆၇-၄၁၁၂၈၄၊ ၀၆၇-၄၁၁၄၈၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာဝန်များအနက် ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ ပညာသင်စည်းမျဉ်းစည်းကမ်းများ၊ ခံဝန်ချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနသို့ လျော်ကြေးပေးလျော်ရန် တာဝန်ရှိသူများထဲမှ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် လျော်ကြေးငွေများကို ယနေ့ထိ လာရောက်ပေးလျော်ခြင်းမရှိပါသဖြင့် ၁၀-၆-၂၀၁၆ ရက် နောက်ဆုံးထား၍ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ လျော်ကြေးငွေများအား လာရောက်ပေးသွင်းကြပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးလျော်ခြင်းမပြုပါက၊ တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားရေးမှူးချုပ်**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန**

| စဉ် | အမည်/ရာထူး/ဌာန | ဆမ လိုင်စင်နံပါတ် | လျော်ကြေးငွေ အမျိုးအစား | ပေးလျော်ရမည့် လျော်ကြေး | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဒေါက်တာအောင်မျိုးဦး | ဆမ-၁၇၉၇၁ | ဘွဲ့လွန်လျော်ကြေး | (၂၅)သိန်း | |
| ၂။ | ဒေါက်တာမျိုးမြင့်အောင် | ဆမ-၁၉၈၁၆ | ဘွဲ့လွန်လျော်ကြေး | (၂၅)သိန်း | |
| ၃။ | ဒေါက်တာတင်ဌေးနိုင် | ဆမ-၁၈၁၃၅ | ဘွဲ့လွန်လျော်ကြေး | (၂၅)သိန်း | |
| ၄။ | ဒေါက်တာနန်းယုဝေ | ဆမ-၁၇၁၁၀ | ဘွဲ့လွန်လျော်ကြေး | (၂၅)သိန်း | |
| ၅။ | ဒေါက်တာဖြိုးပပဝေ | ဆမ-၁၉၀၉၀ | ဘွဲ့လွန်လျော်ကြေး | (၂၅)သိန်း | |
| ၆။ | ဒေါက်တာနန်းစိန်အေး | ဆမ-၁၆၈၇၀ | ဘွဲ့လွန်လျော်ကြေး | (၂၅)သိန်း | |

## မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် သစ်နှင့် သစ်တောထွက်ပစ္စည်းဆိုင်ရာ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အနာဂတ်ခရီးအလုပ်ရုံဆွေးနွေးပွဲ
## ဖိတ်ကြားခြင်း

မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ် သစ်နှင့် သစ်တောထွက်ပစ္စည်းဆိုင်ရာ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အနာဂတ်ခရီးခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်၍ အသင်းဝင်လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၉-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - မွန်းလွဲ ၂း၀၀နာရီမှ ညနေ ၄း၀၀နာရီ
**ကျင်းပမည့်နေရာ** - အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊UMFCCI မင်္ဂလာခန်းမ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်**

## ကျောက်စိမ်း၊ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်နေသူများ အားလုံးသို့ အသိပေးနှိုးဆော်ခြင်း

အထူးကုန်စည်ခွန်ဥပဒေအရ ၁-၄-၂၀၁၆ရက်တွင် စတင်သက်ရောက်သော်လည်း သက်ဆိုင်ရာဌာနများမှ လုပ်ငန်းရှင်များအား အသိပေးရှင်းလင်းမှုဆောင်ရွက်သည့် ၂၀၁၆ မေလကုန်အထိ လုပ်ငန်းမှတ်ပုံတင်ရန်အတွက် ဆောင်ရွက်ချိန်သတ်မှတ်ထားပါသည်။ ယင်းကာလတွင် ဒဏ်ငွေတပ်ရိုက်ခြင်းအား ကင်းလွတ်ခွင့်ပြုထားမည် ဖြစ်ပါသည်။

၁-၆-၂၀၁၆ရက်မှစ၍ ပျက်ကွက်မှုများကို ဒဏ်ငွေတပ်ရိုက်မည်ဖြစ်ပါသဖြင့် ကျောက်မျက်ရတနာလုပ်ငန်းလုပ်ဆောင်နေသူများ နစ်နာမှုမရှိစေရန် လုပ်ငန်းမှတ်ပုံတင်ခြင်းအား ၂၀၁၆ ခုနှစ် မေလမကုန်မီ အပြီးဆောင်ရွက်ထားကြပါရန် မိမိတို့လုပ်ငန်းရှိရာ မြို့နယ်အခွန်ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် လေးစားစွာ အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်တော်ကြွေပြားခင်း အလှူခံနိုးဆော်ပန်ကြားခြင်း

ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်ဦး၊ ဆံတော်စစ်ရတနာ ကိန်းဝပ်တော်မူရာ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီ တော်မြတ်ကြီး ရင်ပြင်တော်နှင့် ပရိဝုဏ်တွင် ပိုမိုတင့်တယ် သပ္ပါယ်ကြည်ညိုမှုရှိစေရန် ရင်ပြင်တော်တစ်ခုလုံးအား ကြွေပြား/ ကျောက်ပြားများကို အသစ်ပြန်လည်ခင်းကျင်းမည်ဖြစ်ပါ၍ ကြွေပြား/ကျောက်ပြားများ တစ်ပေပတ်လည်လျှင် ၃၀၀၀ိ- (ကျပ်သုံးထောင်)ဖြင့် လည်းကောင်း၊ မိမိစေတနာ သဒ္ဓါတရား အလျောက်လည်းကောင်း၊ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ အသင်းအဖွဲ့အလိုက်ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ပါကြောင်း စေတနာရှင်၊ အလှူရှင်များအား လေးစားစွာ အသိပေးနှိုးဆော် အပ်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**

## (၂၉) နှစ်ပြည့် မင်္ဂလာဆုတောင်း

မေ ၂၂ ရက်တွင် ကျရောက်သော ဖေဖေ ဦးဝင်းသော် ညွှန်ကြား ရေးမှူးချုပ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မေမေဒေါ်သီတာဦးတို့၏ (၂၉)နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် နောင်ရာသက်ပန်တိုင် မိသားစုနှင့် အတူ ကျန်းမာပျော်ရွှင်စွာဖြင့် ဘဝခရီးအား လျှောက်လှမ်းနိုင်ပါစေ။

**ချစ်သမီးကြီး ဝင့်ဖူးသော်(ဖူးဖူး)** ME(Civil)
**ချစ်သမီးငယ် ဖူးပွင့်သော်(ပိုး၃)**
**-BA(Hons):(Business and management**
**Myanmar Imperial Collage**
**-Second Year(English)Yangon**
**University of Distance Education**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လယ်ဝေးမြို့နယ် အထက (၁၇) အောင်စည်လာ အဋ္ဌမတန်းမှ မောင်ဇော်ဇေယျာပြည့်နှင့် ဆဋ္ဌမတန်းမှ မနွေးဇာခြည်ပြည့်တို့၏ ဖခင် ဦးဇော်ဝင်း(ခ)ဦးညီညီနိုင် ၇/ရတရ(နိုင်) ၀၀၂၉၄၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

မြိတ်မြို့၊ ဘုရားကိုင်ရပ်၊ မီးသွေးဖောင်းလမ်းနေ မောင်အောင်ကျော်ထူး၏ အမည်မှန်မှာ မှတ်ပုံတင်အရ မောင်ကျော်ထူးဖြစ်ပါကြောင်း။

**မောင်ကျော်ထူး**
**၁၀/သထန(နိုင်)၁၅၁၈၂၆**

## ငွေရတုမင်္ဂလာဆုတောင်း

အနန္တကျေးဇူးရှင်များဖြစ်ကြသည့် ပါပါ ဦးရွှေထွန်းကျော်နှင့် မေမေဒေါ်သိန်းသိန်းဌေးတို့၏ ၂၂-၅-၂၀၁၆ရက်တွင် ကျရောက်သည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရတုအဆက်ဆက်တိုင်အောင် သမီးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာနေထိုင်ပြီးဘာသာသာသနာအကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

**ချစ်သမီးကြီး - ဒေါက်တာ မေသန္တာကျော် M.B.,B.S.(MDY)**
**ချစ်သမီးလတ် - မမေအိန္ဒြာကျော် (BE.EC)**
**ချစ်သမီးငယ် - မမေရတနာကျော် (ဆေးတက္ကသိုလ်-မန္တလေး)**

## သမက်တက်မင်္ဂလာပွဲပြီးစီးကြောင်း

ရသေ့တောင်မြို့နယ်၊ စေတီပြင်ရွာနေ
ဦးမောင်စောဝင်း-ဒေါ်မသန်းနုတို့၏သားကြီး
**မောင်မောင်ကိုနိုင်**
**B.E(Mechanical)**
**Cargo Officer**
**Ocean Tankers Pte.Ltd, Singapore**
**နှင့်**
စစ်တွေမြို့၊ ကျောင်းကြီးလမ်း၊ မကျည်းမြိုင်ရပ်ကွက်၊ အမှတ် (၂/၂၁)နေ
ဦးသိန်းကျော်မောင် (S.SAE၊ လမ်းအထူးအဖွဲ့-၁၇)-ဒေါ်ဦးခင်လှတို့၏သမီးလတ်
**မဌေးဌေးသိန်း**
**B.E (Electrical)**
**JE-2, MRTV**
တို့သည် ၁၅-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့၌ **သမက်တက်မင်္ဂလာပွဲပြီးစီးပါကြောင်း။**

**မောင်မောင်ကိုနိုင်-မဌေးဌေးသိန်း**

## ရှားရှားပါးပါး
## စော်ဘွားကြီးကုန်းဈေးကွက် နှစ်ခန်းတွဲ နှစ်ထပ်ခွဲ ဆိုင်ခန်း (ဘဏ်၊ Showroom ကြီးများအတွက် သင့်တော်)

မျက်နှာဖွင့် ၅၆ ပေ၊ နှစ်ထပ်ခွဲ(အပေါ်ထပ်ကွန်ကရစ်ဆလပ် အပြည့်လောင်းပြီး)၊ အောက်ထပ်အမြင့် ၁၅ပေခန့်၊ အပေါ်ထပ်အမြင့် ၁၂ ပေခန့်၊ မီတာနှစ်လုံး၊ Showroom အတွက် မီး ၈၀% ဆင်ပြီး၊ နောက်မြေပို ၁၀ ပေခန့်၊ **Showroom ရှေ့ သီးသန့်** ကားရပ်ရန် အဆင်ပြေ။

| | | |
|---|---|---|
| - **မျက်နှာဖွင့်** | - | ၂၈ပေ×၂ထပ်ခွဲ-သိန်း ၁၁၀၀၀ |
| - **မျက်နှာဖွင့်** | - | ၅၆ပေ×၂ထပ်ခွဲ-သိန်း ၂၂၀၀၀ |

(ရုံးချိန်အတွင်း-၀၉-၈၆၅၀၃၂၁၃၆၊ ၀၉-၇၃၁၇၇၅၅၇

## ကိုးဘွဲ့ရ ရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာ ခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ အလှူတော် ငါးသောင်းကျပ်၊ (၂)ကျောင်း အလှူတော် ငါးသောင်းကျပ်၊ (၃)သိမ် အလှူတော် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ အလှူတော် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း အလှူတော် ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် အလှူတော် ငါးသောင်းကျပ်နှုန်းဖြင့်-
ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ-မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်၊ အကောင့်နံပါတ် ၀၇၀-၁၂-၁၀၀-၇၃-၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။
Ph: 09 78 78 77 969 , 09 78 78 87 969 , 09 21 10 30 5 , 09 787 6666 70

## ပုလဲရတုမင်္ဂလာဆုတောင်း

ပါးပါး ပါမောက္ခ ဦးတင်ဦး(ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)နှင့် မေမေ ဒေါ်စောလှဝင်း(ကထိက၊ အင်္ဂလိပ်စာဌာန၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)တို့၏ ၂၂-၅-၂၀၁၆ ရက်တွင် ကျရောက်သော အနှစ် (၃၀)ပြည့်ပုလဲရတုမင်္ဂလာရက်မြတ်မှသည် ချစ်သားများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ဆောင်ရွက်ရင်း ဘဝခရီးလမ်းကို ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ကြပါစေ။

**သားကြီး** - **ဟိန်းစိုးထွန်း** **Administrative Assistant (Ambassador's Secretariat), Embassy of Italy**
**သားငယ်** - **ညီပြည့်ဦး** **Supervisor (A.M.K Home Decorations**

## ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက (၂)၊ သတ္တမတန်း (B)(အောင်)မှ မချောရတနာ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့် ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အထက(ဟိုပင်)၊ အဋ္ဌမတန်း (အောင်) မှ မောင်ရွှေထက်တန်၏ ဖခင်အမည်မှန်မှာ ဦးကိုလွင် ၁/မညန(နိုင်)၁၁၀၃၇၉ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်စိုးစိုးလွင်(ခ)ဒေါ်မြတ်မြတ် ၁/မကတ(နိုင်)၀၆၁၄၃၈၏ ပတ်စ်ပို့အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၄၅၂၂၈၁**

## ရောင်းရန်ရှိသည်

စတိုးဆိုင်သုံး ရေခဲသေတ္တာ၊ စင်၊ ယစ်မျိုးလိုင်စင်၊ ကောင်တာ၊ စီစီတီဗွီနှင့်မော်နီတာ၊ မီးစက် 20KVA ပစ္စည်းများ ရောင်းရန်ရှိသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၅၂၂၁၉၇၁၅၊**
**၀၉-၇၈၆၅၄၅၀၀၃**

## ပျောက်ဆုံးကြောင်း

မော်တော်ယာဉ်အမှတ် AYY EE/7223 တိုယိုတာပရိုဘောက် အဖြူရောင်(အငှားယာဉ်) ပျောက်သွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၉၂၁၂၇၊**
**၀၉-၂၅၀၆၄၅၅၃၀**



# ဆိုင်ကလုန်းမုန်တိုင်း ရွန်နူ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ချင်းပြည်နယ်သို့ စတင်ဝင်ရောက် အညိုရောင်အဆင့်သတ်မှတ်ကာ စစ်ကိုင်းတိုင်းဒေသကြီးဖြတ်ကျော်ပြီး အားလျော့မည်ခန့်မှန်း



ဆိုင်ကလုန်းမုန်တိုင်း ရွန်နူ၏အရှိန်ကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့ ပွိုင့်အပန်းဖြေစခန်း၌ လှိုင်းလုံးများ ရိုက်ခတ်နေမှုကို တွေ့ရစဉ် (ဓာတ်ပုံ-မောင်မောင်စိုး)

**နေပြည်တော်  မေ  ၂၁**

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ရွန်နူ (ROANU) သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို စစ်တကောင်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးနောက် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် မြန်မာနိုင်ငံ ချင်းပြည်နယ်ကို စတင်ဖြတ်ကျော်ဝင်ရောက်လျက်ရှိသဖြင့် လက်ရှိအခြေအနေကို အညိုရောင်အဆင့် သတ်မှတ်ထားသည်။

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ်သည် နောက် ၁၂ နာရီအတွင်း ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်ပြီးနောက် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။ ယင်းမုန်တိုင်းငယ်သည် ချင်းပြည်နယ်သို့ ဖြတ်ကျော်စဉ် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ ၃၅ မိုင်မှ မိုင် ၄၀ ခန့် တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။

*စာမျက်နှာ ၇ ကော်လံ ၁* ■

## တနင်္ဂနွေဖတ်စရာများ


ရန်ကုန်ရှေးဟောင်းအဆောက်အအုံများ၏ရာဇဝင်

**အိန္ဒိယဘဏ်ဖြစ်ခဲ့ဖူးသည့် ၁၀၂ နှစ် သက်တမ်းရှိ အဆောက်အအုံ မြန်မာ့စီးပွားရေးဘဏ်ခွဲ (၃)** စာမျက်နှာ-၁၉

ခရီးသွားဆောင်းပါး

**မြိတ်ဆီသို့** စာမျက်နှာ-၂၀


## အနောက်တောင်မုတ်သုံလေဝင်ရောက်

**နေပြည်တော်  မေ  ၂၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ထုတ်ပြန်ချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်း ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## ပရီမီယာလိဂ်ချန်ပီယံ လက်စတာ မြန်မာနိုင်ငံသို့ ယနေ့လာရောက်မည်

**ရန်ကုန်  မေ  ၂၁**

မကြာမီက ကျင်းပပြီးစီးသွားသည့် ၂၀၁၅-၂၀၁၆ ရာသီ အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့သည့် လက်စတာစီးတီးအသင်းသည် မေ ၂၂ ရက် (ယနေ့) ညနေပိုင်းတွင် ရန်ကုန်မြို့ သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

လက်စတာအသင်းသည် ရန်ကုန်မြို့သို့ အောင်ပွဲခံခရီးစဉ်အတွက် လာရောက်ခြင်းမဟုတ်ဘဲ ရွှေတိဂုံဘုရားဖူးမြော်ရန် လာရောက်ခြင်းဖြစ်သည်။ လက်စတာအသင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိမည်ဖြစ်ပြီး ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ကာ ညတွင်းချင်း ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ *စာမျက်နှာ ၁၄ ကော်လံ ၄* ❐





ပရီမီယာလိဂ်ချန်ပီယံ လက်စတာအသင်းအောင်ပွဲခံနေစဉ်
ဓာတ်ပုံ-Premier League.com



## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

**ရက် ၁၀၀ အတွင်း ပို့ဆောင်ရေးကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍတို့မှာ ဘယ်လိုအပြောင်းအလဲတွေ မြင်တွေ့နိုင်ကြမလဲ**

သတင်းဆောင်းပါး - ခင်ရတနာ၊ ဓာတ်ပုံ - ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန စာ-၁၆၊ ၁၇